www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

## တဲ့

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အတွင်းဖလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)
မျက်နှာဖုံးဒီဇိုင်း - ရဲလေး
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၅၊ ဇွန်လ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂(B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၈

၈၉၅ .၈၃
မိုးစက်ပိုင်
တဲ့/မိုးစက်ပိုင်။ – ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၅ ။
၁၅၇ – စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) တဲ့

www.burmeseclassic.com

www.burmeseclassic.com

# သတိ

ဤဝတ္ထုထဲတွင် ဥပဒေကို ချိုးဖောက်သည်ဟု ယူဆရသော
ဇာတ်လမ်းဇာတ်ကွက်များ ပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တကယ်တော့ ဒီဖြစ်စဉ်နှစ်ခုဟာ တိုက်ဆိုင်ပတ်သက်စရာ အကြောင်း တစ်ခုမှကို မရှိဘူး။

အဲဒီနေ့က ကျွန်တော့်ဟာကျွန်တော် လမ်းကြုံတာနဲ့ နိုင်ငံတော်ဖားကြီးဆီသို့ မနက်စောစောရောက်သွားတယ်။ နိုင်ငံတော်ဖားကြီးဆိုတာက ကျွန်တော်နဲ့ ကျောင်းအတူတက်ခဲ့တဲ့ သူငယ်ချင်း။ ဒီကောင့်နာမည်ရင်း ဇော်မောင်။ ဒါပေမဲ့ ...သူ့ကို ဘယ်သူမှ နာမည်ရင်းမခေါ်ကြဘူး။ နိုင်ငံတော်မှာ ... နိုင်ငံတော်မှာနဲ့ ချိချိပြီးပြောလွန်းလို့ နိုင်ငံတော်ကို ဖားတဲ့ နိုင်ငံတော်ဖားကြီးလို့ နာမည်တွင်ခဲ့တာ။ ခုတော့ နိုင်ငံတော်ဖားကြီးက သူ့အလုပ်ကိစ္စနဲ့ နေပြည်တော်ကို ခဏခဏရောက်လို့ သူ့ကို နေပြည်တော် ဖားကြီးလို့ ခေါ်ပါလားဆိုပြီး အဆိုတင်သွင်းသေးတယ်။ မင်း ...ရှုချင်



www.burmeseclassic.com

www.burmeseclassic.com

လို့လားလို့ ပြန်ပြောလိုက်မှ ဒီကောင် ငြိမ်သွားတာ။ ကျွန်တော့်မှာ နိုင်ငံတော် ဖားကြီးအပြင် ရတနာသိန်းထိုက်အောင်ဆိုတဲ့ ဘော်ဒါတစ်ယောက် ရှိသေးတယ်။ အဲဒီကောင်ကတော့ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေလို့ ကျွန်တော်နဲ့ ဖားကြီးတို့လို အားယားနေတဲ့ကောင်တွေနဲ့ သိပ်မဆုံဖြစ်ဘူး။ ကဲ . . . အဲဒီ အကြောင်းကို ထားဦး။

စကားပြန်ကောက်ရရင် အဲဒီနေ့မနက်က ကိုယ့်ထမင်းကိုယ်စားပြီး ကျွန်တော် ဖားကြီးဆီကိုရောက်သွားတယ်။ ရောက်ပြန်တော့ ဖားကြီးက အိမ်ထဲအဝင်မခံဘူး။ ကျွန်တော့်ကို အိမ်အဝမှာနေစေပြီး လက်ဖက်ရည်ဆိုင် သွားရအောင်ဆိုပြီး လှမ်းပြောတယ်။ သွားပေ့ါ။ ဒါနဲ့ပဲ နှစ်ယောက်သား ရှည်လျားလွန်းတဲ့ သူတို့ရပ်ကွက်ထဲကို ဖြတ်လာခဲ့ကြတယ်။

လမ်းလျှောက်လာရင်းနဲ့ ဖားကြီးက အငြိမ်မနေဘူး။ အဲ့လိုပြောလို့ လမ်းတစ်လျှောက် "က" လာတာမျိုးလည်း မဟုတ်ပြန်ဘူး။ သူ့စိတ်ထဲ ပေါ်လာတဲ့ အကြောင်းအရာမှန်သမျှ ကျွန်တော့်နားထဲ တုတ်နဲ့ထိုးသလို ရွတ်ပြောလာတာ။ ကြားဖူးနားဝတွေပေ့ါ။

"ဘီယာအခြောက်တဲ့ကွာ၊ မင်း ကြားဖူးလား သစ်ဦး"

လုပ်လာပြန်ပြီဆိုတဲ့ပုံစံနဲ့ ကျွန်တော် ဖားကြီးကို ကြည့်လိုက်တယ်။ ပြီး . . . ခပ်တည်တည်ပဲ။

"မင်းကလည်းကွာ၊ ဘီယာအခြောက်ဆိုတာက ဘီယာဆိုင်တွေမှာ ပရိုမိုးရှင်းလုပ်ပေးတဲ့အခြောက်တွေနေမှာပေ့ါ။ ဒီမှာဆိုရင်တော့ ဘီယာ ပရိုမိုးရှင်းက မိန်းကလေးပဲလုပ်တာလေ။ ယိုးဒယားမှာတော့ မင်းပြောတဲ့ ဘီယာအခြောက် ရှိလောက်တယ်"


www.burmeseclassic.com

www.burmeseclassic.com


စကားအဆုံးမှာ နိုင်ငံတော်ဖားကြီးက တဟားဟားရယ်လိုက်တယ်။ ရယ်သံကိုက ကျွန်တော့်ကို လှောင်ပြီးရယ်တာမျိုးပဲ။ သူတောင်းစားက။ ပြီး ... ဒင်းကပဲ နှိမ်သလိုလို ပြန်ပြောလာတယ်။

"ဒီတစ်ခါတော့ မင်းညံ့သွားပြီ သစ်ဦး။ မင်းက စာတိုပေစတွေ ဖတ်တဲ့ကောင်ဆိုတော့ "ဘီယာအခြောက်" ဆိုတာလောက်ကို သိမယ်လို့ ထင်ထားတာကွ။ မသေမချင်းမှတ်ထား သစ်ဦး။ ဘီယာခြောက်ဆိုတာ ဘီယာအဖြစ် လုပ်သောက်လို့ရတဲ့ ခေါက်ဆွဲခြောက်လို အခဲမျိုးကွ၊ သိပြီလား"

ဘာလို့ မသိရမှာလဲ။ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ... အသာလေး ဆက်မှိန်းနေပြီး ပြန်မေးလိုက်တယ်။

"ဟုတ်ပါပြီ ဖားကြီးရာ။ ဒါနဲ့ ဘီယာအခြောက်ကို ဘယ်လိုလုပ်ရတာလဲ။ ပြီးတော့ ... ဘီယာပြန်ဖြစ်အောင် ဘယ်လိုလုပ်ရတာလဲ၊ လင်းစမ်းပါဦး"

ဖားကြီး အရယ်ရပ်သွားတယ်။ အားရနေတဲ့မျက်နှာကြီးကလည်း တည်သွားတယ်။

"ဟာ ... အဲဒီနည်းစနစ်တွေတော့ ဘယ်သိမှာလဲကွ။ ဘီယာအခြောက်ရှိတယ်ဆိုတာသိတာနဲ့တင် ဗဟုသုတ တော်တော်ကြွယ်နေပြီ။ မင်း ရပ်ကွက်ထဲ လျှောက်မေးကြည့်၊ ဘီယာအခြောက်ဆိုတာကို သိတဲ့လူ ရှိလားလို့"

အရေးထဲ ဖားကြီးက ကြဲဖန်ဂုဏ်ယူနေသေးတယ်၊ ဝါးလုံးခေါင်းထဲ လသာချင်တဲ့ဖားကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဪ . . . အေး . . . ဟုတ်တာပေါ့ကွာ။ ငါတောင် ဘီယာအကြောင်း နည်းနည်းပဲသိထားတာကွ"

ဖားကြီး ပြုံးလာပြန်တယ်။ တစ်ဆက်တည်းပဲ။

"အဲလိုလုပ်စမ်းပါ သစ်ဦးရာ . . . ပြောစမ်းပါဦး။ မင်းသိထားတဲ့ ဘီယာအကြောင်းလေးကို"

မြန်မာဘီယာ၊ တိုက်ဂါးဘီယာ၊ ဒဂုံဘီယာ စသည်ဖြင့် ကျွန်တော် ရွတ်ပြလိုက်ဖို့ စဉ်းစားလိုက်ပါသေးတယ်။ လေကြောရှည်နေမှာစိုးလို့ လိုရင်းပဲ ပြောလိုက်တယ်။

"ငါ သိသလောက်ကတော့ ဘီယာကို ပထမဆုံးစသောက်တဲ့ လူမျိုးကတော့ ဘေဘီလိုနီယမ်းလူမျိုးတွေပဲကွ။ သူတို့နိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးထောင်လောက်ကစပြီး ဘီယာကို သောက်ခဲ့ကြတာလို့ ငါ စာထဲဖတ်ဖူးတယ်"

ဖားကြီး လမ်းလျှောက်နေရင်းက မျက်လုံးနည်းနည်းပြူးလာတယ်။ ဟုတ်လို့လားဆိုပြီး ပြန်မမေးရဲဘူး။

ကျွန်တော် ဆက်ပြောလိုက်တယ်။

"ဒါပေမဲ့ . . . အင်္ဂလန်နိုင်ငံမှာတော့ ဆယ့်ငါးရာစုနှစ်အလယ်ပိုင်း ခေတ်ရောက်တဲ့အထိ ဘီယာကို ဘယ်သူမှ မသောက်ကြသေးဘူးကွ"

"အင်္ဂလန်မှာ ဘီယာ မပေါ်သေးလို့လား"

"မဟုတ်ဘူး။ ဟော်လန်နိုင်ငံကနေ တင်ပို့လို့ ဘီယာက အင်္ဂလန်မှာ ရောက်နေပြီ။ ဒါပေမဲ့ . . . အင်္ဂလန်ကလူတွေက ဘီယာဟာ ကျန်းမာရေးကို ထိခိုက်နိုင်တယ်ဆိုပြီး မသောက်ကြတာ"

www.burmeseclassic.com


"ဟာကွာ ... အင်္ဂလန်တွေကလည်း"

ဖားကြီးက အင်္ဂလန်လူထုကြီးအတွက် မချင့်မရဲ ရေရွတ်လိုက်သေးတယ်။ သူကပဲ ဆက်ပြီး ...

"ဒါဆို အင်္ဂလန်မှာ ဘီယာက တော်တော်နဲ့ မပေါက်ဘူးပေါ့ ... အဲလိုလား"

"ပြောမယ်လေ၊ ၁၄၃၆-ခုနှစ် အင်္ဂလန်နိုင်ငံရဲ့ ဆဋ္ဌမမြောက် ဟင်နရီဘုရင်လက်ထက်ကျမှ ဘီယာဟာ ကျန်းမာရေးအတွက် ဆေးတစ်ပါးဖြစ်မယ်ဆိုပြီး ဘုရင်ကိုယ်တိုင် ကြေညာချက် ထုတ်ပြန်လိုက်မှ ယုံယုံကြည်ကြည်နဲ့ စသောက်ကြတာကွ"

ကျွန်တော့်စကားဆုံးတော့မှ ဖားကြီးဟာ တော်သေးတာပေါ့ ဆိုတဲ့ပုံစံနဲ့ သက်ပြင်းချလိုက်တယ်။ ပြီး ... တွေးတွေးဆဆနဲ့ ပြန်ပြောလာသေးရဲ့။

"ဟာ ... အဲဒါဆိုရင် နိုင်ငံတော်မှာ နိုင်ငံတော်သမ္မတက မိဘပြည်သူတွေကို နွားနို့ဟာ ကျန်းမာရေးနဲ့ ညီညွတ်တယ်ဆိုပြီး နွားနို့သောက်ခိုင်းတဲ့သဘောမျိုးပေါ့နော် သစ်ဦး"

နှိုင်းယှဉ်တတ်လိုက်တာ နိုင်ငံတော်ဖားကြီးရာလို့ပဲ ကျွန်တော်အောင့်သက်သက် တွေးလိုက်မိတယ်။ အင်္ဂလန်နဲ့ ဘီယာအကြောင်းပြောနေတာကို ဒင်းက သမ္မတကြီးရဲ့နွားနို့နဲ့ သွားချိတ်ဆက်ပစ်လိုက်တယ်။

"အေးပါကွာ ... မင်းပြောသလိုမျိုးပဲ သမ္မတရဲ့ စေတနာတွေပေါ့ကွာ။ ခုနက မင်းပြောတဲ့ ဘီယာအခြောက်ဆိုတာကတော့ ဒေါက်ကြီးဖြစ်ခင်တုန်းက ဂျာမဏီဘီယာကို အခြောက်ခံတဲ့နည်း စတီထွင်ခဲ့တာကွ။


www.burmeseclassic.com

www.burmeseclassic.com

နည်းကတော့ ရိုးရိုးလေးပဲ။ ဘာလီစေ့တစ်မျိုးကို စွန်ပလွန်သီးပျော့ပျော့နဲ့ ရောမွှေပြီး နေပူထဲမှာ အခြောက်လှန်းထားတာ။ အဲဒါကို ဘီယာခြောက်လို့ ခေါ်တယ်။ ခရီးသွားတဲ့အခါ ယူသွားပြီး ရေနဲ့ဖြစ်ဖြစ် ခေါ်ဒါနဲ့ဖြစ်ဖြစ် ရောလိုက်ရင် ဘီယာဖြစ်သွားရောတဲ့''

ကျွန်တော့်စကားဆုံးတော့မှ ဖားကြီးဟာ ခေါင်းတဗျင်းဗျင်း ကုတ်တယ်။ လမ်းလျှောက်ရင်း လက်နှစ်ဖက်နဲ့ စုံကုတ်တာမို့ မြိုင်မြိုင် ဆိုင်ဆိုင်လည်း ရှိလှပါတယ်။ အားရပါးရ ခေါင်းကုတ်ပြီးမှ ကျွန်တော့်ကို ဟီးခနဲ ရယ်ပြလာပြီး ...

''အဟီး ... မင်းကလည်း၊ သိထားတဲ့ကိစ္စကို စောစောစီးစီး ပြောပြတာမဟုတ်ဘူး''

''မသိဘူးလေကွာ၊ မင်းများ ရှင်းပြမလားလို့ နားထောင်ကြည့် ရသေးတာပေါ့။ ခုလို ငါရှင်းပြလိုက်တော့ မင်းသေတဲ့အထိ မှတ်မိ သွားပြီမလား''

''အေးပါကွာ ... အေးပါ''

ညောင်နာနာလေသံနဲ့ ပြန်ဖြေလာရင်း ဖားကြီးက နှာခေါင်းရှုံ့ လိုက်သေးတယ်။ နောက်ထပ်လည်း ဘာအကြောင်းအရာကိုမှ ကျွန်တော့်ကို ဆက်မပြောလာတော့ဘူး။ ပြောဖို့ကြံစည်ထားရင်တောင်မှ ခေါင်းထဲက ထုတ်လိုက်ပုံရတယ်။

အဲဒီလို စကားဆက်မပြောဖြစ်ကြတော့ဘဲ ကိုယ့်ခြေထောက် နဲ့ကိုယ် လျှောက်လာကြတဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ အသံစူးစူးလေး တစ်ခုကြောင့် ခြေလှမ်းကိုယ်စီရပ်ပြီး လှမ်းကြည့်မိလိုက်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com 

"ဟဲ့"

လှမ်းခေါ်တာလို့ ပြောလို့ရတဲ့ အာမေဋိတ်ပြုသံလေးကြောင့် ကျွန်တော်နဲ့ဖားကြီး လှမ်းကြည့်လိုက်မိတယ်။ မြင်လိုက်ရတာကတော့ ဖြူဖြူသွယ်သွယ်နဲ့ ချစ်စဖွယ် ခေတ်ပေါ်ကောင်မလေးတစ်ယောက်။ သူ့ရဲ့ မဟာဗလလေးနဲ့ ဆလွန်းကားတစ်စီးကို နောက်မြီးကနေ တွန်းရင်း ကျွန်တော်တို့ဆီ အသံပြုလိုက်တာပါ။

ကျွန်တော်နဲ့ဖားကြီးလည်း သူ့ခေါ်သံလေးကြောင့် တစ်ယောက်နဲ့တစ်ယောက် အရင်ကြည့်လိုက်မိကြသေးတယ်။ ဘာလဲပေါ့။ အဲဒီအချိန်မှာပဲ . . .

"ဟဲ့ . . . နင်တို့ကို ခေါ်နေတာလေ။ ဒီမှာ ကားလာကူတွန်းပေးဦး။ မိန်းကလေးတစ်ယောက် ကားတွန်းနေတာ သိပ်များကြည့်ကောင်းနေလားမသိဘူး"

ဒီတစ်ခါတော့ "ဒဲ့" ပြောပြီဆိုတာ နှစ်ယောက်စလုံး သိလိုက်ကြတယ်။ အသံကတော့ ခပ်စွာစွာပဲ။ မိန်းကလေးဆိုတော့လည်း ကူညီရတာပေါ့ဆိုတဲ့အတွေးနဲ့။

"တဲ . . . နိုင်ငံတော်ဖားကြီးရေ . . . ဟိုမှာ မုန့်ဟင်းခါးစားဖို့တော့ ခေါ်နေပြီကွ၊ လာကွာ"

ဖားကြီးက ဒီနေရာမျိုးမှာ နှစ်ခွန်းမပြောရပါဘူး။ ကျွန်တော့်နောက်က လိုက်ပါလာတယ်။

ကောင်မလေးအနားရောက်တော့ ရေမွှေးနံ့လိုလို၊ ကိုယ်သင်းနံ့လိုလို အနံ့သင်းသင်းလေးတစ်ခု ရတယ်။ သူကလေးက ကားနောက်ပိုင်းရဲ့

www.burmeseclassic.com

အလယ်တည့်တည့်က တွန်းနေတော့ ကျွန်တော်နဲ့ဖားကြီးလည်း သူကလေးရဲ့ ဘေးတစ်ဖက်တစ်ချက်စီကနေ ဝန်းရံလိုက်တယ်။

ကောင်မလေးက ကျွန်တော်တို့နှစ်ယောက်ဘက်ကို တစ်လှည့်စီ ကြည့်ပြီး အရင်ပြုံးပြလိုက်တယ်။ ပြီးမှ ...

"ကျေးဇူးပဲနော် ... တွန်းလိုက်ရအောင်"

ပြောပြီး သူက အရင် ဆတ်ခနဲ "စ" တွန်းလိုက်တာမို့ ကျွန်တော် တို့လည်း အလိုက်သင့် တွန်းပေးလိုက်ကြတယ်။ ကားတွန်းနေရင်းနဲ့ စဉ်းစားမိတယ်။ ကြည့်ရတာ ... သူကိုယ်တိုင် တွန်းနေပုံထောက်ရင် ကား ခေါင်းခန်းထဲမှာက သူ့ထက် အသက်ကြီးတဲ့ သူ့အဖေ ဒါမှမဟုတ် အမေပဲ ဖြစ်ရမယ်။ တော်ရုံတန်ရုံကောင်မျိုးကတော့ ကားခေါင်းခန်းထဲ အခန့်သား ထိုင်ပြီး ဒီလို လှတီးလှတ ရည်းစားကောင်မလေးကို ကားမတွန်းခိုင်းလောက် ဖူးလေ။

ကားတွန်းရင်း အရှိန်လေးရလာတော့ ကျွန်တော်ကပဲ ဆော်ဩ လိုက်တယ်။

"အရှိန်ရနေပြီဗျ ... ကားစက်နှိုးခိုင်းလိုက်တော့လေ"

ကျွန်တော့်အပြောကြောင့် ကောင်မလေးဟာ ကားတွန်းနေရာ ကနေ ဆတ်ခနဲ ရပ်လိုက်ပြီး ...

"ဟဲ့ ... ဘယ်သူ့ကို ကားစက်နှိုးခိုင်းရမှာလဲ"

"ဟာ ... မင်းကလည်း၊ ကားထဲက လူကိုပေါ့ကွ"

ပြောရင်းနဲ့ပဲ ကားကိုတွန်းနေရသေးတယ်။ အဲဒီတော့မှ ကောင်မ လေးက ခပ်တည်တည်ဟန်လေးနဲ့ ...

www.burmeseclassic.com


"ကားထဲမှာ ဘယ်သူမှမရှိတာကို"

"ဘာ"

ရေရွတ်ရင်း ကျွန်တော် ကားတွန်းနေတာကို ရပ်လိုက်တော့ ဖားကြီးကလည်း ရပ်လိုက်တယ်။ စိတ်ထဲ မသိမသာ စိတ်တိုသွားရပြီး –

"မင်းကွာ ... ကားထဲမှာ မောင်းမယ့်သူမရှိဘဲ ကားတွန်းခိုင်းရလားကွ။ ဒီလိုသာတွန်းနေလို့တော့ လူသေသွားတောင် ကားက စက်နိုးမှာ မဟုတ်ဘူး"

"အာ့ဆို ... ဘယ်လိုလုပ်ရမှာလဲ"

အရေးထဲ မသိတဲ့ပုံစံလေးနဲ့ လာပြန်မေးနေသေးတယ်။ ကျွန်တော်က ...

"ဟာ ... မင်းကလည်း။ မင်း ကားမမောင်းတတ်ဘူးလား"

"မောင်းရုံလေးပဲ မောင်းတတ်တာ ဟဲ့ ... စွတ်ကောမနေနဲ့"

သူကတောင် စွာတေးလန်တဲ့ပုံစံနဲ့ ပြန်အော်လာသေးတယ်။ အဲဒီပုံစံကတောင် လုတီးလုတလေးဖြစ်နေလို့ ကျွန်တော် စိတ်လျှော့လိုက်ရင်း ...

"အဲဒါဆိုရင်လည်း မင်း ကားပေါ်တက်ပြီး စက်နှိုးပေး။ ငါတို့ ဆက်တွန်းပေးမယ်။ ဟုတ်ပြီလား"

"ပြီးရော"

စူပွပွပြောပြီး ကျွန်တော်တို့အနားကနေ ကားရှေ့ဘက်ကို လျှောက်သွားလေရဲ့။ ကျွန်တော်နဲ့ဖားကြီးလည်း တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပခုံးကိုယ်စီတွန့်လိုက်မိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကားရှေ့ဘက်ဆီကနေ တံခါးဖွင့်ပိတ်သံ ကြားပြီးမှပဲ ကျွန်တော်က ဖားကြီးကို ကားပြန်တွန်းဖို့ အချက်ပြလိုက်တယ်။ နောက်တစ်ခါ လာပြန်ပဟော့ပေါ့။

ဒီတစ်ကြိမ်တွန်းရတာက နှစ်ယောက်တည်း ဖြစ်နေတဲ့အပြင် ကားထဲမှာလည်း ဟိုကောင်မလေးရှိနေတော့ ပိုအားစိုက်ရသလိုပဲ။ ဘယ်လိုပဲဖြစ်ဖြစ် တွန်းတာတော့ တွန်းနေရပါပြီ။ ဒီတစ်ကြိမ် ထပ်တွန်းလို့ အရှိန်လေးရနေချိန်မှာပဲ။

"ဟာ . . . ဟော့ကောင်တွေ ရပ်ကြစမ်း။ ငါ့ကားကို ဘာဖြစ်လို့ တွန်းနေကြတာလဲ။ ကားသူခိုးတွေ ရပ်လိုက်"

ရုတ်တရက်ဆိုသလို နောက်ဘက်ဆီက ကြားလိုက်ရတဲ့ အသံနက်ကြီးကြောင့် ကျွန်တော်နဲ့ ဖားကြီးလည်း ကားတွန်းနေတာကို ရပ်ပြီး နောက်လှည့်ကြည့်လိုက်မိတယ်။ လား လား . . . နည်းတဲ့လူအုပ်ကြီး မဟုတ်ဘူး။ ဆယ့်လေးငါးယောက်လောက် ရှိမယ်။ ဒေါသထွက်နေတဲ့ လူအုပ်ကြီးဆိုတာမျိုးများလား။

ကျွန်တော်လည်း ကြောင်တက်တက်နဲ့ . . .

"ဟော့ကောင်ဖားကြီး . . . ငါတို့ကို ကားသူခိုးဆိုပြီး ပြေးလိုက်လာကြပြီ၊ ဘယ်လိုလုပ်မလဲ"

ဖားကြီးကလည်း အရေးပေါ် အူတီးအူကြောင်ကောင်ပဲ။ ကျွန်တော့်ကို ကြောင်စီစီပြန်ကြည့်ပြီး . . .

"အေး . . . ဟုတ်တယ်ကွ၊ သစ်ဦး . . . ငါတို့က ကားခိုးလာတာလား"


www.burmeseclassic.com

www.burmeseclassic.com


"အာ ... မင်းကလည်းတစ်မျိုး"

အရေးပေါ် ဒူးတိုက်ဆွေးနွေးချိန်တောင် မရလိုက်ဘူး။ လူအုပ်ကြီးဟာ ကျွန်တော်တို့နှစ်ယောက်ကို ဝိုင်းထားပါပြီ။ တုတ်တွေကိုင်ထားတဲ့ လူလေးယောက်လောက် ရှေ့ထွက်လာပြီး ဒေါသမျက်ခွက်တွေနဲ့ ...

"ကားခိုးတာ ဒီကောင်တွေလား။ ချကွာ ... ချ"

အခြေအနေက ချက်ချင်းခံရသွားနိုင်တာမို့ ကျွန်တော်က ရှေ့တိုးလိုက်ပြီး ခပ်တည်တည်ဟန် တင်းလိုက်ရင်း ...

"ဟေ့လူတွေ ... စောက်ရမ်း၊ စောက်ရမ်း စွတ်မလုပ်နဲ့နော်။ ကျုပ်တို့က ကားသူခိုးမဟုတ်ဘူး။ ခိုးမယ်ဆိုရင်တောင် ခုလို မနက်ပိုင်းကြီး တွန်းပြီး ခိုးမလားဗျ။ ရှင်းပြမယ်၊ လာလုပ်ရင်တော့ စောက်ပြဿနာ အကြီးကြီးတက်မယ်နော်"

ပြန်ဖြဲလိုက်တော့မှ ကိုယ်ရှိန်သတ်သွားကြတယ်။ အဲဒီကောင်တွေ လက်မောင်းမှာ "တာဝန်" ဆိုတဲ့ လက်ပတ်နီ ပတ်မထားတော့ စွမ်းအားရှင် ဆိုတဲ့ကောင်တွေ မဖြစ်လောက်ဘူး။ ဘာပဲဖြစ်ဖြစ် ခေတ်ကိုပြန်ဖြဲမှ ကျဲသွားတဲ့ခေတ်ဆိုရင် ခင်ဗျား ဘာပြောမလဲ။

အဲဒီအချိန်မှာပဲ ရုပ်သန့်သန့် အသက်သုံးဆယ်လောက်၊ ကော်လာလည်ကတုံးအင်္ကျီကို ပေါ်ပုဆိုးအနက်နဲ့ တွဲဝတ်ထားတဲ့ လူတစ်ယောက် ရှေ့ထွက်လာတယ်။ ကျွန်တော်တို့လည်း အစုန်အဆန် စေ့စေ့ငုငု ကြည့်လိုက်ပြီးမှ ...

"အင်း ... ရှင်းမယ်ဆိုရှင်းလေ၊ မင်းတို့ပုံစံကြည့်ရတာတော့ ဝတ်စားပုံအရ ကားသူခိုးတွေတော့ မဖြစ်လောက်ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကလည်း ...

"ရှင်းမှာပါ၊ ကားသူခိုးဆိုတာ ကျုပ်တို့လိုလည်း ဝတ်စားထားနိုင်တာပဲဗျ။ ခင်ဗျားလို လည်ကတုံးလည်း ဝတ်ထားနိုင်တာပဲ။ ဒါပေမဲ့ ... ကျုပ်တို့က ခင်ဗျားကားကိုခိုးတာ မဟုတ်ဘူး။ ကောင်မလေးတစ်ယောက်က ကားစက်နှိုးဖို့ လာအကူအညီတောင်းလို့ တွန်းပေးကြတာ။ ကားထဲမှာ အဲဒီကောင်မလေး ရှိတယ်၊ ကြည့်လိုက်"

အပိုင်ပြောပြီး ကားရှေ့ခန်းဘက်ဆီ ကြည့်လိုက်တော့ လည်ကတုံးပုဆိုးလ်နဲ့ အပေါင်းအပါတွေကလည်း လှမ်းကြည့်ကြတယ်။

"ဟင်"

"ဟာ"

"ဟေ့ကောင် ... ဘယ်မှာလဲကွ"

ဟုတ်ပါတယ်၊ ကားရှေ့ခန်းတံခါးက ပွင့်နေပြီး ကားထဲမှာ ဘယ်ကောင်မလေးမှ မရှိတော့ပါဘူး။ ဘယ်အချိန်က ဘယ်လိုလစ်ထွက်သွားမှန်းလည်း မသိလိုက်ဘူး။ ဖားကြီးက ကားအောက်ကို ငုံ့ကြည့်လိုက်ရင်း

"ကား ... ကားအောက်မှာလည်း မ ... မရှိဘူးကွ"

နိုင်ငံတော်ဖားကြီးက တုန်လှုပ်နေတဲ့လေသံကြီးနဲ့ ပြန်ပြောလာတယ်။ တုတ်ကိုင်ထားတဲ့ကောင်တွေ တစ်စခန်း ပြန်ထကြပြီ။

"ဟေ့ကောင်တွေ ... ကြောင်တောင်တောင် မလုပ်နဲ့နော်။ ဘယ်သူမှမရှိဘူး"

"ဩော် ... ခုနက ရှိပါတယ်ဆို၊ သူပဲ အကူအညီတောင်းလို့ ကားတွန်းပေးနေတာ။ ကောင်မလေးက ကျုပ်တို့အရွယ်လောက်ပဲ။ ရုပ်က


www.burmeseclassic.com

www.burmeseclassic.com


လန်းလန်းလေး''

"ခဏလေး ... ခဏလေး၊ မင်းပြောတဲ့ကောင်မလေးက ဘာဝတ်ထားတာလဲ''

လည်ကတုံးပုဂ္ဂိုလ်က လက်ကာပြရင်း ဝင်မေးလိုက်တာ။ ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ ...

"အပေါ်အင်္ကျီက တီရှပ်အပြာနုရောင်ဗျာ၊ Nike တံဆိပ်နဲ့၊ ဘောင်းဘီက ဂျင်းဘောင်းဘီအပြာရင့် levi's တံဆိပ်ထင်တယ်။ အတွင်းခံတွေကတော့ ဘာရောင်ဝတ်ထားမှန်း ကျုပ်မသိဘူး''

"ဟာ ... ဒီကောင်တော့''

တစ်ယောက်က အဲဒီလိုရေရွတ်လိုက်ပေမယ့် လည်ကတုံးပုဂ္ဂိုလ်က သက်ပြင်းချလိုက်ပြီး ...

"အဲဒါဆို သိပြီ ... မင်းတို့က ကားခိုးတာမဟုတ်ဘူးဆိုတာ ငါသိပြီ၊ ယိမ်းနွဲ့နဲ့ တွေ့သွားတာကိုး''

"ဘာဗျ ... ယိမ်းနွဲ့ ဟုတ်လား။ ခုနက လဒမလေးရဲ့နာမည်ကို ပြောတာလား''

"ဟုတ်တယ် ... ယိမ်းနွဲ့က ငါနဲ့သဘောတူထားတဲ့ ကောင်မလေး။ ခုလည်း ငါ့ကို 'စ' နောက်ချင်လို့ ကားကိုတွန်းသွားတာ ဖြစ်မယ်။ ငါက အစိုးရဝန်ထမ်းကွ၊ စည်ပင်မှာ AE နားလည်လား''

မဆီမဆိုင် တောက်လျှောက်ကြီး ရှင်းပြသွားတယ်။ သူဟာသူ AE မကလို ZE ပဲဖြစ်ဖြစ် ကျွန်တော့်အပူ တစ်ပြားသားမှ မပါပါဘူး။ ကိုယ့်ကိစ္စပဲ ကိုယ်ရှင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ကားခိုးတာမဟုတ်ဘူးဆိုတာ ခင်ဗျားတို့ ယုံပြီနော်။ အဲဒါဆို သွားတော့မယ်"

ဘယ်သူမှမတားကြဘူး။ တားလို့လည်း ဘယ်ရမလဲ။ ကိုယ်က မှန်နေတာပဲဥစ္စာ။ လူအုပ်ကြီးကြားက ထွက်လာခဲ့ပြီး လေးငါးလှမ်းလောက် လျှောက်ပြီးမှ ကော်လံလည်ကတုံးပုဂ္ဂိုလ်ဆီ လှည့်ပြောခဲ့သေးတယ်။

"ဟော့လူ ... ခင်ဗျားလည်း သတိထားဦး။ ဟိုကောင်မလေးက ခင်ဗျားကို စ,တာမဟုတ်ရင် အချဉ်ပေါက်နေတာ ဖြစ်မယ်"

ကော်လံလည်ကတုံးရဲ့မျက်နှာဟာ ဘယ်လိုဆက်ဖြစ်ပြီး ကျန်ခဲ့မယ်ဆိုတာ မသိချင်လို့ မျက်နှာချက်ချင်း လွှဲလာခဲ့တယ်။ တစ်ဆက်တည်းပဲ ယိမ်းနွဲ့ဆိုတဲ့ သောက်ကောင်မလေးကို မေတ္တာပို့လိုက်မိပါရဲ့။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကြားဖူးတဲ့စကားအရဆိုရင်တော့ ပထမတစ်ကြိမ်ဟာ မတော်တဆ တွေ့တာပဲ။ အဲ ... ဒုတိယတစ်ကြိမ်ကျတော့ တိုက်ဆိုင်တာ ဖြစ်သွားပြီ။

ဒီလို။

တစ်ရက် ကျွန်တော်လည်း လမ်းလည်းကြုံနေတာရယ်၊ ဝယ်စရာပစ္စည်းလေးတစ်ခုရှိတာကြောင့် ရှော့ပင်းမောလ်တစ်ခုထဲကို ရောက်သွားတယ်။ လိုချင်တဲ့ပစ္စည်းရတော့လည်း ချက်ချင်း ပြန်မထွက်ဖြစ်သေးဘူး။ ထုံးစံအတိုင်း လျှောက်ကြည့်နေမိတယ်။ ကြည့်နေရင်းနဲ့ ဗိုက်ဆာလာလို့ ရှော့ပင်းမောလ်အပေါ်ဆုံးထပ်မှာရှိတဲ့ စားသောက်ဆိုင်ကိုသွားပြီး ဝါးတီးဆွဲလိုက်သေးတယ်။ ဝါးတီးဆွဲပြီး သိပ်မကြာဘူး။ ဗိုက်ကနာလာပြန်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်မှာပဲရှိတဲ့ အိမ်သာကိုသွားပြီး အစာဟောင်းတွေကို မွေးဖွားသန့်စင် လိုက်ရပြန်တယ်။ ကျွန်တော်နဲ့ ဘယ်သူမှ အတူပါမလာလို့သာပေါ့။ မဟုတ် ရင်တော့ မင်းတော်တော် သောက်လုပ်ရှုပ်တဲ့ကောင်လို့ ပြောခံရမှာ အမှန် ပဲ။ ခင်ဗျားဆိုရင်ကော ဘာပြောမလဲ။

အိမ်သာထဲကပြန်ထွက်လာမှ တစ်ကိုယ်လုံးပေါ့ပါးပြီး ယုံကြည်မှု ပိုရှိလာသလို ခံစားလိုက်ရတယ်။ မယုံရင် ခင်ဗျားတို့ ကျွန်တော့်လို လုပ် ကြည့်ပါ။ လက်ခံတယ်ဆိုရင် ရှော့ပင်းမောလ်ကိုရောက်တိုင်း အဲလိုလုပ်ပါ။ ဟက် ဟက်။

ကိစ္စဝိစ္စတွေ ပြီးတော့လည်း အိမ်ပြန်ဖို့ဆိုပြီး အောက်ထပ်ကို ပြန် ဆင်းလာခဲ့တယ်။ အောက်ထပ်ရောက်တော့ ရေငတ်လာပြန်တာနဲ့ အအေး တစ်ဘူးလောက် ဝယ်ဦးမှပဲဆိုပြီး ရှော့ပင်းမောလ်ထဲက ရေခဲသေတ္တာကို အဖွင့် ...

"ဟဲ့"

ရေခဲသေတ္တာက အသံထွက်လာတာ မဟုတ်ပါဘူး။ တံခါးဖွင့် ဖွင့်ချင်း ထွက်လာတဲ့အသံမို့ ကျွန်တော် ဆတ်ခနဲတော့ ဖြစ်သွားတယ်။ အနားကပ်ပြီး ဘယ်သူလာ "ဟဲ့" တာလဲ။ အဲဒီအတွေးနဲ့ ဆတ်ခနဲ ကြည့်လိုက်တော့ ...

"ဟဲ့ ... နင့်ကိုခေါ်တာ၊ ဘာကြောင်ကြည့်နေတာလဲ"

"ဟင်"

ကျွန်တော့်ဦးနှောက်ဟာ ချက်ချင်းအလုပ်လုပ်သွားတယ်။ တစ် ဆက်တည်းပဲ "ဟဲ့" ပိုင်ရှင်ကိုလည်း မှတ်မိသွားတယ်။


www.burmeseclassic.com

www.burmeseclassic.com


တစ်ခါသားက ကားတွန်းနိုင်းပြီး ပြဿနာတက်စေတဲ့ ကောင်မလေးပေါ့။ ယိမ်းနွဲ့မိုးဆိုတဲ့ အလန်းဖယားလေး။ ခုလည်း လာ "ဟဲ့" နေပြန်တယ်။

ကျွန်တော်က ခံထားရတဲ့ကောင်ဆိုတော့ ခပ်တည်တည်ဝဲ ပြန်ကြည့်လိုက်ပြီး ...

"ဩော် ... မင်းပါလား၊ မင်း တော်တော် ကျိုင်ရှာတယ်နော်"

"အရေးပေါ်မို့လို့ပါ"

"မင်းအရေးပေါ်ကလည်း ငါတို့မှာ ကားသူခိုးဆိုပြီး ဝိုင်းသမခံရတော့မလို့"

"အဲလောက်မဖြစ်ဘူးဆိုတာ သိလို့ လုပ်လိုက်တာပါ၊ ဟိုလူကိုလည်း ပညာပေးချင်လို့ပါ"

"ဩော် ... အဲလိုလား၊ အဲဒီကော်လံလည်ကတုံးနဲ့ အဆင်မပြေသွားပြီလား"

ကျွန်တော့်စကားအဆုံးမှာ သူ မျက်ခုံးလေး အတွန့်ချိုးသွားတယ်။

"အောင်မာ ... ဘာလို့ပြေရမှာလဲ။ ကြည့်မရလို့ လုပ်တာပါဆို"

ရယ်လိုက်ရင်း ကျွန်တော်ကပဲ ...

"မသိဘူးလေ၊ အဲဒီတုန်းက လည်ကတုံးပြောတာတော့ မင်းက သူ့ကောင်မလေးဆို"

"ဝေါ့"

ရင်ဘတ်ကိုဖိပြီး အန်ချင်တဲ့ပုံစံလေး လုပ်ပြလို့ ကျွန်တော်လည်း ရယ်လိုက်မိတယ်။ အဲဒီပုံစံကိုသာ လည်ကတုံးကြီးမြင်ရင် သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com

သတ်သေသွားမလားတောင် မသိဘူး။ သူကလည်း ဆက်ပြောတယ်။

"ဒါ့အိမ်ကလူကြီးတွေက သူနဲ့ သဘောတူသလိုလို ပြောထားတဲ့ လူပါ။ ဒါတောင် အတိအကျကြီး မဟုတ်သေးဘူးနော်"

"မင်းဟာကလည်း ရှုပ်နေတာပဲ"

ကျွန်တော်ပြောတော့ သူရယ်ပြန်တယ်။ သူ့သွားဖြူဖြူလေးတွေက အရမ်းလှတာပဲ။ ဘာသွားတိုက်ဆေးသုံးလဲမသိဘူးလို့ ကျွန်တော် မဆီမဆိုင် တွေးလိုက်မိသေးတယ်။

အဲဒီအချိန်မှာပဲ သူက . . .

"အဲဒီတုန်းက ကူညီခဲ့လို့ နင့်ကို ကျေးဇူးတင်ပါတယ်ဟာ။ ခု နင့်ကိုတွေ့တော့ အဲဒါလာပြောတာ"

"အော့ . . . လာပြောတာပေါ့"

ကျွန်တော်က ဖေ့ဘုတ်မှာရေးတဲ့ လေသံနဲ့ ပြန်ပြောလိုက်လို့ သူရယ်ပြန်တယ်။ ကျွန်တော်လည်း ဘာစကားထပ်ပြောရမလဲဆိုပြီး စဉ်းစားနေချိန်မှာပဲ သူ့လက်ထဲက ဟန်းဖုန်းက မြည်လာတယ်။ ဖုန်းမှာပေါ် လာတဲ့နံပါတ်ကိုကြည့်ပြီး သူ့မျက်နှာလေးဟာ ရှုပ်ပွသွားတယ်။

"အာ . . . ဒီဘဲကလည်း ဆက်ပြန်ပြီ"

"ဘယ်သူလဲ၊ လည်ကတုံးကြီးပဲလား"

သူ ခေါင်းခါတယ်။ ပြီးတော့ ပြောတယ်။

"လည်ကတုံးတော့မဟုတ်ဘူး၊ ဒါပေမဲ့ . . . သူ့လိုပဲ နောက် တစ်ယောက်လေ။ စိတ်ရှုပ်တာပဲဟာ"

ကြည့်ရတာ ဒီကောင်မလေးမှာ အဲဒီလူတွေနဲ့ ပတ်သက်ပြီး


www.burmeseclassic.com

www.burmeseclassic.com 

စိတ်ရှုပ်နေပုံရတယ်။

ကျွန်တော် စဉ်းစားနေတုန်းမှာပဲ သူက ...

"ဟဲ့ ... ငါ့ကို ကူညီဦး။ ဒီဖုန်းကို ကိုင်ပြီး ယိမ်းနွဲ့မအားဘူး၊ ဘာပြောထားပေးရမလဲလို့ ပြောလိုက်၊ ရော့ ... ရော့"

ပြောပြီး သူ့လက်ထဲက မြည်နေသေးတဲ့ဖုန်းကို ထိုးပေးလာတယ်။ ကျွန်တော်ကလည်း မသိစိတ်က ဒီကောင်မလေးကို ကူညီချင်နေတဲ့ကောင် ဆိုတော့ ဖုန်းကို လှမ်းယူပြီး ဖွင့်ကိုင်လိုက်တယ်။

"ဟဲလိုပြောပါ"

တစ်ဖက်က ချက်ချင်းပြန်မပြောဘဲ အသံတုံ့ဆိုင်းနေတယ်။ ပြီးမှ ဇဝေဇဝါအသံနဲ့ ...

"ဟို ဟို ... ဒီဖုန်းက ယိမ်းနွဲ့ဖုန်းမဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ ယိမ်းနွဲ့ဖုန်း ဟုတ်တယ်။ ခု ... ယိမ်းနွဲ့မအားဘူး။ ဘာပြောပေးရမလဲဗျ။ ပြောခဲ့လေ"

"ဟို ဟို ... ဘာမှမဟုတ်တော့ပါဘူး"

"ကြောင်တောင်တောင်နဲ့"

အဆုံးသတ်တစ်ခွန်းပြောပြီး ဖုန်းချပစ်လိုက်တယ်။ သူ့ကို ဖုန်းပြန်ပေးလိုက်ရင်း ...

"ငါပြောတာ အိုကေတယ်မဟုတ်လား"

"မဆိုးပါဘူး"

သူ့စကားကြောင့် နင်တင်တင်ဖြစ်ရသေးတယ်။ သူ့အကြောင်း စပ်စုဦးမှာလဲဆိုပြီး တွေးလိုက်မိချိန်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... ငါ့ကို ရေခဲသေတ္တာထဲက SHARK တစ်ဘူးလောက် ယူပေး စမ်းပါ။ ရေငတ်လို့"

ရေခဲသေတ္တာကိုမေးငေါ့ပြရင်း ပြောလာတယ်။ ကျွန်တော်က ရေခဲသေတ္တာရှေ့မှာ ရပ်နေတာဆိုတော့ တစ်ဖက်ကိုလှည့်ပြီး သူပြောတဲ့ SHARK အချိုရည်ဘူးကို ယူဖို့ကြည့်လိုက်တယ်။ အရေးထဲ အဲဒီ ငါးမန်း တံဆိပ်နဲ့ အချိုရည်ဘူး ချက်ချင်းရှာမတွေ့ဘူး။ မနည်းပြူးပြဲကြည့်လိုက်မှ ထောင့်မှာ တစ်ဘူးသွားတွေ့တယ်။ အဲဒါနဲ့ လှမ်းယူပြီး သူ့ကိုပေးဖို့ ပြန်လှည့် လိုက်တယ်။

"ဟဲ့"

ဒီတစ်ခါရေရွတ်လိုက်မိတာက ကျွန်တော်ကိုယ်တိုင်ပဲ။ ယိမ်းနွဲ့မိုး ဆိုတဲ့သူမဟာ ကျွန်တော့်ရှေ့ကနေ ဘယ်အချိန်က ဘယ်လို ပျောက်သွား မှန်း မသိဘူး။ မြန်လိုက်တာ။ သိုင်းလောကသားများလား မသိဘူး။

ကျွန်တော် SHARK ဘူးကြီးကိုင်ပြီး သက်ပြင်းပဲ ချလိုက်မိတယ်။ ဒုတိယအကြိမ် ထပ်ဆုံတာဟာ တိုက်ဆိုင်တာပါ။ ဒါပေမဲ့ ... ကျွန်တော် ဆိုတဲ့ကောင်က ဇာတာမကောင်းဘူးရယ်။

မထူးတော့ဘူးဆိုပြီး အမှတ်တရဖြစ်အောင် အဲဒီ SHARK ဘူးကြီးပဲ ကျွန်တော် ဝယ်လာခဲ့လိုက်တော့တယ်။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

စိတ်ညစ်ရသည်။ ပြေးကြည့်မှ မိဘလေးနှစ်ပါးရှိပါတယ်ဆိုမှ ထိုမိဘနှစ်ပါးထဲက ဖေဖေကြောင့် ယိမ်းနွဲ့စိတ်ညစ်ရသည်။

ဖေဖေ ဦးမိုးအောင်က ရဲဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည်။ စခန်းမှူး ဘဝဖြင့် အလုပ်မှ အနားယူခဲ့၏။ ထိုသည်က ယိမ်းနွဲ့အတွက် ပြဿနာ မရှိချေ။ သူ့ဟာသူ ကိုယ်မမွေးခင်ကပဲ ရဲဝန်ထမ်းလုပ်ခဲ့တာဆိုတော့ ကိုယ်ကလည်း ကန့်ကွက်၍ မရခဲ့သည်ကို။ ကိုယ်သိတတ်တဲ့အရွယ်ရောက် ချိန်မှာတော့ ဖေဖေက အငြိမ်းစားယူပြီးခဲ့ပြီ။

ရဲဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးခဲ့သော်လည်း ဖေဖေသည် ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး မနေမှေ့လုပ်စာကို ထိုင်စားမနေချေ။ အရွယ်ရောက်ဘွဲ့ရပြီးပြီဖြစ်သော ယိမ်းနွဲ့ကို အိမ်ထောင်အကြေးချပေးချင်



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ ပြီးတော့ . . . ဖေဖေလည်း ရဲဝန်ထမ်းလုပ်ခဲ့သူပီပီ တော်ရုံတန်ရုံ လူကို ယုံသည်မဟုတ်။ သားအဖအချင်းချင်းတောင် သံသယမျက်စိဖြင့် ကြည့်တတ်သူ။

အဲဒီမှာ ပြဿနာကစသည်။ ဖေဖေက ယိမ်းနွဲ့မှာ ရည်းစားသနာ လည်း မရှိဟု ကြားသိရသည်နှင့် သူ့မိတ်ဆွေ အစိုးရဝန်ထမ်းဟောင်းများ၏ သားတော်များထဲမှ တစ်ယောက်ယောက်နှင့် ပေးစားရန် ကြံစည်လေ တော့သည်။ သူ ဆန်ခါတင်ရွေးချယ်ထားသည့် လူတွေကလည်း လက်ရှိမှာ အစိုးရဝန်ထမ်းလုပ်နေသူတွေ။

ယိမ်းနွဲ့အနေဖြင့် ထိုလူတွေကို အစိုးရဝန်ထမ်းမို့လို့ ခါးခါးတူးတူး ငြင်းနေခြင်းမဟုတ်ပါ။ စိတ်ထဲမှ အလိုလို မနှစ်သက်၍ ဖြစ်သည်။ ပြီး . . . နောက်တစ်ချက်က ခုလိုကိစ္စမျိုးကို မေမေက မစီစဉ်ဘဲ ဖေဖေကိုယ် တိုင် တွေးပူကာ စီစဉ်နေခြင်းကို ပို၍ အသည်းယားလေသည်။

ပထမဦးစွာ ဖေဖေ တင်သွင်းလာသော စည်ပင်မှ AE ဇော်ဝင်းနှင့် တွေ့ဆုံစကားပြောကြည့်သည်။ အဆင်မပြေချေ။ သူ့ဘာသာသူ စည်ပင် ဝန်ကြီးဌာနနှင့် အဆင်ပြေသော်လည်း ယိမ်းနွဲ့နှင့်က ဘယ်လိုမှ အစေး မကပ်။ ညင်ညင်သာသာငြင်းတာကိုတောင် ထို AE ဇော်ဝင်းက ခုချိန်ထိ လိုက်ကပ်နေသည်။ အဲဒါကို စိတ်ညစ်ရတာတစ်မျိုး။

AE ဇော်ဝင်းကို ယိမ်းနွဲ့ သဘောမကျမှန်းသိတော့ ဖေဖေက နောက်တစ်ယောက်ကို တင်ဆက်လာပြန်သည်။ ဒီတစ်ခါကျတော့ ဆောက် လုပ်ရေးဝန်ကြီးဌာနတွင် အင်ဂျင်နီယာတာဝန် ထမ်းဆောင်လျက်ရှိသော သန်းဦးဆိုသူ။ ထိုသန်းဦးနှင့်လည်း ဖေဖေ့အလိုကျ အဝိုက်အထိုက်

www.burmeseclassic.com



ဆက်ဆံကြည့်ပါသေးသည်။ နောက်တော့လည်း နှစ်ဝါတစ်နီဖြင့် စိတ်ထဲက ထုတ်ပယ်လိုက်ရ၏။

ဆန်ခါတင် နောက်တစ်ယောက် ထပ်လာပြန်သေးသည်။ ဒီတစ်ခါ တော့ လူဝန်မှူးကြီးကြပ်ရေးမှ အောင်တိုးဆိုသူ။ ထိုလူကိုတော့ ယိမ်းနွဲ့ မတွေ့ခင်ကပဲ ငြင်းပစ်လိုက်၏။ အဲဒီမှာပဲ ဖေဖေနှင့်ယိမ်းနွဲ့တို့ စကားများ လေ့တော့သည်။ ထိုသို့မှ မငြင်းလျှင် နောက်ထပ် စစ်ဗိုလ်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့မှ အရာရှိ အရာခံတွေ စသဖြင့် ထပ်ကာရောက်လာဖို့ လမ်း မြင်၍ ဖြစ်သည်။

အချေအတင်စကားများပြီးချိန်မှာတော့ ဖေဖေက ရာဇသံပေး လေသည်။

"မိယိမ်းနွဲ့ ... နင့်ကို အစိုးရဝန်ထမ်းတွေနဲ့ အိမ်ထောင်ချပေး ချင်တာက အကြောင်းရှိတယ်။ အစိုးရဝန်ထမ်းဆိုတာဟာ တော်ရုံတန်ရုံနဲ့ ဥပဒေကို မဖောက်ဖျက် မကျူးလွန်ဘူး။ အဲဒါကြောင့် ... ငါက ရွေး တာ"

ဩော် ... ဖေဖေရယ်ဟု စိတ်ထဲက ညည်းပြီး ယိမ်းနွဲ့ ပြန်ပြော လိုက်သည်။

"အာ ... ဖေဖေကလည်း၊ ဖေဖေက အစိုးရဝန်ထမ်းဆိုတိုင်း ဖေဖေ့စိတ်နဲ့ လိုက်နှိုင်းတာလေ။ ဒီခေတ်မှာ အကျင့်ပျက်နေတဲ့ အစိုးရ ဝန်ထမ်းအချို့ရှိနေတာလည်း ဖေဖေ သိသားပဲ၊ အဲဒီတော့ မငြင်းနဲ့ ဖေဖေ"

"ရှိလည်း အောက်ခြေက ဝန်ထမ်းအချို့ပါကွာ"

လူကြီးတွေနိုးတာကော ဖေဖေမသိဘူးလားဟု ပြန်ပြောဖို့



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားလိုက်သေးသည်။ အခြေအနေ ပိုဆိုးသွားမှာစိုးသောကြောင့် အဆင်ပြေမည့်စကားပဲ ရွေးပြောလိုက်၏။

"အောက်ခြေရယ်၊ အပေါ်ရယ်တော့ မဟုတ်ပါဘူးဖေဖေ၊ ဥပဒေကို လက်တစ်လုံးခြားလုပ်နေတဲ့သူတွေ အများကြီးပါပဲ"

"အဲလိုကောင်မျိုး ငါ့ဆီခေါ်လာခဲ့ပါလား။ ဥပဒေကို လက်တစ်လုံးခြား ဘယ်လိုလုပ်သလဲ ငါကိုယ်တိုင် စမ်းချင်တာ"

ဖေဖေကလည်း မလျှော့ဆို မလျှော့ချေ။ ထို့ကြောင့် ယိမ်းနွဲ့စဉ်းစားရတော့သည်။ ဖေဖေ ရွေးချယ်ပေးသော လူတွေထဲက တစ်ယောက်ယောက်ကို ယူမလား၊ ဒါမှမဟုတ် ဖေဖေ့စိတ်တိုင်းကျနိုင်မည့် တစ်ယောက်ယောက်ကိုပဲ မိမိကိုယ်တိုင်ရှာမလား။

ထိုသို့တွေးရင်း အကြီးလေးတစ်ခုက ခေါင်းထဲ လက်ခနဲ ပေါ်လာသဖြင့် ဖေဖေ့ကိုပဲ တိုက်စစ်ပြန်ဖွင့်လိုက်သည်။

"ဖေဖေ ... ဒီအတိုင်းဆိုရင်တော့ ဖေဖေနဲ့သမီး တကျက်ကျက်ဖြစ်ရဦးမှာပဲ။ ဒီတော့ သမီး အိမ်ထောင်ပြုမယ့်ကိစ္စနဲ့ပတ်သက်ပြီး အပေးအယူတစ်ခု လုပ်ချင်တယ်"

ဖေဖေ တစ်ချက်တွေခနဲဖြစ်သွားပြီးမှ ဆတ်ခနဲ ပြန်ပြောလာလေသည်။

"ပြောကြည့်လေ ... ဘယ်လို အပေးအယူမျိုးလဲဆိုတာ"

■


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး အေးအေးဆေးဆေး စာအုပ်ဖတ်နေချိန်မှာပဲ "မင်းရဲ့ကျော်စွာ ဗိုလ်နေတိုး" ဆိုတဲ့ အသံကြီးကြောင့် ဖက်လက်စစာအုပ်ကို စားပွဲပေါ် အသာချထားလိုက်ရတယ်။

"နှစ်ကျိပ်ရှစ်ဆူ-လှည့်လာပြီထင်တယ်"

ဆိုင်ပိုင်ရှင်ကိုအောင်သန်းဆွေက ကောင်တာကနေ လှမ်းပြောတယ်။ ကျွန်တော် ဆိုင်ထဲကနေ လှမ်းကြည့်လိုက်တော့ ဘုရားပွဲလှည့်လာတာကို တွေ့လိုက်ရတယ်။

ခုခေတ်ကလည်း ဘယ်သူကဘယ်လို တီထွင်ဆန်းသစ်လိုက်သည်းမသိဘူး ဘုရားပွဲဆိုရင် ဆူညံမြူးကြွတဲ့ သီချင်းတွေနဲ့။ ကြည့်နေချင်းကနေ "မင်းရဲ့ကျော်စွာ ဗိုလ်နေတိုး" ကနေ "အမဲလိုက်အက"

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သွားတယ်။ ဒီအချိန်မျိုးမှာတော့ "စံပယ်ပန်းလေး" ဟာ အနားတောင် မသီနိုင်ဘူး။

ကျွန်တော်ကြည့်နေတဲ့အချိန်မှာပဲ ဆိုင်ထဲကို ဈေးတ်မင်းသား ဝတ်စုံကြီးနဲ့ ကိုထင် ဝင်လာတယ်။ နဖူးမှာလည်း ချွေးသီးချွေးပေါက်တွေနဲ့။ ဆိုင်ထဲကို ဝေ့ကြည့်လိုက်ပြီး ကိုထင်က ပြောလိုက်တယ်။

"ရေသန့်အေးအေးလေး တစ်ဘူးလောက်ရောင်းပါလား ခင်ဗျာ။ ရေသန့်အေးအေးလေးခင်ဗျ၊ အမောလေး ဖြေချင်တယ်လို့"

ဇာတ်သံ ဇာတ်ဟန်နဲ့ ပြောလာလို့ တစ်ဆိုင်လုံးကလူတွေ ပြုံးကုန်ကြတယ်။ ကျွန်တော်က ဆိုင်ရှင်နဲ့ရင်းနှီးနေတော့ ရေခဲသေတ္တာထဲက ရေသန့်တစ်ဘူးယူပြီး ကိုထင်ကို သွားပေးလိုက်တယ်။

"ကျေးဇူးတင်ပါတယ် ညီတော်၊ အားပေးတယ်လား"

ကိုထင့်စကားကြောင့် ကျွန်တော် ပြုံးလိုက်မိတယ်။

"ရပါတယ် ကိုထင်ရာ။ ဒါနဲ့ ညနေအားရင် ကျွန်တော့်ဆီ လာခဲ့ဦးဗျ။ ခင်ဗျားအတွက် ဇတ်စုံကိစ္စ သတင်းရထားတယ်"

"အေးအေး ... လာခဲ့မယ် ညီတော်၊ ခုတော့ မိဘပြည်သူတွေကို အလုပ်အကျွေးပြုလိုက်ဦးမယ်ခင်ဗျ"

ကိုထင်ဟာ ကွေးနေအောင် "က" ပြီး ဆိုင်ထဲက ပြေးထွက်သွားတယ်။ ပြောရရင် ကိုထင်က လူတစ်မျိုးဗျ။ စီးပွားရေးအနေနဲ့ တက္ကစီမောင်းတယ်။ ဒါပေမဲ့ .. အလှူဘာညာပွဲတွေရှိရင်တော့ နိုင်ငံတော်သမ္မတဖြစ်ဖို့ ငှားရင်တောင် မောင်းပေးမှာမဟုတ်ဘူး။ ရပ်ကွက်ထဲ သာရေးပွဲတွေဆိုရင် "က" ရမှကို ကျေနပ်တာ။ ပွဲရှိပြီဆိုရင် ကားမောင်းမထွက်တော့ဘဲ ဝတ်စုံ


www.burmeseclassic.com

www.burmeseclassic.com



သွားငှားပြီး "က" ပြီ။ ဝါသနာက အတော်ကိုကြီးတာပါဆို။ အဲဒီလိုလူမျိုး ကျွန်တော်တို့ရပ်ကွက်ထဲမှာ တကယ်ရှိတယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ။"

"သစ်ဦးရာ ... ပွဲရှိပြီဆိုရင် ဝတ်စုံသွားသွားငှားရတာ သိပ်မချောင်ဘူးကွ။ မင်းသားဝတ်စုံလေး အဟောင်းဖြစ်ဖြစ် ဝယ်လို့ရမယ်ဆိုရင် ပြောစမ်းပါ။ တစ်ခါတည်း ဝယ်ထားလိုက်မလို့"

ကိုထင်က အဲလိုပြောဖူးတယ်။ ကျွန်တော်လည်း နီးစပ်ရာ စုံစမ်းကြည့်တော့ သတင်းတစ်ခုရထားတာနဲ့ ကိုထင်ကို ပြောလိုက်တာပါ။ ကျွန်တော် တွေးနေချိန်မှာပဲ ကိုထင်ဟာ သူ့ရဲ့မူပိုင်သီချင်းဖြစ်တဲ့ "ဟန်ဇာလေး ပါပဲ" ဆိုတဲ့ သီချင်းနဲ့ အသုံးတော်ခံနေပါပြီ။

ကိုထင် ဆိုင်ထဲက ထွက်သွားပြီး သိပ်မကြာဘူး။ ဆိုင်ထဲကို ကျွန်တော့်ဘော်ဒါ ရတနာသိန်းထိုက်အောင် ဝင်လာတယ်။ ထီဆိုင်နာမည်နဲ့ကောင်ပေါ့။ ရွှေနဲ့ပတ်သက်တဲ့ လက်ဝတ်ရတနာတွေဆို ကြိုက်လွန်းဝတ်လွန်းလို့ ရတနာသိန်းထိုက်အောင်လို့ ခေါ်ကြတာ။

ခုလည်း ဆိုင်ထဲရောက်ရောက်ခြင်း ကျွန်တော့်အနားမှာ ဝင်ထိုင်လိုက်ပြီး လေပူကြီးကို အရင်မှုတ်ထုတ်တယ်။ တစ်ခုခုကို စိတ်မသက်မသာဖြစ်လာတဲ့ပုံပဲ။ ပြောလာတဲ့စကားကို ကြားလိုက်ရမှာပဲ နားရင်းအုပ်ချင်သွားတယ်။

"တကယ်စိတ်ညစ်မိတယ်ကွာ။ ရာသီက ပူပါတယ်ဆိုမှ ရွှေဈေးက တက်လာပြန်ပြီ"

ဘာမှလည်းမဆိုင်ဘူး။ ဒေါ်လာဈေးတက်လို့ ရွှေဈေးတက်တယ်ဆိုရင် ကြားကောင်းသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်လည်း မြင်မြင်းကပ်လာတာနဲ့ ...

"ရွှေရေးတက်တော့ ဘာဖြစ်လဲကွာ။ မင်းက ရွှေကုန်သည်မို့ လို့လား"

နဂိုကတည်းက မဲ့နေတဲ့ သိန်းထိုက်အောင်မျက်နှာဟာ မှုန်ကုပ်ကုပ် ဖြစ်သွားတယ်။

"ရွှေကုန်သည်တော့ မဟုတ်ဘူးလေကွာ၊ ရွှေရေးတက်လာတော့ ဒါတို့လို ဝယ်ယူစုဆောင်းသူတွေအနေနဲ့ စိတ်ညစ်တာပေါ့။ မင်းမှ ရွှေမကြိုက် တာကိုး"

"မကြိုက်ဘူးကွာ၊ ရွှေလည်းမကြိုက်ဘူး။ နာမည်မှာ ရွှေပါရင် တောင် အဲဒီလူနဲ့ အပေါင်းအသင်း မလုပ်ဘူး၊ ရှင်းပြီလား။ မင်းတောင် နာမည်က သိန်းထိုက်အောင်မို့လို့"

ကျွန်တော် ဂျစ်တစ်တစ်ပြောလိုက်တော့ သိန်းထိုက်အောင်က သွားလေးပေါ်အောင်ရယ်ပြီး ...

"သစ်ဦးရာ ... မင်းကလည်း။ အဲလောက် စိတ်မတိုပါနဲ့ကွ။ ရာသီပူတယ်"

ဒင်းက လာတောင် ဖျောင်းဖျနေသေးတယ်။ ကျွန်တော်လည်း စိတ်လျှော့လိုက်ပြီး ...

"ဟော့ကောင် ... မင်းက ဒီနေ့အလုပ်မသွားဘူးလား"

"ဒီနေ့ ဆန်းဒေးလေကွာ။ အဲဒါကြောင့် မင်းတွေ့တာပေါ့"

ဟုတ်သားပဲလို့ ကျွန်တော် တွေးလိုက်မိတယ်။ သိန်းထိုက်အောင် ကလည်း ...


www.burmeseclassic.com

www.burmeseclassic.com


"သစ်ဦး ... မင်း ဖားကြီးနဲ့ဆုံသေးလား"

"မကြာခဏတော့ တွေ့ဖြစ်ပါတယ်။ ဒီရက်ပိုင်းတော့ ဖားကြီးက ဘီယာသောက်မယ်ဆိုပြီး ချိန်းနေတာ။ ငါလည်း မသွားဖြစ်သေးဘူး"

"မအားလို့လား"

"ဟော့အေး ... ဘီယာမသောက်ချင်သေးလို့"

"ဟာကွာ ... မင်းကလည်း တစ်ရက်လောက် ငါ့တို့ သောက်ရအောင်လေ။ မင်းတို့ဆုံမယ့်နေ့ကို ငါ့ဆီ ကြိုပြီးဖုန်းဆက်လိုက်"

"အေးပါ ... ဆုံဖြစ်ရင်ပြောမယ်"

ကျွန်တော်တို့နှစ်ယောက် စကားမကောင်းတကောင်းဖြစ်နေတဲ့ အချိန်မှာပဲ ဆိုင်ရှေ့ကို ဆလွန်းကားတစ်စီး ထိုးရပ်လာတယ်။ ကျွန်တော်တို့လည်း ဘာရယ်မဟုတ် လှမ်းကြည့်လိုက်မိတယ်။ ကားပေါ်ကနေ ဆင်းလာသူက နုနုခိုင်ဆိုတဲ့ ကျွန်တော့်သူငယ်ချင်းမ။ အံမယ် ... ဂျပုမကကားတွေ့,ဘာတွေနဲ့ပါလား။

နုနုခိုင်ဟာ ဆိုင်ထဲမှာရှိနေတဲ့ ကျွန်တော်တို့ဆီကို တန်းတန်းမတ်မတ်ကြီး လျှောက်လာတယ်။ စားပွဲမှာဝင်ထိုင်တော့ ကျွန်တော်က အရင်ပြောလိုက်တယ်။

"နုနုခိုင် ... နင် ဝယ်လိုက်ပြီလား"

ကျွန်တော့်အပြောကြောင့် နုနုခိုင် ကြောင်အမ်းသွားပြီး သူ့ ကိုယ်သူ အရင်ငုံ့ကြည့်ရင်း ဆန်းစစ်လိုက်တယ်။ ပြီးမှ ...

"ဟဲ့ ... ငါက ဘာကိုဝယ်ရမှာလဲ"

ကျွန်တော်က ဆိုင်ရှေ့မှာရပ်ထားတဲ့ကားကို မေးငေါ့ပြရင်း ...

www.burmeseclassic.com

www.burmeseclassic.com


"ကားလေ၊ နင် ကားပေါ်က ဆင်းလာတာမဟုတ်ဘူးလား"

နုနုခိုင်က ဟီးခနဲ ရယ်တယ်။

"မဝယ်ပါဘူးဟာ။ ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ကားပါ။ သွားစရာရှိလို့ လာခေါ်တာနဲ့ ငါလည်း လိုက်လာတာ"

"သွားလေ . . . အဲဒါက ငါနဲ့ဘာဆိုင်လို့လဲ"

"ဟင်"

နုနုခိုင် ကြောင်သွားပြန်တယ်။ မျက်စိနှစ်လုံး အစ်ထွက်လာပြီး ကျွန်တော့်ကို ပြူးကြည့်နေလို့ ကျွန်တော် ဆက်ပြောလိုက်တယ်။

"ငါပြောတာက ဒီလိုလေ။ နင်တို့သွားစရာရှိတာက မှန်တယ်။ ငါ့ဆီ နင်ဝင်လာတာ ဘာကိစ္စလဲ။ ငါနဲ့ ဘာဆိုင်လို့လဲလို့ မေးတာ"

"သစ်ဦး . . . မသာ၊ နင်ဟာလေ စကားပြောရင် ကောင်းကောင်းကို မပြောဘူး"

"ဟုတ်တယ် နုနုခိုင် . . . အဲဒါ နင့်တစ်ယောက်တည်းကို မဟုတ်ဘူး။ ငါဆိုရင်လည်း ရွှေစကား၊ ငွေစကားပြောတာပဲ၊ အဲဒါကို ကောင်းကောင်းပြန်မပြောဘူး"

သိန်းထိုက်အောင်က နုနုခိုင်ကို ဖားရင်း တစ်လက်စတည်း ကျွန်တော့်ကို နှိပ်ကွပ်လိုက်တယ်။ နုနုခိုင်က သိန်းထိုက်အောင်ကို စောင်းငန်းငန်း ပြန်ကြည့်လိုက်ပြီး –

"နေစမ်းပါဦးဟဲ့ . . . ရွှေစကား ငွေစကားပြောရအောင် နင့်ကို နင် ဗေဒင်ဆရာဇင်ယော်နီများ မှတ်နေလို့လား"

"အာ . . . နင်ကလဲ"

www.burmeseclassic.com

www.burmeseclassic.com 

သိန်းထိုက်အောင် အီလည်လည်ဖြစ်သွားတဲ့ပုံစံကို ကြည့်ပြီး ကျွန်တော် တဟားဟား ရယ်လိုက်မိတယ်။ ကြုံလို့ ပြောပြဦးမယ်။ နုနုခိုင်က ဗေဒင်သင်တန်းတွေတက်ပြီး ဗေဒင်ဆရာမလုပ်ဖို့ ကြိုးစားနေတာ။ ခုထိ တော့ ဟောခန်းမဖွင့်သေးဘူး။ ဘယ်ဆရာကြီးရဲ့တပည့်ရင်း၊ ဘယ်ဆရာ ကြီးရဲ့သမီးတပည့်ဆိုပြီး ဆိုင်းဘုတ်မှာ နာမည်တပ်နိုင်ဖို့အတွက် အဲဒီဆရာ၊ ဆရာမကြီးတွေဆီမှာ သင်တန်းတွေ တက်နေတုန်းပဲ။

ခုလည်း နုနုခိုင်က ကျွန်တော့်ကို . . .

"သစ်ဦးရယ် . . . နင်ကလည်း မေ့တတ်လိုက်တာ။ နင့်ကိုငါ ဖုန်းဆက်ပြီး ကန္တာရအကြောင်း၊ ဘယ်ခရီးကြမ်းကို ဘယ်လိုကန္တာရလို့ ခေါ်တယ်ဆိုတာ မေးထားတယ်လေ။ အဲဒါ . . . သိပြီလား၊ ရှာလို့ တွေ့ပြီလား"

"ဩော် . . . အေး . . . ငါက နင့်ကိုပြောပြီးပြီ ထင်နေတာဟ"

"မပြောရသေးပါဘူးဟယ်။ အဲဒါကြောင့် နင့်ကိုတွေ့လို့ ဝင်မေး တာပေါ့"

ကျွန်တော် မျက်စိမှိတ်၊ အာရုံကိုစုစည်းပြီး ခဏစဉ်းစားလိုက် တယ်။ ပြီးမှ . . .

"ဒီလို နုနုခိုင်ရဲ့ . . . ငါ စာအုပ်ထဲမှာရှာတွေ့တာတော့ ကန္တာရ ဆိုတာ ခက်ခဲကြမ်းတမ်းတဲ့ခရီးကို ခေါ်တာပါ။ ကန္တာရကို အမျိုးအစား အနေနဲ့ ရှစ်မျိုး ခွဲပြထားတယ်"

"အေး . . . အေး"

နုနုခိုင်က လက်ကာပြလို့ စကားကိုမဆက်နိုင်ဘဲ ရပ်ထားရသေး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကျွန်တော့်ကို ခဏတားပြီး သူ့ဖုန်းကိုဖွင့်လို့ record ခလုတ်ကို နှိပ်လိုက်တယ်။ ပြီးမှ ...

"ဆက်ပြော သစ်ဦး ... ရပြီ"

သက်ပြင်းကို အောင့်သက်သက်နဲ့ချပြီးမှ ဆက်ပြောလိုက်တယ်။

"ကန္တာရ ရှစ်မျိုးရှိတယ်ဟာ။ အဲဒီမှာ ဖွင့်ဆိုထားတာတွေက ...

၁။ စောရ ကန္တာရ

ခိုးသား၊ ဓားပြ ဘေးရန်များသောခရီး။

၂။ နိရုဒ ကန္တာရ

ရေမရှိသောခရီး။

၃။ ဝါဠက ကန္တာရ

သားရဲတိရစ္ဆာန်ထူပြောသောခရီး။

၄။ အမနုဿ ကန္တာရ

ဘီလူး၊ သရဲနှင့် နတ်ဆိုးတို့ရှိသောခရီး။

၅။ အပၸကဘက္ခ ကန္တာရ

အစာရေစာခက်ခဲသောခရီး။

၆။ ဝန ကန္တာရ

တောတောင်အထပ်ထပ်ဖြင့် ကြမ်းတမ်းလွန်းသောခရီး။

၇။ ဥဒက ကန္တာရ

အလွန်ကျယ်သော ပင်လယ်ရေပြင်ခရီး။

၈။ ဂါဠှ ကန္တာရ

အလွန်ရှည်လျားသော သဲကန္တာရခရီးတို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စကားဆုံးတော့ နုနုခိုင်က သူ့ဖုန်းက record ခလုတ်ကို ပြန်ပိတ်လိုက်ရင်း . . .

"ကျေးဇူးပဲ သစ်ဦးရေ၊ ငါသိထားတာက ကန္တာရဆိုတာ ပူပြင်းခြောက်သွေ့ပြီး အပင်နဲ့ရေမရှိတဲ့ ကုန်းမြေခရီးလို့ ထင်ထားတာ။ ခုကျမှ အရမ်းကျယ်တဲ့ ရေပြင်ခရီးကိုလည်း ကန္တာရလို့ခေါ်မှန်း သိတာဟ"

သူ့စကားကြောင့် ကျွန်တော်က ရှူးသိုးသိုးကြည့်လိုက်ရင်း . . .

"သိချင်ရင် စာဖတ်လေ။ ဗေဒင်ဆရာမလည်း လုပ်ချင်တယ်၊ စာလည်း မဖတ်ဘူး"

နုနုခိုင်က မျက်စောင်းပြန်ထိုးတယ်။

"ဖတ်နိုင်သလောက်တော့ Facebook မှာ ဖတ်တာပဲလေ။ နင့်လို ရှာရှာဖွေဖွေ ဖတ်တတ်တဲ့ သူငယ်ချင်းရှိနေတော့ ငါလည်း အပြင်မှာ ရှာရှာဖွေဖွေ မဖတ်တော့ဘူးပေါ့ဟာ။ နင့်ဆီ မေးလို့ရတာပဲနော့်"

ကျွန်တော့်မှာ နင်တင်တင်ဖြစ်ရသေးတယ်။ ကျွန်တော် စာဖတ်ထားတာတွေက သူမတို့မေးရင် ဖြေဖို့ကျနေတာပဲ။ သူသိချင်တာ သိရသွားတော့ နုနုခိုင်က ထိုင်နေရာကနေ ထလိုက်တယ်။ ကျွန်တော် စားထား,သောက်ထားတာတွေကို ရှင်းဖို့ စိတ်ခွန်းမပြောဘဲ . . .

"ငါသွားဦးမယ် သစ်ဦး။ နောက်လည်း သိချင်တာရှိရင် ဖုန်းဆက်လိုက်မယ်။ ဟဲ့ . . . သိန်းထိုက်အောင် သွားပြီ"

ပြောပြီး ကော့လန်ကော့လန်နဲ့ ထွက်သွားလေရဲ့။ သိန်းထိုက်အောင်က နုနုခိုင်ကို မျက်စိတဆုံး လိုက်ကြည့်နေပုံပေါ်တယ်။ ဆိုင်ရှေ့က ကားလေးမောင်းထွက်သွားတော့မှ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် ... မင်းတွေ့လိုက်လား။ ကားပေါ်မှာစောင့်နေတဲ့ နုနုခိုင်ရဲ့သူငယ်ချင်းကောင်မလေးက အမိုက်စားကွ"

ကျွန်တော်က သူ့လို လိုက်ကြည့်နေတာမဟုတ်တော့ မမြင်လိုက်ပါဘူး။ အဲဒီအချိန်မှာပဲ ဗိုက်ထဲက အစာဟောင်းတွေက စွန့်ခွာချင်တဲ့ပုံစံနဲ့ ဗိုက်နာလာလို့ ...

"သိန်းထိုက်အောင် ... ခဏထိုင်နေဦးကွာ။ ငါ ရွှေသွားရောင်းလိုက်ဦးမယ်"

သိန်းထိုက်အောင်ဟာ မြုန်းခနဲ ပြူးတူးပြဲတဲကြည့်လာပြီး ...

"ဘာ ... ဟော့ကောင် ... ရွှေရောင်းမယ် ဟုတ်လား။ ဘယ်လို ရွှေလဲ၊ ငါ့ကို အရင်ပြလေ"

"ကြည့်ချင်ရင်တော့ အိမ်သာထဲသာ လိုက်ခဲ့တော့ကွာ။ ရွှေရောင်းတယ်ဆိုတာက အိမ်သာတက်မှာကိုပြောတာ လဒရဲ့"

"ဟာ ... ဒီကောင်တော့"

သိန်းထိုက်အောင်ဖြစ်သွားတဲ့ မျက်နှာကိုကြည့်ပြီး မရယ်မိအောင် ထိန်းချုပ်ရင်း အိမ်သာဆီ ပြေးလာခဲ့ရတယ်။ တော်ကြာ ... ရယ်လိုက်ရင် အဲဒီရွှေက သိန်းထိုက်အောင်ရှေ့မှာပဲ အခေါက်လိုက် ထွက်ကျသွားနိုင်တယ်လေ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နောက်ငါးရက်လောက်ကြာတော့ နုနုခိုင်က ဖုန်းဆက်လာပြန်တယ်။ ဖုန်းထဲကတော့ ဘာမှမမေးဘူး။ လူချင်းတွေ့ပြီး အကူအညီတောင်းချင်တယ်ဆိုလို့ သူချိန်းတဲ့ဆိုင်ကို ထွက်လာခဲ့လိုက်တယ်။ အရင်ကကူညီပေးဖူးတာတွေနဲ့ပေါင်းပြီး ကျေးမွေးချင်လို့ဆိုတဲ့ စကားကြောင့်လည်းပါတယ်။

ကျွန်တော်ရောက်သွားတော့ ချိန်းတော်မူထားတဲ့ မယ်မင်းကြီးမကရောက်မလာသေးဘူး။ စားချင်တာရှိရင် မှာထားလိုက်ပါဆိုတဲ့ ဖုန်းဆက်တုန်းက စကားကြောင့် ဖွယ်ဖွယ်ရာရာတွေမှာပြီး စားနေလိုက်တယ်။

"အမယ်လေး ... စားနေလိုက်တာ ကိုယ့်အိမ်ကိုယ့်ရှာကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရှေ့မှာ ဝင်ထိုင်ပြီး ပြောလိုက်တဲ့ နုနုခိုင်စကားကြောင့် နှင်စပ်စပ်တောင် ဖြစ်သွားရတယ်။

"ဟာ ... နှင်ပဲ စားချင်တာမှာစားဆို။ အဲဒါကြောင့် ငါလည်း ဆွဲနေတာပေါ့"

"အေး ... စားပါ, စားပါ၊ စားပြီးရင်လည်း နှင် သေချာပေါက် ကူညီရမှာပဲဟာကို"

ကျွန်တော် စားလက်စကို ရပ်ထားလိုက်တယ်။ မျိုမကျတော့လို့ မဟုတ်ပါဘူး။ ဗိုက်ပြည့်သွားလို့ပါ။ ပါးနားသပ်၊ ရေသောက်လိုက်ပြီးမှ သူ့ကို ပေစောင်းစောင်းကြည့်လိုက်ရင်း ...

"ကဲပြော ... ဆရာမ ... လူချင်းတွေ့ပြီး အကူအညီတောင်းရ လောက်အောင် နှင့်ကိစ္စက ဘာမို့လို့လဲ"

စကားအဆုံးမှာပဲ နုနုခိုင်ရဲ့မျက်နှာက တမင်ကြီး တည်ပစ်လိုက်တဲ့ပုံစံမျိုးနဲ့ တည်သွားတယ်။ ပြီးမှ လေးနက်တဲ့စကားသံနဲ့ ...

"ငါ့မှာ အမှုသည်တစ်ယောက် ရတယ်ဟ။ ငါ့အလုပ်အတွက် ပထမဆုံးအမှုသည်ဆိုလည်း ဟုတ်တယ်"

သူ့စကားကြောင့် ကျွန်တော်လည်း ကြောင်အမ်းအမ်း ဖြစ်သွားရပြီး ...

"နုနုခိုင် ... နှင် ဗေဒင်သင်တန်းကနေ ရှေ့နေသင်တန်းများ ပြောင်းတက်နေတာလား"

"ဟာ ... ငါက ဘာဖြစ်လို့ ရှေ့နေသင်တန်း တက်ရမှာလဲ"

"မသိဘူးလေ ... နှင်ပဲ ခုနကပြောတယ်လေ၊ နှင့်အလုပ်အတွက်


www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံး အမှုသည်ရလို့ဆို"

အဲဒီတော့မှ နုနုခိုင်ဟာ ဟီးခနဲရယ်တယ်။

"ဪ ... ဒီလိုလေ။ ငါ ဗေဒင်ဟောမယ်ဆိုတော့ ငါ့ဆီကို ပထမဆုံး offical လာမေးတဲ့သူကို အမှုသည်လို့ ပြောလိုက်တာပါ။ ငါ့အနေနဲ့ ပထမဆုံးအဖွင့်လည်းဖြစ် ငြင်းလို့လည်းမရတဲ့သူဆိုတော့ ဟောပေးလိုက်ရတယ်"

"အဲဒီတော့"

ကျွန်တော် စကားထောက်ပေးလိုက်တော့ နုနုခိုင်က သူ့ခန္ဓာကိုယ်ကို မတ်အောင် ပြင်ထိုင်လိုက်သေးတယ်။ ပြီးမှ ...

"ငါ့ရဲ့ဟောချက်တွေနဲ့ ပတ်သက်ပြီး အကျယ်အဝှံတော့ မရှင်းပြတော့ဘူးဟာ။ ဗေဒင်ဟောတာဆိုတော့ ဟောပြီးတဲ့အချိန်မှာ ယတြာချေဖို့ကိစ္စတွေလည်း ပါလာတယ်"

"အဲဒီတော့"

"အင်း ... သူ့အနေနဲ့လည်း ယတြာချေစရာရှိတာကို ချေမယ်ပေါ့ဟာ။ ဒါပေမဲ့ ... ယတြာချေတဲ့နေရာမှာ ချေတဲ့နေ့တိုင်း သူ့ဘေးမှာ လူတစ်ယောက်ပါဖို့လိုတယ်။ အဲဒီလူဟာ ယောက်ျားလေးဖြစ်ရမယ်။ နာမည်ဟာ ဘယ်နေ့နာမ်နဲ့စပြီး ဘယ်နေ့နာမ်နဲ့ ဆုံးရမယ်။ အသက်က ဘယ်လောက်နဲ့ ဘယ်လောက်ကြား။ လူပျိုလူလွတ်ဖြစ်ရမယ် စသဖြင့်ပေါ့တာ"

"ဟုတ်ပြီလေ ... အဲဒါက ငါနဲ့ဘာဆိုင်လို့လဲ"

စကားအဆုံးမှာ လက်ကာပြလာပြီး ...

www.burmeseclassic.com

"ခဏလေး ...လာမယ်လေ။ ငါက အဲလိုပြောလိုက်တော့ သူကလည်း ပြန်အကူအညီတောင်းလာတယ်။ သူနဲ့အတူ ယတြာချေရင် လိုက်ပေးရမယ့်လူကို ငါပဲရှာပေးပါတဲ့။ ငါလည်း ငြင်းမရတော့ လက်ခံလိုက်ရတယ်"

ဘာတွေမှန်းလည်း မသိဘူး။ ကျွန်တော် ခေါင်းတဗျင်းဗျင်း ကုတ်ပြီး ပြန်ပြောလိုက်တယ်။

"နင် ဗေဒင်ဟောတာကလည်း package လိုက်ကြီးပါလား။ ဗေဒင်ဟော၊ ယတြာပေးတဲ့အပြင် ချေပေးမယ့်သူပါ ရှာပေးရမယ်ဆိုတော့"

နုနုခိုင်က ခေါင်းညိတ်လိုက်ရင်း ...

"အေးဟာ ...ခုခေတ်က package လိုက်တွေ ခေတ်စားနေတာကိုး။ ထားတော့ဟာ ...ဒီနေရာမှာ နင်နဲ့ပတ်သက်တဲ့အပိုင်း ရောက်လာပြီ"

"ဘာ ...ငါနဲ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ ငါ့ရဲ့အမှုသည်နဲ့အတူ ယတြာကူချေပေးဖို့ လိုအပ်တဲ့သူဟာ နင့်နဲ့ တစ်ထပ်တည်းကျနေလို့ပဲ"

"ဟဲ့"

ကျွန်တော် လန့်ပြီး ရေရွတ်လိုက်မိတယ်။ တစ်ခုခုပြန်ပြောဖို့ ဟန်ပြင်လိုက်တာတောင်မရဘူး။

"ဟုတ်တယ် သစ်ဦး၊ နင့်နာမည်၊ နင့်မွေးနာမ်၊ နင့်ရဲ့အသက် အရွယ်နဲ့အနေအထားဟာ ငါ့အမှုသည်လိုအပ်နေတဲ့သူနဲ့ ကွက်တိဖြစ်နေမယ်လေ။ အဲဒါကြောင့် ...ငါ့အတွက် အကူအညီပေးဖို့ နင့်ဆီမှာ


www.burmeseclassic.com

www.burmeseclassic.com


အကူအညီတောင်းရတာ"

"ဟာကွာ"

ကျွန်တော် လက်နှစ်ဖက်နဲ့ ခေါင်းကို စုံကုပ်လိုက်မိတယ်။ ဒုက္ခပါပဲ။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေပါတယ်ဆိုမှ အမှုတွဲထဲ လာဆွဲထည့်နေတာကိုး။ ကျွန်တော် ခေါင်းခါလိုက်ရင်း . . .

"ဟာ . . . နုနုခိုင် . . မဖြစ်ဘူးထင်တယ်နော်။ ငါက အဲဒါမျိုး တစ်ခါမှ လုပ်ဖူးတာမဟုတ်ဘူး။ ဘယ်သူ့ကို ဘာအကူအညီပေးရမှာလဲ"

"မခက်ပါဘူး သစ်ဦးရယ်၊ သူ့ဘေးက အသာလိုက်ပြီး သူ ယတြာချေတဲ့နေရာမှာ လိုက်ကူပေးရုံပါ။ နင့်ကို တစ်ရက်အတွက် စားပြီးသောက်ပြီး ဘယ်လောက်ဆိုပြီး လုပ်အားခလည်း ပေးမှာပါ"

"ဟာ"

ခုမှ ပိုဆိုးတော့မယ်။ ကျွန်တော်က စားစရာမရှိလို့ နေ့စားခနဲ့ အလုပ်လိုက်လုပ်ရမယ့်ပုံစံပဲ။

"မဖြစ်ဘူးနော် နုနုခိုင်။ ငါနဲ့ ဘယ်လိုမှ အဆင်ပြေမှာမဟုတ်ဘူး။ တခြားလူဆီ အကူအညီတောင်းကြည့်ပါဟာ။ ဖားကြီးတို့၊ သိန်းထိုက်အောင်တို့လည်း ရှိတာကို"

စကားအဆုံးမှာ နုနုခိုင်က ခေါင်းပြူတ်ထွက်မတတ် တဆတ်ဆတ် တုန်ခါလိုက်တယ်။ ပြီး . . . ခါးခါးသီးသီးပဲ။

"ဟယ် . . . မဖြစ်ပါဘူး။ ဒီကောင်တွေနဲ့က နင့်လို နေ့နံမှ မကိုက်တာကို။ ပြီးတော့ . . . အဲဒီနှစ်ကောင်စလုံးက ပေါတောတောတာတွေ ရယ်"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်လည်း လေပူကြီးကို ဆင့်ကဲဆင့်ကဲ မှုတ်ထုတ်လိုက်ရင်း ...

"ငါ့ကိုလည်း အဲဒီကောင်တွေနဲ့အတူ ပေါ်တော်တောစာရင်းထဲသာ ထည့်လိုက်ပါဟာ။ ငါလည်း အဆင်မပြေဘူး"

အားနာနာနဲ့ပဲ ဆက်ငြင်းလိုက်ရတယ်။ နုနုခိုင်လည်း ခဏငြိမ်သွားပြီး သက်ပြင်းပါးပါးချတယ်။ သူ့ခေါင်းထဲမှာ ကျွန်တော့်ကို ဆက်ပြီး ဇိအားပေးရမလား၊ တခြားလူ ရှာရမလား စဉ်းစားနေတဲ့ပုံပဲ။ ကျွန်တော်ကတော့ ရှင်းတယ်။ "ဘူး" ဆို "ဖရုံ" မသီးတော့ဘူး။ နှစ်ခုစလုံး နှယ်ပင်အမျိုးအစားပေမယ့် ငြင်းရမှာပဲ။ ဒီနေရာမှာ ပြတ်သားရမယ်။

အဲဒီအချိန်မှာပဲ ...

"နုနုခိုင် ... ငါ့အတွက် ယတြာချေဖို့ လူရပြီလား"

ကြားလိုက်ရတဲ့အသံလေးကြောင့် ကျွန်တော် ဆတ်ခနဲ မော့ကြည့်လိုက်တယ်။

"ဟင်"

"ဟဲ့"

အနားရောက်လာတာ တခြားသူတော့မဟုတ်ဘူး။ ကျွန်တော်နဲ့ နှစ်ကြိမ်တိတိဆုံဖူးတဲ့ ယိမ်းနွဲ့မိုးဆိုတဲ့ ကလေးမပဲ။ သူနဲ့ ကျွန်တော် အာမေဋိတ်အသံသံ ထွက်သွားကြတယ်။ နုနုခိုင်က သူ့အပူနဲ့သူဆိုတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့တွေ့ဆုံမှုကို သတိထားမိဟန်မပေါ်ဘူး။ ယိမ်းနွဲ့မိုးကို ခေါင်းခါပြလိုက်ရင်း ...

"မပြေသေးပါဘူး ယိမ်းနွဲ့ရယ်။ ငါ့သူငယ်ချင်း ဒီကောင်နဲ့က


www.burmeseclassic.com

www.burmeseclassic.com


ကွက်တိဖြစ်နေလို့ အကူအညီတောင်းနေတာ။ ဒီကောင်လည်း ကူညီဖို့ အဆင်မပြေဘူးတဲ့။ ငါ လူထပ်ရှာပေးပါ့မယ်၊ ခဏတော့စောင့်ဟာ''

ဒီနေရာမှာ ဆုံးဖြတ်ချက်ကို အမြန်ဆုံးပြန်ပြင်ရတော့မယ်ဆိုတာ ကျွန်တော် အလိုလိုသိလိုက်တယ်။ နုနုခိုင်ကို ပြန်ကြည့်လိုက်ပြီး ...

''နုနုခိုင်ရာ နင့်အတွက် ခက်ခဲနေမယ်ဆိုရင်လည်း လူထပ်ရှာ မနေပါနဲ့။ ငါလည်း ဒီရက်ပိုင်း အားနေတာပဲလေ''

နုနုခိုင်က ကျွန်တော့်ကို ဆတ်ခနဲ ပြန်ကြည့်လာတယ်။ အပြောင်း အလဲ မြန်လှချည်လားဆိုတဲ့ပုံစံနဲ့ စူးစမ်းသလိုကြည့်လာတာပါ။ ကျွန်တော် ဟီးခနဲရယ်ပြလိုက်ပြီး ဖြစ်နိုင်ချေရှိတဲ့ ဆင်ခြေစကားပဲ ပြန်ပြောလိုက် တော့မယ်။

''နင့်အတွက်လည်း ပထမဆုံးအလုပ်ဆိုတော့ နှောင့်နှေးကြန့် ကြာတာမျိုးတွေ မဖြစ်စေချင်လို့ပါ''

နုနုခိုင်ထိုးလိုက်တဲ့မျက်စောင်းကို ကျွန်တော် မသိချင်ယောင်ဆောင် ပစ်လိုက်တယ်။ ဟုတ်တယ်လေ၊ ကျွန်တော် ဘာများတတ်နိုင်ဦးမှာလဲ။

''ဘူး'' ဆို ''ဖရုံ'' မသီးပါဘူးဆို။ ဟက် ဟက်။

■

www.burmeseclassic.com

www.burmeseclassic.com

# DAY 1

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒီလိုနဲ့။ နောက်ထပ်သုံးရက်မြောက်တဲ့နေ့မှာ ကျွန်တော်နဲ့ ယိမ်းနွဲ့တို့ နုနုခိုင်ရဲ့စီစဉ်ပေးမှုနဲ့ ဆုံဖြစ်ကြတယ်။ နုနုခိုင်တော့မပါဘူး။ ,,ကောင်းပါတယ်။ ကျွန်တော် စိတ်လှုပ်ရှားနေမိတယ်ဆိုတာလည်း ဝန်ခံရမယ်။ အရမ်းတက်ကြွနေတယ်လို့ မထင်ရအောင် မျက်နှာလေးကိုတော့ ထိန်းထားရတာပေါ့။

သူ့နာမည်တော့ ကျွန်တော် သိပြီးသားလေ။ ဒါကြောင့် ... ကျွန်တော့်နာမည်ကို ပြောပြီး မိတ်ဆက်လိုက်တယ်။

"ငါ့နာမည် သစ်ဦးဆိုတာလောက်တော့ မင်းသိထားဖို့လိုမယ်ထင်တယ်"

အအေးကို ပိုက်ကလေးနဲ့ စုတ်သောက်နေရင်းကနေ သူ

www.burmeseclassic.com

www.burmeseclassic.com


မျက်လုံးလေး လှန်ကြည့်တယ်။ ပြီး ... ခပ်တည်တည်မျက်နှာပေးလေးနဲ့ ...

"အင်း ... နင့်နာမည်နဲ့ နင့်အကြောင်းတချို့တော့ နုနုခိုင်ပြောပြထားလို့ သိနေတယ်"

"ဒါနဲ့ နုနုခိုင်ပြောတဲ့အထဲမှာ ငါ့မှာ ရည်းစားမရှိ ဘာညာဆိုတဲ့ အတွင်းရေးတွေကော ပါသေးလား"

ဒီနေ့အဖို့ သူ့ရဲ့ ပထမဆုံး ဦးဆောင်မျက်စောင်းလေးထိုးလာတယ်။

"အဲဒီလောက်တော့ မပြောဘူး။ ငါ့အနေနဲ့လည်း သိဖို့မလိုဘူးလေ"

"ဪ ... အေး ... ထားပါတော့။ ခုလို ပြန်ဆုံတော့ ငါ စဉ်းစားမိတာတစ်ခုတော့ရှိတယ်"

သူက ဘာများလဲဆိုတဲ့အမူအရာနဲ့ ပြန်ကြည့်လာတယ်။ ကျွန်တော်က ...

"ဒီလိုလေ ... ကိစ္စတစ်ခုမှာ ပထမအကြိမ်ဆိုရင် မတော်တဆတဲ့။ ဒုတိယအကြိမ်ကတော့ တိုက်ဆိုင်တာပေါ့။ အဲ ... တတိယအကြိမ်ဆိုရင် ရန်သူ့လက်ချက်လို့ ဆိုတယ်"

စကားအဆုံးမှာ ယိမ်းနွဲ့က ပေစောင်းစောင်းလေး ပြန်ကြည့်လာတယ်။ ပြီးမှ ...

"ဘာလဲ ... ခုလို နင်နဲ့ပြန်ဆုံတာကို ငါ့ဘက်က တမင်ရည်ရွယ်ပြီး လုပ်ခဲ့တာလို့ ထင်နေတာလား"

www.burmeseclassic.com

"အဲလိုလည်း မဟုတ်ပါဘူး။ ငါက စဉ်းစားမိတာကိုပြောတာပါ။ ထားပါတော့။ ခု ... ငါက ဘယ်လိုကူညီရမှာလဲ။ နင်ကကော ဘာကိစ္စအတွက် ယတြာချေတာလဲ ... သိလို့ရမလား"

သူမျက်နှာလေး မသိမသာ တည်သွားတယ်။

"ဘာကြောင့် ယတြာချေတာလဲဆိုတာတော့ မပြောချင်ဘူး။ အဲဒါတော့ နားလည်ပေးပါ။ ငါ့အခက်အခဲတစ်ခုကြောင့် ယတြာချေတယ် လောက်ပဲ သိထားပေးပါ။ နင် ကူညီရမှာကတော့ စာအိတ်ထဲမှာ နုနုခိုင် ညွှန်ကြားထားတဲ့အတိုင်း ငါနဲ့အတူ လိုက်လုပ်ပေးဖို့ပဲ။ တချို့ကိစ္စတွေက နှင်ဝင်ကူညီမှရမယ်လို့ ပြောတယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ သူက မသိစေချင်တော့လည်း မသိရုံပေါ့။

"ဟုတ်ပြီလေ ... အဲလိုဆိုလည်း ယတြာချေမယ့်ကိစ္စကိုပဲ စလိုက်ကြရုံပေါ့။ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘာလုပ်ရမှာလဲ ပြော"

"ခဏ"

သူက ကျွန်တော့်ကို လက်ကာပြရင်း သူ့အိတ်ထဲက စာအိတ် တစ်အိတ်ကို အရင်ထုတ်လိုက်တယ်။ အဲဒီစာအိတ်ကို ဖွင့်ဖောက်ပြီး ဖတ်လိုက်ချိန်မှာပဲ သူ့ပါးစပ်[illegible]က ထွက်နေကျ အာမေဋိတ်သံလေး ထွက်ကျလာလေရဲ့။

"ဟဲ့"

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

"ဟဲ့"

အဲဒီလို သူ အာမေဋိတ် 'တ'ရင်လည်း 'တ'စရာပဲ။ သူ လှမ်းပေးတဲ့စာရွက်ကို ယူဖတ်ပြီး ကျွန်တော်လည်း မျက်လုံးပြူးသွားမိတယ်။ ယတြာက ဒီနေ့အဖို့ သုံးခုတောင် ချေရမှာတဲ့။ အချိန်တွေတော့ မတူဘူးပေါ့။ ဒါပေမဲ့ . . . လုပ်ရမှာက သိပ်တော့မလွယ်လှဘူး။

ပထမဆုံးယတြာက မနက်ပိုင်းမှာ သူများမောင်းနေတဲ့ ကားတစ်စီးကို ကားမောင်းတဲ့သူစိတ်ကြောင့် မဟုတ်ဘဲ ကိုယ့်လုပ်ရပ်ကြောင့် ရပ်သွားအောင် လုပ်ရန်ဆိုပဲ။ စားပြီ။

နေ့လယ်ပိုင်း ဒုတိယအနေနဲ့ ချေရမယ့်ယတြာက နည်းနည်းပိုခက်လာတယ်။ လူတစ်ယောက်က ကိုယ့်ရဲ့အပြုအမူကြောင့် စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com

အထင်လွဲပြီးမှ ပြန်တောင်းပန်ခြင်းခံရအောင် လုပ်ရမယ်တဲ့။

ခက်တော့ ခက်နေပြီ။ ညနေပိုင်း နောက်ဆုံးချေရမယ့် ယတြာကပဲ တော်ဦးမယ်။ လူအများ တန်းစီကာစောင့်ဆိုင်းဝယ်ယူနေကြသော အသုံးအဆောင်၊ အစားအသောက်၊ ပစ္စည်းတစ်ခုခုကို ထိုလူတွေအား ကျော်၍ အရဝယ်ရမယ်လို့ ပြောထားတယ်။

ချေရမယ့်ယတြာတွေကိုကြည့်ပြီး ကျွန်တော် တော်တော် ဦးနှောက်စားသွားတယ်။ တစ်ဆက်တည်း သူ့ကို ခပ်စွေစွေကြည့်လိုက်ပြီး . . .

"နင့်ယတြာတွေက ဟုတ်ကောဟုတ်ရဲ့လား ယိမ်းနွဲ့ရာ။ တစ်ရက်တည်း သုံးခုတောင်ချေရမှာဆိုတော့ မလွန်လွန်းဘူးလား။ နုနုခိုင်ဆီဖုန်းဆက်မေးကြည့်ပါဦး"

သူ့မျက်နှာလေး စူပုပ်ပုပ်လေးဖြစ်လာတယ်။ နှုတ်ခမ်းချွန်ချွန်လေးကလည်း စကားသံစူးစူးလေး ထွက်လာတယ်။

"ဟဲ့ . . . ဗေဒင်ဆရာက ယတြာချေခိုင်းတယ်ဆိုမှ ဈေးဆစ်လို့ရမလား။ ပြီးတော့ . . . နုနုခိုင်က ငါ့အခက်အခဲတွေ ပြေလည်စေချင်လို့ ဒီလို ခက်ခက်ခဲခဲလုပ်ရမယ့် ယတြာတွေ ပေးတာပဲဖြစ်မယ်"

ကျွန်တော် ခေါင်းကုတ်လိုက်မိတယ်။

"အဲဒါဆိုရင် ဒီနေ့အဖို့ ဒီယတြာသုံးခုစလုံး နင်ရအောင် ချေမှာပေါ့"

"ဟဲ့ . . . ချေရမှာပေါ့။ ဒီနေ့မှမဟုတ်ဘူး။ ဒီနေ့အပါအဝင် ငါးရက်လုံးလုံး ခုလို အိတ်ဖွင့်ယတြာတွေ ချေရဦးမှာ"

အိတ်ဖွင့်ယတြာတဲ့။ ကျွန်တော် နုနုခိုင်ကိုပဲ စိတ်ထဲက


www.burmeseclassic.com

www.burmeseclassic.com


ကျိန်ဆဲလိုက်မိတယ်။ ဗေဒင်ဆရာမက ဖြစ်မယ်မကြိုသေးဘူး၊ ပေးလိုက်တဲ့ ယတြာတွေဟာ ဆင်လောက်ရှိတယ်။

သူ ဒီယတြာတွေကို ချေမယ်ဆိုတော့လည်း ကျွန်တော့်မှာ စဉ်းစားရပြီ။ စဉ်းစားရင်းကပဲ သူ့ကို မေးကြည့်လိုက်တယ်။

"ဟုတ်ပြီလေ . . . နင် ချေချင်တယ်ဆိုတော့လည်း ချေရမှာပဲပေါ့။ ကဲ . . . ပထမဆုံး ယတြာက သူများမောင်းနေတဲ့ကားကို ကိုယ့်ကြောင့် ရပ်အောင်လုပ်ရမှာတဲ့။ အဲဒီအတွက် နင် ဘယ်လိုစဉ်းစားမိလဲ"

မျက်ခုံးလေးနှစ်ဖက်စုပြီး သူ အသည်းအသန် စဉ်းစားနေတယ်။ တော်ကြာတော့မှ ဟူးခနဲ လေပူမှုတ်ချလိုက်ရင်း . . .

"မသိဘူးလေ . . . ဘယ်လိုလုပ်ရမလဲ"

"ဟာ"

ကျွန်တော် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရတယ်။ သူစဉ်းစားနေလို့ ဟုတ်ပြီထင်နေတာ။ ကျွန်တော့်ကိုတောင် ပေမှေးမှေး လေးပြန်ကြည့်လာပြီး . . .

"နင်လည်း စဉ်းစားဦးလေ။ ဒီယတြာတွေအားလုံးက နင်နဲ့ အတူတူ ချေရမယ်ဆိုပြီး အကျုံးဝင်တာပဲဟာကို"

မြားဦးက ကျွန်တော့်ဘက် ပြန်လှည့်လာတယ်။ စဉ်းစားဆိုတော့လည်း စဉ်းစားပေးရတာပေါ့။

"အေးလေ . . . တကယ်လုပ်ရမှာက နင်ခိုပေမယ့် ကူစဉ်းစားပေးပါ့မယ်။ မောင်းနေတဲ့ကားကို နင့်ကြောင့် ရပ်သွားစေချင်ရင်တော့ အလွယ်ဆုံး တစ်နည်းပဲရှိတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ပြော ... ပြောပါဦး၊ ဘယ်လိုမျိုးလဲ"

အားတက်သရောလေး ပြန်မေးလာတဲ့ သူ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး ကျွန်တော် ပြောလိုက်တယ်။

"လွယ်ပါတယ်ဟာ။ ကားတွေ ရှုပ်ယှက်ခတ်နေတဲ့ လမ်းမထဲကို နင် ဖြတ်ပြေးလိုက်။ နင်ပြေးဝင်တာကိုကြည့်ပြီး ကားတစ်စီး မဟုတ်ဘူး ဆယ်စီးလောက် ရပ်သွားမယ်"

"ဘာပြောတယ်၊ နင် ... နင် ... ငါ့ကို သေသွားစေချင်လို့လား သစ်ဦး။ အဲဒီလိုဖြတ်ပြေးရင် ကားက ရပ်မှာမဟုတ်ဘူး။ ဝင်တိုက်ပြီး ငါ့အသက်ရှုရပ်သွားမှာဟဲ့"

ရှုတင်းတင်း ပြန်အော်လာတာကြောင့် ကျွန်တော် ဟီးခနဲ ရယ်လိုက်မိတယ်။ ပြီးမှ ... လေပြေလေးနဲ့ ...

"နောက်တာပါဟာ ... နင့်ကိုငါ အဲလိုလုပ်ခိုင်းပါ့မလား။ ခဏလေး ... ငါ စဉ်းစားနေပါတယ်"

တကယ်ပဲ ကျွန်တော် စဉ်းစားလိုက်ပါတယ်။ စဉ်းစားတော့လည်း အဖြေတစ်ခုက ရတယ်။ ဒါနဲ့ပဲ ထိုင်နေရာကနေ ထရပ်လိုက်ပြီး ...

"ငါ စဉ်းစားမိပြီ၊ လာ ... သွားရအောင် ယိမ်းနွဲ့"

ဆိုင်ထဲကနေ ကျွန်တော် ထထွက်လာတော့ သူလည်း နောက်ကနေ ခပ်သုတ်သုတ် လိုက်ပါလာတယ်။

ဆိုင်အပြင်ရောက်တော့ ကျွန်တော်က ...

"ယိမ်းနွဲ့ ... နင် ဒီကိုလာတော့ ကားပါလာသေးလား"

"ဟော့အေး ... ယကြာက ဘာတွေ ဘယ်လိုလုပ်ရမယ်ဆို


www.burmeseclassic.com

www.burmeseclassic.com 

မသိတော့ ကားယူမလာခဲ့ဘူး။ ခု လိုလို့လား''

ကျွန်တော် ခေါင်းခါလိုက်ရင်း ...

''မလိုပါဘူး။ ယူလာခဲ့ရင်လည်း လောလောဆယ် ဒီမှာ ခဏ ရပ်ထားခဲ့လို့ ပြောမလို့ပါ။ လာ ... သွားရအောင်''

''နေပါဦးဟဲ့ ... နင် စဉ်းစားလို့ရတယ်ဆိုတာက ဘာလဲဆိုတာ ငါ့ကို ပြောဦးလေ''

သူ ကျွန်တော့်နောက်ကနေ လိုက်လာရင်း တတွတ်တွတ် မေး နေတယ်။ ကျွန်တော်လည်း သူ့ကို 'စ' ချင်တာနဲ့ ချက်ချင်းမဖြေသေးဘူး။

''လာမှာသာလာစမ်းပါဟာ။ နင့်ယတြာ အောင်မြင်ပြီလို့သာ မှတ်ထား။ အဲ ... နင် နည်းနည်းတော့ အရှက်မရှိမှဖြစ်မယ် ယိမ်းနွဲ့''

''ဟဲ့''

စူးစူးဝါးဝါး အော်ပြန်တယ်။ ကျွန်တော်က ရယ်ရင်း ...

''ပါးပါးလေးပါဟာ။ အဓိက,က နင့်ယတြာချေလို့ရဖို့ပဲမလား''

သူ စိတ်ရှုပ်လာပုံရတယ်။ ဘာမှမပြောတော့ဘဲ ကျွန်တော့်နောက် ကနေ မှုန်ကုတ်ကုတ်လေးနဲ့ လိုက်လာလေရဲ့။ လျှောက်လာရင်းနဲ့ ဘတ်စ်ကား မှတ်တိုင်နားကိုရောက်လာကြတယ်။ မှတ်တိုင်မှာ ကျွန်တော် ရပ်လိုက်တော့ သူလည်း ဘေးနားမှာ အသာရပ်နေတယ်။ ဝေ့ခနဲ တိုက် လိုက်တဲ့လေနဲ့အတူ သူ့ကိုယ်သင်းနံ့လေးက ကျွန်တော်ဆီ ခုန်သင်းလာတယ်။ ကျွန်တော် ဆတ်ခနဲ ငဲ့ကြည့်လိုက်တော့ သူ မျက်စောင်းထိုးပြန်တယ်။

စီးရမယ့်ကား မလာသေးလို့ စောင့်နေတဲ့ပုံစံမျိုးနဲ့ ကျွန်တော် စောင့်နေတာပါ။ အဲဒီအချိန်မှာပဲ မှတ်တိုင်ဆီမောင်းဝင်လာတဲ့ အထူး



www.burmeseclassic.com

www.burmeseclassic.com

ကားတစ်စီးကို တွေ့လိုက်ရတာမို့ ကျွန်တော်က –

"ယိမ်းနွဲ့ ... ငါတို့ ဒီကားစီးရမှာ"

"ဟင် ... ဒီကား ဟုတ်လား"

ခရီးသည် အတော်ကြီးပြည့်နေတဲ့ ကားကိုကြည့်ပြီး သူ ပြန်မေးလာတယ်။ ကျွန်တော် ခေါင်းညိတ်ပြရင်း ကားပေါ် ခွေ့ခနဲ တက်လိုက်တော့ သူလည်း တက်လိုက်လာတယ်။

ကားပေါ်ရောက်တော့ ကျွန်တော်က အတွင်းပိုင်းဆီကို ဆက်တိုးသွားရင်း ...

"ယိမ်းနွဲ့ ... ငါ့နောက်ကနေ ငါးဖယ်တိုးလေး တိုးပြီး လိုက်ခဲ့"

"အာ ... ဒုက္ခပဲ"

သနားစရာတော့ ကောင်းပါတယ်။ လိုင်းကားစီးနေကျ မဟုတ်တော့ သူ့အတွက် ခက်ခဲနေပုံပဲ။ ကျွန်တော့်အင်္ကျီစကို ဆွဲပြီး လိုက်ပါလာတယ်။ ယာဉ်နောက်လိုက်က ပိုက်ဆံလာတောင်းတော့ သူပဲ ပိုက်ဆံအိတ်ထဲက ထုတ်ပြီး ပေးလိုက်တယ်။ နှစ်ယောက်သားစီးလာခဲ့ကြရင်း နောက်ထပ်တစ်မှတ်တိုင်ကျော်လောက်မှ ကျွန်တော် သူ့မနားကပ်ပြီး တီးတိုးလေး ပြောလိုက်တယ်။

"ယိမ်းနွဲ့ ... နင့်လက်ထဲက ပိုက်ဆံအိတ်ကို အောက်ကို မသိမသာ လွှတ်ချလိုက်။ ပြီးရင် ... ခါးပိုက်နှိုက်၊ ခါးပိုက်နှိုက်လို့ အော်လိုက်တော့၊ မြန်မြန်လုပ်"

"ဟဲ့"

သူ လန့်သွားတဲ့ပုံစံနဲ့ ရေရွတ်ရင်း ကျွန်တော့်ကို ပြူးကြောင်ကြည့်လာတယ်။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က အရေးကြီးဟန်နဲ့ ...

"ယိမ်းနွဲ့ ... မြန်မြန်လုပ်လေ။ အဲဒါမှ နင့်ယတြာ အောင်မြင်မှာ"

အဲဒီတော့မှ သူလည်း သဘောပေါက်သွားပုံပေါ်တယ်။ အရှက်မရှိ လုပ်ရမယ်ဆိုတာကိုလည်း နားလည်သွားပုံရတယ်။ ချက်ချင်းပဲ လက်ထဲက ပိုက်ဆံအိတ်ကို အောက်လွှတ်ချလိုက်ပြီး ...

"ခါးပိုက်နှိုက် ... ခါးပိုက်နှိုက်။ ကျွန်မပိုက်ဆံအိတ် မရှိတော့ဘူး"

ရုတ်တရက် ထွက်ပေါ်လာတဲ့ ယိမ်းနွဲ့အသံစူးစူးလေးကြောင့် လူတွေ ဝုန်းခနဲ လှည့်ကြည့်လာကြတယ်။ အထာနပ်နေပုံရတဲ့ စပါယ်ယာကလည်း လှမ်းအော်လိုက်တယ်။

"ဆရာရေ ... ခါးပိုက်နှိုက်တဲ့။ ကားရပ်လိုက်ပါဦး။ ခရီးသည်တွေ တစ်ယောက်မှ မဆင်းနဲ့နော်"

ကားက ရုတ်ခြည်းဆိုသလို လမ်းဘေးမှာ တုံ့ခနဲ ရပ်သွားလေရဲ့။ ကားစပါယ်ယာက ကျွန်တော်တို့ဘက်ဆီ တိုးဝင်လာပြီး ...

"ခုနကအော်တာ ဘယ်သူလဲဗျ။ ဘာပျောက်သွားလို့လဲ"

ဒီနေရာမှာတော့ ယိမ်းနွဲ့ဟာ သရုပ်ဆောင်အတော်ကောင်းပါတယ်။ သူကိုယ်သူ ပြန်ဆန်းစစ်တဲ့ပုံစံနဲ့ ကြည့်လိုက်ပြီး -

"ကျွန်မပိုက်ဆံအိတ် ပျောက်သွားလို့"

အနားမှာရှိတဲ့ကျွန်တော်လည်း ခပ်တည်တည် ဝင်ပြောရတော့တယ်။

"ဟာ ... ခါးပိုက်နှိုက်ခံရတာ သေချာလို့လား ယိမ်းနွဲ့ရာ။


www.burmeseclassic.com

www.burmeseclassic.com

အောက်များ ပြုတ်ကျတာလား ကြည့်ပါဦး''

ခရီးသည်တွေကတော့ ကျွန်တော်တို့နှစ်ယောက်ကို အာရုံစိုက်နေတုန်းပဲ။ ယိမ်းနွဲ့နဲ့ ကျွန်တော် ကားကြမ်းပြင်ဆီ ကုန်းကွကွလေးရှာတော့ ခရီးသည်တွေက နေရာချဲပေးကြတယ်။

ပိုက်ဆံအိတ်ကလေးဟာ ကားကြမ်းပြင်မှာပဲ အသင့်စောင့်နေပါတယ်။ တကယ်လည်း ခါးပိုက်နှိုက်ခံရတာမှ မဟုတ်တာကိုး။ ယိမ်းနွဲ့က ဝမ်းသာဟန်နဲ့ သူ့ပိုက်ဆံအိတ်ကို ငုံ့ကောက်လိုက်ရင်း ...

"တွေ့ပြီ ... တွေ့ပြီ၊ အောက်ကို ပြုတ်ကျနေတာရှင့်။ အားလုံးကို ဆောရီးပဲနော်"

အားလုံးကို ဝေ့ကြည့်ပြီး စပ်ဖြီးဖြီးလေးပြောလိုက်တော့မှ ခရီးသည်တွေဆီက ပွစိပွစိအသံတွေ ထွက်လာကြတော့တယ်။

စပါယ်ယာက ပေစောင်းစောင်းနဲ့ကြည့်လာပြီး ...

"ခင်ဗျားဗျာ ... ကိုယ့်ဟာကိုယ် နှိုက်ခံရမှန်း၊ ထွက်ကျမှန်းတောင် မသိဘူးလား"

"ဟဲ့ ... မသိလို့ပေါ့၊ သိရင်အော်မလား၊ အားအားယားယား"

အဲဒီတော့မှ ကားစပါယ်ယာလည်း ဘာတွေမှန်းမသိ ပွစိပွစိ ရေရွတ်ပြီး ကားဆရာကို ပြန်မောင်းခိုင်းလိုက်ပါတယ်။

ကားပြန်မောင်းထွက်သွားတယ်ဆိုရင်ပဲ ယိမ်းနွဲ့ရဲ့လုပ်ရပ်ကြောင့် ကားရပ်သွားစေတဲ့ ယတြာဟာ ချေပြီးစလစ်ဖြစ်သွားပါပြီ။

နောက်တစ်မှတ်တိုင်ကိုရောက်တော့ ကျွန်တော်တို့နှစ်ယောက် ကားပေါ်က ဆင်းလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


အောက်ရောက်တော့ ကျွန်တော်က ...

"ကဲ ... ပထမဆုံးယတြာကတော့ ချေပြီးသွားပြီနော် ယိမ်းနွဲ့"

"အေး ... ပြီးတော့ပြီးသွားတာပဲ။ ငါတော့ သေချင်စော်နံရောပဲ သစ်ဦး။ ဘယ်လိုလုပ်မယ်ဆိုတာကိုတော့ ကြိုပြောထားလေဟာ"

"ဩော် ... ငါကလည်း နင်ကိုယ်တိုင် ရင်ခုန်စိတ်လှုပ်ရှားစေချင်လို့ ကြိုမပြောတာပါ။ ဘာပဲဖြစ်ဖြစ် ခု အောင်မြင်တာပဲ မဟုတ်လား"

ခုမှ သူ့မျက်နှာလေး ပြန်ကြည်လင်လာပြီး သက်ပြင်းကို စိတ်လွတ်ကိုယ်လွတ် ချလိုက်တယ်။ သူ့နဖူးစပ်လေးမှာ သီးခိုနေတဲ့ ချွေးစလေးတွေကိုကြည့်ပြီး ကျွန်တော် သနားသွားတာအမှန်ပဲ။

အဲဒီအချိန်မှာပဲ သူက ...

"ကဲ သစ်ဦး ... နောက် ယတြာတစ်ခု မချေခင် အအေးသွားသောက်ရအောင်"

ကျွန်တော် ကျေနပ်စွာပဲ ခေါင်းညိတ်ပြလိုက်ပါတယ်။ ကျွန်တော့်အဖို့ ဘယ်လိုအနေအထားမျိုးနဲ့ပဲဖြစ်ဖြစ် လောလောဆယ် သူနဲ့အတူ ရှိနေရင် ပြည့်စုံနေတာပဲဆိုရင် ခင်ဗျား ဘာပြောမလဲ။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒုတိယယတြာမချေခင်မှာတော့ ဘယ်လို ဘယ်ပုံချေမယ်ဆိုတာ သူ့ကို ကျွန်တော် ကြိုပြောထားပါတယ်။ ကျွန်တော်စဉ်းစားမိတဲ့ အစီအစဉ်ကိုလည်း ပြောပြီးရော သူက မျက်နှာသုန်သုန်မှုန်မှုန်လေးနဲ့ ...

"နင့်အစီအစဉ်တွေကလည်းဟာ ... ငါ အရှက်မရှိလုပ်နေရမှာ တွေချည်းပဲ"

"အဲလိုဆိုလည်း တခြားနည်းလမ်းကို နင်စဉ်းစားကြည့်လေ။ ဒါလည်း ငါစဉ်းစားမိတာကို ပြောတာ"

သူ အအေးဆိုင်ထဲမှာထိုင်ပြီး စဉ်းစားနေပါသေးတယ်။ ကျွန်တော်ကတော့ စောင့်ပေးရုံပါပဲ။ သူ ယတြာချေလို့ရအောင်လည်း နည်းတစ်နည်း စဉ်းစားပေးပြီးပြီလေ။ အဲဒါကို ချေးဆစ်နေလေးတယ်။



www.burmeseclassic.com

www.burmeseclassic.com


လူတစ်ယောက်က သူ့ကို အထင်လွဲပြီး စိတ်ဆိုးမယ်၊ ပြီးရင် ... ပြန်တောင်းပန်ရမယ်။ အဲဒီလိုဖြစ်ဖို့ လုပ်ရမှာက လွယ်တာမှမဟုတ်ဘဲ။

ခဏနေတော့ သူငြိမ်နေရာကနေ လှုပ်ရှားလာပါတယ်။ သူ့ရှေ့ခွက်ထဲက သံပရာရည်ကိုလည်း အကုန်မော့ချလိုက်တယ်။ ပြီး ... ပိုက်ဆံလည်း ရှင်းလိုက်တယ်။ အားလုံးပြီးတော့မှ ကျွန်တော့်ကိုကြည့်ပြီး ...

"ကဲ ... သွားရအောင် သစ်ဦး"

ကျွန်တော်လည်း အလိုက်သင့် ထရပ်လိုက်ရင်း ...

"နင် တခြားနည်းလမ်းစဉ်းစားလို့ရပြီပေါ့ ဟုတ်လား"

သူ ခပ်သွက်သွက် ခေါင်းခါလိုက်ရင်း မျက်နှာမူနကုတ်ကုတ်လေးနဲ့ ...

"မရဘူး၊ နင့်အစီအစဉ်အတိုင်းပဲ လုပ်ရတော့မှာ"

"အေးလေ ... နင့်ယကြာချေဖြစ်ဖို့က ပိုအရေးကြီးတာပါလေ။ ခု အစီအစဉ်အတွက်တော့ ငါတို့ ကားမှတ်တိုင်ကိုပြန်သွားပြီး သားကောင်အရင်ရှာမှရမယ်"

သူက သဘောတူတဲ့ပုံစံလေးနဲ့ ခပ်လေးလေး ခေါင်းညိတ်ပြတယ်။ နှစ်ယောက်သား အအေးဆိုင်ကနေ ကားမှတ်တိုင်ဆီကို ပြန်လျှောက်လာခဲ့ကြတယ်။

မှတ်တိုင်ရောက်တော့ ကျွန်တော်က အရင်ဝေ့ကြည့်လိုက်တယ်။ မှတ်တိုင်ကခုံမှာ ထိုင်နေတဲ့သူတွေကိုတော့ သွားလုပ်လို့မရဘူး၊ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com

တို့ရဲ့ပစ်မှတ်က ရပ်နေတဲ့လူတွေထဲက တစ်ယောက်ယောက်မှဖြစ်မှာ။

သုံးမိနစ်လောက် လှေ့လာလိုက်တော့ ကားမှတ်တိုင်မှာရပ်ရင်း တစ်စုံတစ်ယောက်ကို စောင့်မျှော်နေပုံရတဲ့ အသက်သုံးဆယ့်ငါးလောက် လူတစ်ယောက်ကို သွားတွေ့တယ်။

အဲဒီလူက သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဖုန်းကိုကြည့်လိုက်၊ တစ်ယောက်ယောက်ကို မျှော်နေဟန်နှင့် ဘေးဘယ်ညာကို လှမ်းလှမ်းကြည့်လိုက်လုပ်နေတယ်။ ဟုတ်ပြီ . . . ဒီလူဟာ ကျွန်တော်တို့အတွက် ပစ်မှတ်ပဲ။

ကျွန်တော်က သူ့ဘေးနားကို အသာကပ်ပြီး တိုးတိုးပြောလိုက်တယ်။

"ယိမ်းနွဲ့ . . . ဟိုရှေ့နားက စပို့ရှပ်အပြာနဲ့ လူကိုတွေ့လား။ အဲဒီလူနဲ့ ကွက်တိပဲ သွားလိုက်တော့"

ရွေးစရာမရှိတော့တဲ့ပုံစံနဲ့ သူဟာ လေလေးတစ်ချက်မှုတ်ပြီး ကားမှတ်တိုင်ဆီကို မယောင်မလည် ထွက်သွားလေရဲ့။

ကျွန်တော်ကတော့ ခပ်လှမ်းလှမ်းကပဲ ကြည့်နေလိုက်တယ်။ စိတ်ထဲကတော့ ဗီဒီယိုရိုက်ကွင်းတွေမှာလို အက်ရှင် . . . ဝမ်းတူးသရီးလို့ အော်ပေးနေတယ်။

စီစဉ်ထားတဲ့အတိုင်းပဲ။ ယိမ်းနွဲ့ဟာ အဲဒီလူရဲ့ ရှေ့တည့်တည့် တစ်ပေအကွာလောက်မှာ ကျောပေးပြီး သွားရပ်နေတယ်။ ဟိုလူလည်း သူ့ရှေ့မြင်ကွင်းကို ယိမ်းနွဲ့ ပိတ်လိုက်လို့လားမသိဘူး။ ဘေးဘက်ကို မသိမသာ ရွှေ့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

တို့ရဲ့ပစ်မှတ်က ရပ်နေတဲ့လူတွေထဲက တစ်ယောက်ယောက်မှဖြစ်မှာ။

သုံးမိနစ်လောက် လှေလာလိုက်တော့ ကားမှတ်တိုင်မှာရပ်ရင်း တစ်စုံတစ်ယောက်ကို စောင့်မျှော်နေပုံရတဲ့ အသက်သုံးဆယ့်ငါးလောက် လူတစ်ယောက်ကို သွားတွေ့တယ်။

အဲဒီလူက သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဖုန်းကိုကြည့်လိုက်၊ တစ်ယောက်ယောက်ကို မျှော်နေဟန်နှင့် ဘေးဘယ်ညာကို လှမ်းလှမ်းကြည့်လိုက်လုပ်နေတယ်။ ဟုတ်ပြီ ... ဒီလူဟာ ကျွန်တော်တို့အတွက် ပစ်မှတ်ပဲ။

ကျွန်တော်က သူ့ဘေးနားကို အသာကပ်ပြီး တီးတိုးပြောလိုက်တယ်။

"ယိမ်းနွဲ့ ... ဟိုရှေ့နားက စပို့ရှပ်အပြာနဲ့ လူကိုတွေ့လား။ အဲဒီလူနဲ့ ကွက်တိပဲ သွားလိုက်တော့"

ရွေးစရာမရှိတော့တဲ့ပုံစံနဲ့ သူဟာ လေလေးတစ်ချက်မှုတ်ပြီး ကားမှတ်တိုင်ဆီကို မယောင်မလည် ထွက်သွားလေရဲ့။

ကျွန်တော်ကတော့ ခပ်လှမ်းလှမ်းကပဲ ကြည့်နေလိုက်တယ်။ စိတ်ထဲကတော့ ဗီဒီယိုရိုက်ကွင်းတွေမှာလို အက်ရှင် ... ဝမ်းတူးသရီးလို့ အော်ပေးနေတယ်။

စီစဉ်ထားတဲ့အတိုင်းပဲ။ ယိမ်းနွဲ့ဟာ အဲဒီလူရဲ့ ရှေ့တည့်တည့် တစ်ပေအကွာလောက်မှာ ကျောပေးပြီး သွားရပ်နေတယ်။ ဟိုလူလည်း သူ့ရှေ့မြင်ကွင်းကို ယိမ်းနွဲ့ ပိတ်လိုက်လို့လားမသိဘူး။ ဘေးဘက်ကို မသိမသာ ရွှေ့သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com


သူခိုးလူမိသွားတဲ့ပုံစံနဲ့ ဒင်းမျက်နှာ အထားရခက်နေချိန်မှာပဲ ယိမ်းနွဲ့က ဒေါသထွက်တဲ့ပုံစံနဲ့ တော်ကီပြင်းပြင်းတွေ လွှတ်ပါတော့တယ်။

"ဒီမှာ ရှင် ဘယ်လိုလူလဲ၊ ဘာဖြစ်လို့ ကျွန်မနောက်ပိုင်းကိုပဲ လိုက်ကြည့်နေတာလဲ"

ယိမ်းနွဲ့ရဲ့အသံက အတော်ကျယ်သွားလို့ အနီးနားကလူတွေလည်း ဝိုင်းကြည့်လိုက်ကြတယ်။ ဟိုလူလည်း မျက်နှာတစ်ခုလုံး နီရဲရှက်အမ်းသွားပြီး အထစ်ထစ်အငေါ့ငေါ့လေသံနဲ့ ...

"ဟာ ... မဟုတ်ဘူးလေ၊ မင်းဟာ ငါ့ရှေ့လာရပ်နေတာကိုး။ ငါကြည့်တယ်ဆိုတာကလည်း"

ဟိုလူက သူ့ရဲ့ ဂုဏ်သိက္ခာအတွက် အလျင်အမြန်ပဲ ရှင်းပြဖို့ ကြိုးစားရာတယ်။ ဒါပေမဲ့ ... ယိမ်းနွဲ့က အပြောမခံဘူး။ ချက်ချင်းဆိုသလို ပြန်ပြောလိုက်ပြန်တယ်။

"ဘာမဟုတ်ဘူးလဲ၊ ကြည့် ... ကြည့်တယ်ပေါ့။ သူခိုးလူမိသွားမှ မုန်လာဥလုပ်ချင်မနေနဲ့၊ နှာဘူးကြီး"

စကားအဆုံးမှာတော့ အဲဒီလူဟာ ရှက်နေရင်းကနေ ဒေါသထွက်သွားပုံရတယ်။

နှာဘူးလို့လည်း ပြောလိုက်တာကိုး။ ချက်ချင်းဆိုသလို ရှူးရှူးရှဲရှဲဖြစ်လာပြီး ...

"ဒီမှာ မိန်းကလေး ... မင်း ငါ့ကို စော်ကားသလိုဖြစ်နေပြီနော်။ မင်း ငါ့ရှေ့က ပိတ်ရပ်နေလို့ ငါက ဘေးဖယ်ပေးတာ။ ငါ ဖယ်လိုက်တဲ့နေရာကို မင်းက ထပ်ရပ်တယ်။ အဲဒါကြောင့် မကြည့်ချင်လည်း မြင်

www.burmeseclassic.com

www.burmeseclassic.com


နေရတာကွ။ လာစွပ်စွဲမနေနဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မေးဦး။ ငါက လိုက်ကြည့်တာလား။ မင်းက လိုက်ပြနေလားဆိုတာ”

ဟိုလူ ဒေါသတကြီး ပြန်ပြောလိုက်တော့ ယိမ်းနွဲ့လည်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေရှာတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော်က သူတို့အနားကို ခပ်သွက်သွက် ပြေးသွားလိုက်ပြီး ...

“ဆောရီးပါဗျာ ... သူက ကျွန်တော့်ညီမလေးပါ။ သူက စိတ်နည်းနည်းနောက်နေလို့ပါ”

ဟိုလူ့ကိုပြောရင်းနဲ့ ယိမ်းနွဲ့ဘက်ကို လှည့်ပြီး ...

“နင်ကလည်း ငါ့နားနေပါဆို၊ ဘယ်တွေ လျှောက်သွားနေတာလဲ။ ဒီကအစ်ကိုကြီးကို အားနာစရာ”

ကျွန်တော့်စကားလည်းဆုံးရော အဲဒီလူဟာ ယိမ်းနွဲ့ကို အစုန်အဆန်ကြည့်လိုက်ပြီး ...

“ဪ ... သူက ဂေါက်နေတာလား။ မထင်ရဘူးနော်၊ ရုပ်ကလေး အချောသားနဲ့”

အဲဒီအချိန်မှာပဲ ယိမ်းနွဲ့က စီစဉ်ထားတဲ့အတိုင်း ငိုချလိုက်ပါတယ်။ ကွက်တိပါပဲ။ ကျွန်တော်တောင် ဘာမှထပ်မပြောရဘူး။ အဲဒီလူက ယိမ်းနွဲ့ကိုကြည့်ပြီး သနားဟန်နဲ့ ...

“ဆောရီးပါ ညီမလေးရယ် ... ကိုကြီး တောင်းပန်ပါတယ်။ ကိုကြီးက မသိလို့ အထင်လွဲပြီး အော်မိတာပါ။ တိတ်တော့ ... တိတ်တော့”


www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ စေတနာတွေကျွံပြီး ယိမ်းနွဲ့ကို မျက်ရည်သုတ်ပေးဖို့ လက်တောင်ဟန်ပြင်လိုက်တယ်။ ဒါမျိုးကျတော့ ဒေါ်ယိမ်းနွဲ့တို့ကလည်း လည်ပါတယ်။

သူ့ကိုယ်လေးကို ဆတ်ခနဲ ယို့လိုက်တယ်။ ကျွန်တော်ကပါ ယိမ်းနွဲ့ရဲ့လက်ကို ဆတ်ခနဲ ပွစိပွစိပြောရင်း ထွက်လာခဲ့တယ်။

"ကဲ လာလာ ... နင့်ကို ထိန်းရတာလည်း မလွယ်ဘူး။ ဒီ အစ်ကိုကြီးက နွားဘူးကြီးမဟုတ်လို့သာပေါ့၊ နွားဘူး မုဒိန်းကောင်ကြီး ဆိုရင် ဘယ်လိုလုပ်မလဲ"

ဟိုလူတော့ ဘယ်လိုပုံစံနဲ့ ကျန်ခဲ့မလဲမသိဘူး။ ခပ်လှမ်းလှမ်း ရောက်တော့ ယိမ်းနွဲ့က ကျွန်တော်ဆွဲလာတဲ့ သူ့လက်ကလေးကို ဆောင့်ဆွဲကာ ရုန်းလိုက်ပြီး ...

"ဟဲ့ ... ရပြီ၊ ငါ့လက်ကို လွှတ်တော့"

"အေးပါ ... ငါကလည်း သိပ်ကိုင်ထားချင်လို့ မဟုတ်ပါဘူး။ နင့်ရဲ့ဘယ်ဘက်လက်ကြီးကို"

ကျွန်တော်လွှတ်ပေးရင်း ပြောလိုက်တော့ သူ့မျက်နှာလေး ရဲ သွားတယ်။ တစ်ဆက်တည်း မျက်စောင်းထိုးလာပြီး ...

"ငါ့လက်က ဘယ်ဖြစ်ဖြစ်၊ ညာဖြစ်ဖြစ် သန့်တယ်။ သိရဲ့လား"

"ပြောတတ်ဘူးလေ၊ နင်နဲ့ငါက တစ်အိမ်တည်းအတူနေတာမှ မဟုတ်တာ"

"ဟဲ့ ... နင် ဘယ်လိုဖြစ်နေတာလဲ၊ သစ်ဦးနော်"

အဲဒီတော့မှ ကျွန်တော်ရယ်ရင်း သူ့ကို 'စ' နေတာကို ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com


ပါတယ်။ ပြီးတော့မှ …

"ကဲ … ဒေါ်ယိမ်းနွဲ့ … ခုဆို ဒုတိယယတြာလည်း အောင်မြင်သွားပြီနော်"

သူက လေပူသေးသေးလေး မှုတ်ထုတ်လိုက်ရင်း …

"ယတြာအောင်မြင်တာကတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ … နှင်းစီစဉ်လိုက်တာတွေက လုပ်ရတာမလွယ်ဘူးနော် သစ်ဦး"

"အင်း … မလွယ်ဆို၊ နှင့်ကိုချေခိုင်းတဲ့ ယတြာတွေကကော အိမ်ကဘုရားမှာ ဖယောင်းတိုင် သက်စေ့ပူဇော်ပါဆိုတာလောက် လွယ်လို့လား"

"အဲဒါတော့ ဟုတ်ပါတယ်"

သူ စဉ်းစဉ်းစားစားပြောတော့ ကျွန်တော်က ဖိပြောလိုက်တယ်။ စကားကို ဖိပြောတာပါ။ သူ့ခေါင်းကို လက်နဲ့ဖိပြီး ပြောတာတော့ မဟုတ်ဘူး။

"နှင် နုနုခိုင်ကို ပြန်ပြီးမေးကြည့်ပါဦးဟာ။ ယတြာပေးတာက လွယ်လွယ်ကူကူမဟုတ်ဘဲ နိုင်ငံတကာအဆင့်မီ ယတြာတွေများ ပေးနေလားလို့"

စကားဆုံးတော့ သူရယ်လိုက်တယ်။

ပြီးမှ …

"ခက်ခက်ခဲခဲ လုပ်ခိုင်းတယ်ဆိုတာကလည်း ငါ့ရဲ့အခက်အခဲကို မြန်မြန်အဆင်ပြေစေချင်လို့ ဖြစ်မှာပေါ့ဟာ။ ဘာလဲ … နှင်က မကူညီချင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... ငါကတော့ အရိုးကြေကြေ အရေခမ်းခမ်းပဲ"

"ကူညီမယ်ပေါ့"

ပြောရင်း ပြုံးလာတဲ့ သူမျက်နှာလေးဟာ ကျွန်တော့်စကားကြောင့် ပြန်တည်သွားလေရဲ့။

"မဟုတ်ဘူး ... ဗိုက်ဆာနေတာ အရိုးကြေကြေ အရေခမ်းခမ်း ဖြစ်နေပြီလို့ ပြောတာ။ ငါ့ကို ထမင်းကျွေးဖို့ စဉ်းစားဦး"

"အေးပါ ... အငတ်ရယ်"

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ဒီနေ့အဖို့ ခုမှပဲ ထမင်းအေးအေးလူလူစားဖြစ်တော့တယ်။ Aircon ရှိတဲ့ စားသောက်ဆိုင်မှာ ကျွေးတာဆိုတော့ ပိုပြီးအေးအေးလူလူ ရှိလှပါတယ်။ ပြီးတော့ ...သူ့လို လှတီးလှတကောင်မလေးနဲ့ မျက်နှာချင်းဆိုင် လက်ဆုံစားရတာလေ။ ဘယ်သကောင့်သားကများ မကျေနပ်ဘဲနေမှာတုံး။

ဆိုင်က မြန်မာထမင်းဆိုင်ဆိုတော့ ကျွန်တော်က မတူတဲ့ ငါးဟင်းနှစ်မျိုး မှာလိုက်တယ်။ သူကတော့ အသားဟင်းနှစ်မျိုး မှာတယ်ခင်ဗျ။

မှာထားတဲ့ထမင်းဟင်းတွေရောက်လာလို့ စားကြသောက်ကြတော့ ကျွန်တော်က သူမှာထားတဲ့ အသားဟင်းတစ်ဖတ်တလေ ယူစားပါတယ်။ သူကတော့ ကျွန်တော့်ငါးဟင်းနှစ်ခွက်ကို တို့တောင်မတို့ဘူး။ ရှော်နေလို့လား



www.burmeseclassic.com

www.burmeseclassic.com

မသိဘူး။

စားရင်းနဲ့ ကျွန်တော်စပ်စုကြည့်ပါသေးတယ်။

"နင့်ရဲ့အခက်အခဲက ဘာလဲတော့မသိဘူး ယိမ်းနွဲ့။ ဒါပေမဲ့ ... ခုလိုတွေ ယတြာချေလိုက်တော့ နင့်အခက်အခဲတွေက အဆင်ပြေသွားမယ် ထင်လို့လား"

သူ ဝါးလက်စ ထမင်းတွေကို မျိုချလိုက်ပြီးမှ ကျွန်တော့်ကို မဲ့မဲ့ပြုံးပြလာတယ်။

"ထင်တာပေါ့၊ ထင်လို့ပဲ ခက်ခက်ခဲခဲလိုက်လုပ်ရတာ နင့်အမြင်ပဲလေ"

ကျွန်တော် နှုတ်ခမ်းတွန့်ရင်း ခေါင်းညိတ်လိုက်မိတယ်။

"ငါတော့ အံ့သြမိတယ် ယိမ်းနွဲ့။ နင့်လိုခေတ်မီတဲ့ပုံစံနဲ့ ကောင်မလေးက ခုလို ဗေဒင်ယတြာတွေကို ယုံတယ်ဆိုလို့ပါ"

"ဟဲ့ ... နင်ကလည်း ခေတ်မီအောင်နေတာက နေတာပဲလေ။ ဗေဒင်ယတြာဆိုတာကလည်း လက်မခံလို့မှမရတာ"

"တစ်ခုတော့ရှိတယ် ယိမ်းနွဲ့။ လက်ခံတယ်ဆိုတာက ယုံတာမဟုတ်ဘူးနော်"

"နင်ပြောတာကို ငါ သိပ်နားမလည်ဘူး"

မေးလာတော့လည်း ရှင်းပြရပြန်တယ်။

"ဒီလိုဟာ ... နင်ပြောသလို ဗေဒင်ယတြာတွေဆိုတာက ဟိုးအရင် ဘုရင်တွေလက်ထက်ကလည်းရှိခဲ့တာဆိုတော့ အဲဒီပညာရပ်ကိုငါ လက်ခံပါတယ်။ လေးလည်း လေးစားတယ်။ ဒါပေမဲ့ ... နင့်လို ယုံယုံ


www.burmeseclassic.com

www.burmeseclassic.com 

ကြည်ကြည်နဲ့တော့ ဗေဒင်မေး ယတြာတွေချေတာမျိုး ငါ မလုပ်ဖူးဘူး။ ငါ့အကြောင်း ငါ့လောက် သိနိုင်မှာမို့လို့ပဲ။ မနေ့က ငါ ဘာလုပ်ခဲ့တယ်ဆိုတာကို ငါ့လောက် ဘယ်သူမှ မှန်အောင်မပြောနိုင်ဘူး။ ဒီလိုပဲ မနက်ဖြန် ဘာလုပ်မယ်ဆိုတာကိုလည်း ငါပဲ သိမယ်။ လွဲသွားရင် နည်းနည်းပဲ''

သူ ရယ်တယ်။ ထမင်းစားနေတာကို ရပ်ပြီး ဖိဖိစီးစီးရယ်တာပါ။

''နင် ဘာလုပ်မယ်ဆိုပြီး ကြိုတွေးထားပေမယ့် ခုနက ပြောသလို နည်းနည်း လွဲသွားမယ့်ကိစ္စကို ကြိုသိနိုင်တာကျ ဗေဒင်ပညာပဲလေ။ အဲဒါကို ကော လက်ခံလား''

''ဟင်''

ကျွန်တော် နည်းနည်းတော့ ကြောင်သွားတယ်။ အငိုက်မိသွားတဲ့ ကျွန်တော့်ပုံစံကိုကြည့်ပြီ သူ ထပ်ရယ်ပါလေရော။ သူ့အပြောကို စဉ်းစားရင်းနဲ့ ယိမ်းနွဲ့ဟာ ပေါ့တော့တော့ ကောင်မလေး မဟုတ်ဘူးဆိုတာ ကျွန်တော် သဘောပေါက်ရိပ်စားမိလာတယ်။

ကျွန်တော်လည်း ဆက်မငြင်းချင်တော့လို့ အလိုက်သင့် ရယ်လိုက်ပြီး ...

''ဒါဆို နင်က ယုံ့ယုံ့ကြည်ကြည်နဲ့ လုပ်နေတာပဲ''

''သက်သေပြချင်လို့ပါ''

''ဟင် ... ဘာကိုသက်သေပြမှာလဲ''

ကျွန်တော် ဆတ်ခနဲ ပြန်မေးလိုက်လို့ သူကြောင်အမ်းသွားပြီး မှ...



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... ငါ့ဟာငါ ဘာသက်သေပြပြပေါ့။ ငါ အခု ယုံယုံကြည်ကြည်နဲ့လုပ်နေတယ်ဆိုတာ နင်သိပြီပဲ၊ လိုက်စပ်စုနေတယ်"

မျက်စောင်းထိုးရင်း စူပွပွလေးပြောလာလို့ ကျွန်တော် ဇက်ပုသွားရတယ်။ အဲဒီအချိန်မှာပဲ သူက ထမင်းစားတဲ့ကိစ္စကို လက်စသတ်လိုက်ပါပြီ။ ကျွန်တော်လည်း နောက်ဆုံး ထမင်းလုပ်ကို ငါးဟင်းနဲ့ စားလိုက်ပြီး ...

"ယိမ်းနွဲ့ ... နင် ငါးလည်း မစားဘူးနော်၊ ဘာလဲ ... ငါမှာထားတာကြောင့် ယူမစားတာလား"

သူ ခေါင်းခါတယ်။

"မဟုတ်ပါဘူး၊ ငါ ငါးမကြိုက်လို့ပါ"

"အသက်က တိုဦးမယ်"

"ဟဲ့ ... ဘာပြောတာလဲ"

ကျွန်တော်က ရယ်ရင်း ...

"ငါးမစားလို့ပါ၊ အသက်ရှည်စေတဲ့နည်းလမ်းတွေထဲမှာ ငါးများများစားတာလည်း တစ်ချက်ပါတယ်လေ"

ကျွန်တော့်စကားကြောင့် သူ မျက်ခုံးလေးပင့်လိုက်ရင်း ...

"အသက်ရှည်မယ့်နည်းလမ်းတွေ ဟုတ်လား၊ ပြောပြစမ်းပါဦး ... သိချင်လို့"

သူ့ပုံစံကြည့်ရတာ ကျွန်တော် မသိလောက်ဘူးထင်ပြီး အဖိုင်ဖမ်းမေးလိုက်ပုံမျိုးပဲ။ မျက်နှာပေးလေးက ပြုံးစိစိနဲ့ဆိုတော့ ...

ကျွန်တော်ကလည်း ဒီလိုကိစ္စတွေဆိုရင် လူတွင်ကျယ်လုပ်ချင်လို့


www.burmeseclassic.com

www.burmeseclassic.com

လေ့လာထားတဲ့ကောင်ဆိုတော့ ရပါတယ်ပေါ့။ နောက်ဆုံး ထမင်းလုပ်ကို မျိုချအပြီးမှာ ရေကို ခွက်အပြည့် ထည့်သောက်လိုက်ရင်း ...

"ခုလို ရေများများသောက်တာကလည်း အသက်ရှည်မယ့် နည်းလမ်းထဲမှာပါတယ်"

"ဒါပဲလား"

"လာမယ်လေ"

ပြောပြီး ကျွန်တော်က စားပွဲပေါ်မှာရှိတဲ့ ဘူးလေးထဲက သွားကြားထိုးတံတစ်ချောင်းကို ထုတ်ယူလိုက်တယ်။ ပါးစပ်ကို လက်နဲ့ လုပ်ပြီး သွားကြားထိုးလိုက်ပြီးမှ ...

"ခုလို သွားကြားထိုးတာလည်း အသက်ရှည်စေတဲ့ နည်းတစ်မျိုးပဲ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ သွားကြားထိုးတယ်ဆိုတာက စားကြွင်းစားကျန်တွေကို ကင်းစင်စေပြီး ဘက်တီးရီးယားအလွှာကို ဖယ်ရှားပေးရာ ရောက်တယ်ဟ။ သွားကြားထိုးတံထက်စာရင် သွားကြားထိုးကြိုးမသုံးတာကြောင့် သွား မြစ်ဝှမ်းရောဂါရပြီး ကိုယ်တွင်းရောင်ရမ်းမှုဖြစ်မယ်၊ အဲဒီကနေတစ်ဆင့် နှလုံးရောဂါနဲ့ လေဖြတ်နိုင်ချေကို မြင့်တက်စေတယ်။ နောက်တစ်ချက် အနေနဲ့ ခံတွင်းဘက်တီးရီးယားတွေဟာ နှလုံးသွေးကြောရောဂါနဲ့ ဆက်စပ်မှုရှိကြောင်း လေ့လာမှုအမျိုးမျိုးက ဖော်ပြထားတယ်"

"ဩော် ... ဒီလိုလား"

ကျွန်တော့်အပြောကို သူ ချင့်ချိန်စဉ်းစားပြီး လက်ခံသွားပုံပဲ။


www.burmeseclassic.com

www.burmeseclassic.com

"အင်း ... ငါမှတ်မိသလောက် အသက်ရှည်စေတဲ့ နည်းလမ်းတွေက ရှိသေးတယ်၊ ပြောရမလား"

"ပြောကြည့်လေ"

ရင်ထဲ ပေါ်သွားတာပေါ့ဆိုတဲ့စကား ဆက်ပြောမလာလို့ ကျွန်တော်လည်း ဆက်ပြောလိုက်ပါတယ်။

"အစားအသောက်နဲ့ ပတ်သက်လို့က အခွံမာစေ့ဝါးပါ။ နံနက်ခင်းကို ကော်ဖီ အသင့်အတင့်တစ်ခွက်နဲ့ စတင်ပါ။ ဆော်ဒါ အချိုရည်ရှောင်ပါ။ ဝိုင်အနည်းငယ် သောက်ပါတဲ့"

"သိပ်ခက်ခက်ခဲခဲကြီးတွေ မဟုတ်ဘူးနော်"

ကျွန်တော် ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်တယ်၊ နောက်ပြီး ခန္ဓာကိုယ်နဲ့ ပတ်သက်လို့က အထိုင်များခြင်းကို ရှောင်ပါ။ တစ်နေ့ကို ငါးမိနစ်ခန့်ပြေးပါ။ နှစ်ခြိုက်စွာ အိပ်စက်အနားယူပါလို့ ဆိုတယ်"

"အင်း"

"စိတ်အနေနဲ့က အကောင်းမြင်စိတ်ထားပါ၊ ရည်မှန်းချက်ထားပါ၊ စေတနာ့ဝန်ထမ်း လုပ်ပါတဲ့"

"အဲဒါလည်း ဟုတ်တာပဲဟ"

သူ လက်ခံလာပုံရလို့ ကျွန်တော် ဆက်ပြောလိုက်ပါတယ်။

"နောက်တစ်ချက်အနေနဲ့က အမွေးထူသော သူငယ်ချင်း ထား ပါတဲ့"

"ဟဲ့ ... ဘယ်လိုကြီးလဲ"


www.burmeseclassic.com

www.burmeseclassic.com


သူ လန့်သွားဟန်လေးနဲ့ မေးလာလို့ ကျွန်တော် ပြုံးလိုက်ရင်း ...

"ဪ ... အမွေးထူတဲ့ သူငယ်ချင်းဆိုတာ ခွေးတို့ ဘာတို့ကို ပြောတာပါ။ ခွေးတစ်ကောင်ရှိတာကြောင့် ခွေးပိုင်ရှင်တွေဟာ နေ့စဉ် လှုပ်ရှားမှုဖြစ်စေပြီး တစ်ရက်ကို အနည်းဆုံး မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ပြီးသားဖြစ်တယ်တဲ့။ ခွေးပိုင်ဆိုင်တာဟာ စိတ်ဖိစီးမှုကို လျှော့စေပြီး နှလုံးသွေးကြောရောဂါ ဖြစ်နှုန်းကို လျှော့ကျစေတယ်လို့ ဆိုတယ်"

စကားဆုံးတော့ သူက ပြုံးတုံ့တုံ့နဲ့ ခေါင်းညိတ်ပြလာပြီး ...

"နင်က ဘယ်ဆိုးလို့လဲဟ။ နင်ပြောတာ ဗဟုသုတရတယ်၊ ငါလည်း ခွေးမွေးဦးမှပဲ"

ကျွန်တော်လည်း အလိုက်သင့် ခေါင်းညိတ်ရင်း ...

"နောက်ဆုံးတစ်ချက် ရှိသေးတယ်ဟ"

"လုပ်ပါဦး၊ ငါတောင် အတော်စိတ်ဝင်စားလာပြီ။ နောက်ဆုံး တစ်ချက်က ဘာလဲ"

စိတ်ဝင်စားရမယ်လေလို့ စိတ်ထဲက ရေရွတ်လိုက်ရင်း ကျွန်တော် သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပါတယ်။ သူ နည်းနည်း ရှက်အမ်းလေး ဖြစ်သွားပြီး ...

"ဟဲ့ ... ဘာကြည့်တာလဲ"

"ဪ ... နင် စိတ်မှဝင်စားရဲ့လားလို့ပါ"

"နင်ကလည်း စိတ်ဝင်စားပါတယ်ဆိုနေမှ၊ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသက်ဝဝ ရှူသွင်းပြီးမှ တစ်လုံးချင်း ပြောချလိုက်ပါတယ်။

"အသက်ရှည်စေဖို့အတွက် နောက်ထပ်တစ်ချက်က လိင်မှုကိစ္စပြုလုပ်ပါတဲ့"

"ဘာ"

မထင်မှတ်ထားတဲ့စကားကို ကြားလိုက်ရလို့လားမသိဘူး။ သူ ရေရွတ်ရင်းကနေ မျက်နှာလေး ရဲရဲနီသွားတယ်။ ရုတ်တရက် ပြန်ပြောဖို့ စကား ရှာမရတဲ့ပုံစံနဲ့ ကျွန်တော့်ကိုလည်း ပြူးပြီး ပြန်ကြည့်နေတယ်။

ကျွန်တော်လည်း ပြောပြီးမှ အားနာသွားလို့ ဆက်မရှင်းပြတော့ တခြားစကားလွှဲပြီး ပြောလိုက်ပါတယ်။

"ကဲ ... ငါတို့သွားကြမလား ယိမ်းနွဲ့"

ရုတ်ချည်းဆိုသလို သူ့မျက်နှာလေးဟာ နီသထက် နီရဲလာပြီး

"သစ် ... သစ်ဦး ... နင် နင် မိုက်ရိုင်းလှချည်လား"

"ဟင် ... ငါ ... ငါ ... ဘာပြောမိလို့လဲ"

သူ အံကြိတ်ရင်း ထပ်ပြောလာတယ်။

"ကောင်စုတ် ... နင့်စကား နင်စဉ်းစားလေ။ ခုနကတော့ လိင်ကိစ္စပြုလုပ်ပါတဲ့။ ပြီးတော့ သွားကြမလားဆိုတာ မိုက်ရိုင်းတာပေါ့။ နင် ... နင်"

ကျွန်တော် ကြောင်အမ်းနေရင်းကနေ သူ့ကို ကြည့်ပြီးရယ်မိတော့တယ်။

"ယိမ်းနွဲ့ရယ် ... ဘာများလဲလို့။ နင်က စကားစ်ခုကို ဆက်



www.burmeseclassic.com

www.burmeseclassic.com


စပ်ပြီး စဉ်းစားလိုက်တာကို။ ငါ ပထမပြောတာကသပ်သပ်၊ ခုသွားမလားလို့ ပြောတာက နင် ယကြာတစ်ခုချေဖို့ ကျန်သေးတယ်လေ။ အဲဒါကြောင့် သွားမလားလို့ ပြောတာ''

''နင် အဲသဘောနဲ့ပြောတာ သေချာတယ်နော်''

ကျွန်တော် ရယ်ရင်းနဲ့ပဲ ...

''သေချာပါတယ်ဟာ၊ နင်ကလည်း ရှာတော်ရှင်ကျနေတာပဲ''

''ဟဲ့ ... နင် ဘာစကားပြောတာလဲ''

''ဩော် ... စကားတောင် အမှားမခံဘူးလို့''

အဲဒီတော့မှ သုန်မှုန်နေတဲ့ သူ့မျက်နှာလေးဟာ နည်းနည်း ပြန်ကြည်လင်လာပါတယ်။ ကျွန်တော့်ကိုလည်း မျက်စောင်းထိုးရင်း–

''သစ်ဦးနော် ... နင် စကားပြောရင် အနှောင့်အသွားမလွတ် မလုပ်နဲ့၊ ဆင်ခြင်ပြော''

အဲဒီတော့မှ ကျွန်တော်လည်း စိတ်ထဲကနေ 'ဟင်း' ဆိုပြီး သက်ပြင်းချရတော့တယ်၊ ဟုတ်တယ်လေ၊ သူ့လို လုတီးလုပ အပျိုလေးကို လိင်ကိစ္စ ပြုလုပ်ပါလို့ သွားပြောမိတာကိုး။ ပြီးတော့ ... ကိုယ်နဲ့လည်း ဘာမှပတ်သက်သေးတာမဟုတ်ဘဲနဲ့။ ပါးချမခံရတာကပဲ ကံကောင်း။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း တစ်ခါတစ်ခါ အဲလို ရှေ့မကြည့် နောက်မကြည့်၊ မြွေမကြောက် ကင်းမကြောက်ကောင်ပါဆို။

ခက်တော့မယ်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

လူအများ တန်းစီကာစောင့်ဆိုင်းဝယ်ယူနေကြသော အသုံးအဆောင်၊ အစားအသောက် ဒါမှမဟုတ် ပစ္စည်းတစ်ခုခုအား ထိုလူများကိုကျော်ကာ အရဝယ်ယူရမည်တဲ့။

ဒီနေ့အဖို့ နောက်ဆုံးချေရမယ့် ယတြာက အဲလိုဆိုထားတယ်။ ထမင်းဆိုင်ထဲက ထွက်လာချိန်ထိ အဲဒီယတြာချေဖို့ကိစ္စကို ကျွန်တော် စဉ်းစားလို့မရသေးဘူး။

"သစ်ဦး ... နင်စဉ်းစားလို့မရသေးဘူးလား"

ဘေးကနေ ကပ်လိုက်ရင်း ဒါပဲ မေးနေတယ်။ ကျွန်တော်လည်း စဉ်းစားနေရတာက တစ်ဖက်မို့ ...

"စဉ်းစားနေတယ်လေ ယိမ်းနွဲ့ရယ်။ ဒါက ယောက်ျားလေးလေဟာ

www.burmeseclassic.com

www.burmeseclassic.com


ခဏစောင့်၊ အဖြေပေးမယ်''

''ဟဲ့ . . . နင် ဘာစကားပြောတာလဲ''

မျက်နှာလေးက အရောင်ပြန်တက်လာတယ်။ ကျွန်တော်ကလည်း ကျွန်တော်ပါ။ သူ့ကို အသည်းယားပြီး စပဲ စချင်နေတာ။ ဒါပေမဲ့ . . . နောက်သလိုပုံစံနဲ့ ရယ်ပြီး စကားလျှောချလိုက်ပါတယ်။

''ငါပြောတာက ငါတို့ ယောကျ်ားလေးဆိုတာ စဉ်းစားရင် သိုင်းဝိုင်းပြီး စဉ်းစားတာဟ။ နင်တို့မိန်းကလေးတွေလောက် လျှပ်တစ်ပြက်ဉာဏ် မကောင်းဘူး၊ ဒါကိုပြောတာ''

''ပြီးရော . . . ပြီးရော၊ မြန်မြန်စဉ်းစားဟ။ ငါ ညောင်းတယ်''

လမ်းတစ်ခုထဲ အတူတူ လျှောက်နေရတဲ့သူက ညောင်းနေပြန်-တယ်။ ကျွန်တော့်မှာ လမ်းလျှောက်ရင်း ဦးနှောက်ကပါ စဉ်းစားနေရတာ။ အဲဒါကို ကိုယ်ချင်းမစာဘူး၊ ဆွဲနမ်းလိုက်ရရင်တော့။

စိတ်ထဲက မညှာမတာတွေးလိုက်ရင်းနဲ့ ပင်ပန်းနေပုံရတဲ့ သူ့ကို သတိထားမိလာတယ်။ အင်းလေ၊ သူလို မိန်းကလေးမျိုးက ဒါမျိုး လျှောက်သွားနေကျမှ မဟုတ်ဘဲ။ ပင်ပန်းမှာပေါ့။

''ညောင်းရင်လည်း အအေးဆိုင်ဖြစ်ဖြစ် ခဏဝင်ထိုင်မယ်လေ''

''ကောင်းသားပဲ''

အအေးဆိုင်ထဲမှာ ထိုင်နေရင်းနဲ့ သူ့ဖုန်းက မြည်လာပြန်တယ်။ သူ ဖုန်းဖွင့်ကိုင်လိုက်ရင်း . . .

''အေး . . . တွေ့လား၊ တွေ့ရင်ပြီးရော။ မျက်ခြေမပြတ်စေနဲ့နော်၊ ဒါပဲ . . . ဒါပဲ၊ အေး . . . ရိုက်ထား''



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကို လှမ်းပြောနေတဲ့အသံကြောင့် ကျွန်တော်က ...

"ယိမ်းနွဲ့ ... နင် ဘယ်သူ့ကို နောက်ယောင်ခံ လိုက်ခိုင်းနေတာလဲ"

သူ့မျက်နှာလေးဟာ ဖျတ်ခနဲ မသိမသာပျက်သွားပြီး –

"အာ ... နင့်ကိုစွ မဟုတ်ပါဘူး။ မစပ်စုပါနဲ့ဆို"

"ဆောရီးပဲ"

နင်တင်တင်နဲ့ ပြန်ပြောလိုက်ရတယ်။ ကျွန်တော်လည်း ဘာဖြစ်နေမှန်းကိုမသိဘူး။ သူနဲ့ပတ်သက်သမျှကို စိတ်ထဲကနေ အလိုလိုသိချင်နေတယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ။

အအေးဆိုင်ထိုင်ရင်းနဲ့ နောက်ဆုံး ယတြာအတွက် ခေါင်းက မီးခိုးထွက်မတတ် စဉ်းစားလိုက်ရတယ်။ နောက်ဆုံးမှာ ခက်ခက်ခဲခဲ လုပ်စရာမလိုတဲ့နေရာမှာ အဖြေရှိမယ်ဆိုတာ သိလိုက်ရတယ်။

ဒါနဲ့ပဲ ကျွန်တော် စဉ်းစားလိုက်ပြီး ...

"ငါတို့ရပ်ကွက်ထဲကို သွားရအောင်"

သူ ပထမတော့ ကြောင်သွားတယ်။ ပြီးမှ စဉ်းစားမိပုံနဲ့ ...

"နင်တို့ရပ်ကွက်ထဲမှာ ယတြာအတွက် အဆင်ပြေနိုင်လား"

"ပြေနိုင်တယ်၊ ငါ လုပ်နေကျပဲ ... လာ လာ"

အအေးဆိုင်ကနေ ကားမှတ်တိုင်ဆီ ထပ်လျှောက်ခဲ့တယ်။ လိုင်းကားစီးပြီး ရပ်ကွက်ထိပ်ရောက်တော့ ကားပေါ်ကဆင်းလိုက်ပြီး ကားမှတ်တိုင်နဲ့ မလှမ်းမကမ်းမှာ ရောင်းနေတဲ့အသုပ်ဆိုင်ကို လှမ်းပြလိုက်တယ်။

"မြူမိုး ... ဟိုမှာအသုတ်ဆိုင်ကိုမြင်လား"



www.burmeseclassic.com

www.burmeseclassic.com

သူ လှမ်းကြည့်ပြီး ခေါင်းညိတ်ကြတယ်။ အဲဒီအသုပ်ဆိုင်က အရမ်းရောင်းရတယ်။ စားဖို့အတွက် စားပွဲလေးတွေ ချပေးထားတာတောင် ပါဆယ်လာဝယ်တဲ့သူတွေကများလို့ စားမယ့်လူတွေလည်း တန်းစီစောင့် ဝယ်ရတယ်။ လက်ထဲ ပန်းကန်ရောက်လာမှ စားပွဲမှာ ဝင်ထိုင်စားကြတာ။ မှာပြီး စားပွဲမှာ ထိုင်စောင့်နေရင် တော်တော်နဲ့ စားရဖို့ သိပ်မလွယ်ဘူး။

ကျွန်တော်နဲ့ ယိမ်းနွဲ့လည်း အသုပ်ဆိုင်ကစားပွဲတစ်ဝိုင်းမှာ ဝင်ထိုင်လိုက်ကြတယ်။ အသုပ်ရောင်းနေတဲ့ မိန်းမနှစ်ယောက်စလုံး လက်မအားတာနဲ့ လာမမေးနိုင်ဘူး။ ရှေ့မှာ တန်းစီစောင့်ဆိုင်းနေတဲ့ သူတွေလည်း အပြည့်ပဲ။

"သစ်ဦး ... ဒီမှာ ဘာလုပ်မှာလဲ။ အသုပ်စားချင်လို့လား"

"အာ ... ဘယ်ကလာ၊ နင် ယကြာချေဖို့အတွက်လေ"

"ဟင် ... ဘယ်လိုချေရမှာလဲ"

ကျွန်တော်က သူ့အနားကိုကပ်ပြီး တီးတိုးပြောလိုက်တယ်။ သူ သေချာနားစိုက်ထောင်ပြီးမှ ...

"သစ်ဦး ... သေချာတယ်နော်"

ကျွန်တော်က နှုတ်ခမ်း အသာတွန့်လို့ ကျွတ်ခနဲ လုပ်လိုက်ပြီး

"ရဲရဲသာလုပ်စမ်းပါ ... အဲဒါ ငါ ဒီဆိုင်မှာလုပ်နေကျ အကွက်ဟ"

"ပြီးရော ... မဟုတ်လို့ကတော့ ငါ အရှက်ကွဲပြီပဲ"

သူ လေပူတစ်ချက်ကို မသက်မသာ မှုတ်ထုတ်လိုက်ပြီးမှ အသုပ် ထရင်း တန်းစီစောင့်နေကြတဲ့လူတွေထဲ တိုးဝင်သွားတယ်။ ပြီး ... အသုပ်သည်မိန်းမကို စေ့စေ့ကြည့်ပြီး ခပ်တည်တည်ပဲ ပြောလိုက်တယ်။

www.burmeseclassic.com



"အစ်မ . . . ခေါက်ဆွဲပဲပြားနဲ့က မရသေးဘူးလား၊ မှာထားတာပဲ ကြာနေပြီ",

ပုံစံကတော့ မှင်သေသေပဲ။ အသုပ်သည်က ယိမ်းနွဲ့ကို တစ်ချက် ပြန်ကြည့်တယ်။ ပြီး . . . တစ်ခွန်းပဲပြန်မေးတယ်။

"အစပ်လျှော့မလား၊ ပုံမှန်ပဲလား"

"အစပ်လျှော့မှာ အစ်မ၊ ငါးဖယ်ပါ ထည့်လိုက်"

သူ ဖိအားထပ်ပေးလိုက်တာ မှန်တယ်။ အသုပ်သည်ဟာ ယိမ်းနွဲ့ ကို စောင့်နေတာကြာပြီလို့ ထင်သွားပုံရတယ်။ ချက်ချင်းပဲ ယိမ်းနွဲ့ကို အသုပ် သုတ်ပေးလိုက်တယ်။ ဒါပဲလေ ကျွန်တော်လုပ်နေကျအကွက်ဆိုတာ . . . အဲဒါပဲ။

ယိမ်းနွဲ့ဟာ ခေါက်ဆွဲသုပ်ပန်းကန်ကြီးကိုင်ပြီး ပြန်ရောက်လာ ပါတယ်။ အသုပ်ပန်းကန်ကို စားပွဲပေါ်ချရင်း သူ့မျက်နှာလေးဟာ ပြုံးစိစိ ဖြစ်နေတယ်။

"ဒီနေ့အဖို့ ဒီယကြောချေရတာ အလွယ်ဆုံးပဲဟ"

သူ ကျေကျေနပ်နပ်ပြောလာတော့ ကျွန်တော်လည်း ဝမ်းသာရပါ တယ်။

"ဩော် . . . လွယ်ရုံဘယ်ကမလဲ၊ ဒီယကြောက အစာတောင် ပြေသေးတယ်။ ငါတို့လည်း အချို့အတွဲတွေလို အသုပ်တစ်ပန်းကန် နှစ်ယောက်စားကြတာပေါ့"

"ဟွှဲ"

သူ့ 'ဟွှဲ' ကြီးက . . . အရင်ထွက်လာတယ်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com 

ခပ်တည်တည်ပုံစံနဲ့။

"ကောဖို့ပဲ စဉ်းစားမနေနဲ့၊ ငါက သဏ္ဍာန်လုပ် သရုပ်တူအောင်လို့ ပြောတာ"

သူ မျက်စောင်းလေးလှမ်းထိုးလာတယ်။ သူ့မျက်စောင်းလေးကို ကျေကျေနပ်နပ် ခံယူပြီးမှ အသုပ်တစ်ပန်းကန်ကို သူနဲ့ လက်ဆုံစားဖို့ ဖွန်းတစ်ချောင်း ထယူလိုက်ပါတယ်။

အဲ ... စတီးဖွန်းကတော့ တန်းစီစောင့်စရာမလိုဘူးဗျ ... ဟဲ ဟဲ။

တကယ်တမ်း အသုပ်စားတော့လည်း ယိမ်းနွဲ့က တို့ကနန်း ဆိတ်ကနန်း စားတာပါ။ ကျွန်တော်ကတော့ ပေးရတဲ့ပိုက်ဆံနဲ့တန်အောင် အကုန်စားပစ်လိုက်တယ်။

အသုပ်ဆိုင်ကနေထွက်လာတော့ သူက ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီး ပြောတယ်။

"ဒီနေ့ ချေရမယ့်ယတြာတွေလည်း ချေပြီးပြီဆိုတော့ ငါပြန်တော့မယ် သစ်ဦး။ ဒီနေ့အတွက် ကျေးဇူးပဲနော်"

"မနက်ဖြန်အတွက်လည်း ကြိုတင်ထားလို့ ရပါတယ်ဟ"

ကျွန်တော် နောက်လိုက်တော့ သူက ပြုံးတယ်။ လမ်းမဘက်ဆီကို ထွက်ခဲ့ကြရင်း သူပြန်ဖို့အတွက် ကျွန်တော်ပဲ တက္ကစီ တားပေးလိုက်ပါတယ်။

တက္ကစီပေါ်မှာ ကျကျနနလည်း ထိုင်ပြီးရော သူက ပြတင်းပေါက်ကနေ ခေါင်းလေးပြူပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သစ်ဦး ... ခဏ"

ဘာပြောချင်လို့လဲမသိဘူးဆိုတဲ့အတွေးနဲ့ ကျွန်တော် ကားနားကို ကပ်သွားလိုက်တယ်။

"ပြောကြည့်လေ ... လက်တိုလား၊ လက်ရှည်လား"

ဖရေဇာက လမ်းဘေးအဝတ်အစားရောင်းတဲ့သူတွေပြောတဲ့ လေသံနဲ့ ပြန်ပြောလိုက်တယ်။

သူက မရယ်ဘဲ ကားထဲက စာအိတ်ထူထူတစ်လုံး လှမ်းပေး လာပြီး ...

"ကားဆရာ မောင်းလို့ရပြီရှင့်"

ကားလေးမောင်းထွက်သွားချိန်မှာ ကျွန်တော် သူပေးတဲ့ စာအိတ် လေးနဲ့အတူ ကျန်ခဲ့ပါတယ်။ ခဏကြောင်နေပြီးမှ သူပေးခဲ့တဲ့ စာအိတ် လေးကို ကြည့်မိတယ်။ စာအိတ်ကို ပိတ်မထားတာမို့ အထဲကို ကြည့် လိုက်တော့ ပိုက်ဆံအချို့ကို တွေ့လိုက်ရပါတယ်။

ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း ပြောပြမတတ်ပါဘူး။ နုနုခိုင် ကျွန်တော့်ကို ပြောစဉ်ကတော့ 'လုပ်အားခ' ဆိုတဲ့စကား ရှိခဲ့တယ်။

ဒါပေမဲ့ ...

အဲဒါကြောင့် ... သူ့ကို ကူညီတာမဟုတ်ဘူးဆိုတာ ယိမ်းနွဲ့ သိ ရင် –

သူ ဘာပြောမလဲ မသိဘူးနော်။

■



www.burmeseclassic.com

www.burmeseclassic.com

# DAY 2

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒီနေ့လည်း မနေ့က ဆုံခဲ့တဲ့ဆိုင်လေးမှာပဲ ကျွန်တော်တို့ နှစ်ယောက် ဆုံဖြစ်ကြတယ်။ ထိုင်တော့ မနေ့ကစားပွဲမှာပဲ။ အဲ ... မနေ့က စကားတွေတော့ မပြောကြတော့ဘူး။ မနေ့ကထက် သူ ပိုပြီး ချစ်စရာကောင်းလာတယ်လို့တော့ ကျွန်တော် ခံစားမိနေတယ်။ မနေ့ကထက် ဆက်ဆံရေးပိုနွေးထွေးလာရင်ကောင်းမှာ။

မနေ့ကလိုပဲ မနက်စာကို သူကျွေးပါတယ်။ စားပြီးတော့ ကျွန်တော်ကပဲ ...

"ကဲ ... ဒီနေ့ကော ဘယ်လိုယတြာမျိုးတွေချေရမှာလဲ ယိမ်းနွဲ့"

"ငါလည်း မသိသေးဘူးလေ၊ ခုမှ စာအိတ်ကို ဖွင့်ရမှာပဲ"

ဟုတ်သားပဲ။ နုနုခိုင်ဆိုတဲ့ဟာမက ကြီးကြီးကျယ်ကျယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com


ယတြာကိုတောင် အိတ်ပိတ်ယတြာပေးတာ။ ညကျမှ ဖုန်းဆက်ပြီး ကောဦးမှပဲဆိုပြီး ကျွန်တော် မညှာမတာ တွေးလိုက်မိတယ်။

ဒါပေမဲ့ . . . အဲဒီလို ဘာမှန်းကြိုမသိရတဲ့ အိတ်ပိတ်ယတြာကိုက ရင်ခုန်တတ်ရင် ရင်ခုန်စရာပါ။ သူ စာအိတ်ကိုဖွင့်ပြီး အထဲက ယတြာ စာရွက်ကို ယူဖတ်နေတယ်။ ဖတ်ရင်းနဲ့ မျက်ခုံးလေးလည်း အတွန့်ချိုး လာတယ်။ သူဖတ်ပြီး ကျွန်တော့်ဆီ စာရွက်လှမ်းပေးတော့ ကျွန်တော် က . . .

"မဖတ်တော့ဘူးဟာ"

"ဟဲ့"

သူ လန့်သွားတဲ့ပုံစံနဲ့ ရေရွတ်လိုက်တယ်။ ကျွန်တော့်ကိုလည်း မကျေညီချင်တော့တာလားဆိုတဲ့ အကြည့်လေးနဲ့ ပြူးကြည့်လာတယ်။

ကျွန်တော်က ပခုံးအသာတွန့်ပြလိုက်ရင်း . . .

"နင်ဖတ်ပြီးပြီမလား . . . ငါ့ကိုပြောပြလေ။ ငါ ထပ်မဖတ်တော့ ဘူးလို့ ပြောတာ"

"ဟွန်း"

နှာမှုတ်ရင်း မျက်စောင်းအရင်ထိုးလာတယ်။ ပြီးမှ . . .

"ဒီနေ့ ချေရမယ့်ယတြာက နှစ်ခုတည်းဟ၊ ဒါပေမဲ့ . . ."

သူ့စကားမဆုံးခင်မှာပဲ ကျွန်တော် ဖြတ်ပြောလိုက်တယ်။

"အံမယ် . . . တယ်ဟုတ်ပါလား။ နင် စျေးဆစ်လိုက်လို့ နုနုဦး က လျှော့ပေးလိုက်တာလား"

ခေါင်းခါရင်း သူက –


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူးဟာ၊ နေ့တိုင်းအတွက် ချေရမယ့်ယတြာတွေ အားလုံးကို ဒီလိုပဲ ပိတ်ပိတ်ပြီး အကုန်ကြိုပေးထားတာလေ။ ဘယ်နေ့မှာ ဘယ်နှစ်ခုချေရမယ်ဆိုတာ ကြိုမပြောထားဘူး။ ခုလို စာအိတ်ဖွင့်မှပဲ သိရမှာ"

"အင် ... အဲလိုကြီးလား ယိမ်းနွဲ့ရယ်။ နင့်ကို နနုခိုင်က ယတြာချေတာမဟုတ်ဘဲ ဂိမ်းများ ဆော့ခိုင်းနေတာလား"

"ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ"

"နင်ပဲ စဉ်းစားကြည့်လေ ... ဘယ်နေ့မှာ ဘယ်ယတြာချေရမယ်ဆိုတာကိုလည်း ကြိုမသိရဘူး။ ယတြာ ဘယ်နှစ်ခုလည်း မသိဘူး။ ပြီးတော့ ... ဘယ်လိုယတြာမျိုးလဲ ဆိုတာလည်း မသိရဘူးလေ။ ချေရတော့လည်း ခက်ခက်ခဲခဲ လုပ်ရတာတွေကြောင့်ပါ"

သူ စဉ်းစားမိပုံနဲ့ ပြုံးသွားတယ်။ ပြီးမှ လေသံကြည်ကြည်လေးနဲ့ ပြောလာတယ်။

"ဟုတ်တော့ ဟုတ်တယ်နော်၊ တကယ်တော့လည်း ယတြာဆိုတာတွေက လောကီအစီအရင်ဂိမ်းတွေမျိုးပဲလေ"

ကြည့် ... ဒါမျိုးကျတော့လည်း သူ့ဦးနှောက်လေးက ချစ်စရာကောင်းလောက်အောင် တွေးတတ်လိုက်တာ။ ကျွန်တော် ပြောဖူးပါတယ် ယိမ်းနွဲ့ဟာ ပေါ့တော့တော့ကောင်မလေး မဟုတ်ဘူးလို့။

ကျွန်တော် စဉ်းစားနေချိန်မှာပဲ သူက ...

"ကဲပါ ... ဒီနေ့ချေရမယ့် ယတြာနှစ်ခုကို ပြောမယ် ပထမ တစ်ခုက တိမ်မြုပ်မှေးမှိန်နေတဲ့ အနုပညာတစ်ခုကို စီစဉ်ဖေးဆက်ရမယ်


www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ခုကတော့ လွယ်တယ်၊ တကယ်လိုအပ်နေတဲ့နေရာမှာ အလှူတစ်ခု လုပ်ရမှာတဲ့၊ ဒါပဲ”

“ဟဲ့”

ဒီတစ်ခါ ‘တ’ လိုက်မိတာက ကျွန်တော်ပါ။ အလှူလုပ်တယ်ဆိုတာကတော့ လှူတတ်ရင် ခက်ခဲတဲ့အလုပ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ... တိမ်မြုပ်မေးမှိန်နေတဲ့ အနုပညာတစ်ခုဆိုတာကို ဘယ်လို စီစဉ်တင်ဆက်ရမှာလဲ။ အဲဒီအနုပညာကို စဉ်းစားလို့တောင် ချက်ချင်းမရဘူး။

ကျွန်တော်ငြိမ်သွားလို့ သူက ...

“ဘယ်လိုလဲ ခေါင်းစားသွားပြီလား။ ငါတော့ ထင်ပါတယ်”

“ဟင် ... ဘာထင်တာလဲ”

“ဩော် ... မနေ့က ချေခိုင်းတဲ့ ယတြာတွေကိုကြည့်ပြီး ဒီနေ့လည်း သိပ်မလွယ်လောက်ဘူးလို့လေ”

ကျွန်တော်လည်း ခေါင်းတဖျင်းဖျင်း ကုတ်လိုက်ပြီး ...

“တောက် ... နုနုခိုင်ကွာ။ ဒီဟာမတော့”

“ဟဲ့ ... သူများကို မကျိန်ဆဲနဲ့လေ။ သူငယ်ချင်းဆိုပေမယ့် ပညာအရ ခုချိန်မှာ သူက ဆရာမဟဲ့”

“ဟုတ်ပါတယ်၊ ဒီလို ယတြာတွေ ပေးတတ်ပုံနဲ့ ... ဒင်း နာမည်ကြီးလာဦးမယ်လို့ ပြောတာပါ”

ကျွန်တော် အောင့်သက်သက်နဲ့ ပြောလိုက်မှန်းသိလို့ သူရယ်တော့တယ်။ ပြီးမှ ...

“လှူဖို့ကိစ္စမှာ ဘယ်နေရာကို လှူရမှာလဲဆိုတော့ ငါစဉ်းစား

www.burmeseclassic.com

ပါ့မယ်။ နင် ပထမယူကြာကိုသာ ဘယ်လိုချေမလဲ စဉ်းစား၊ ဟုတ်ပြီ လား''

''ခွဲတမ်းချတာ လုတယ်နော်။ အရမ်းညီမျှတာပဲ''

ကျွန်တော့်အပြောကြောင့် မျက်စောင်းလှမ်းထိုးရင်း ...

''ဘာလဲ ငြိုငြင်တာလား''

''မဟုတ်ပါဘူးဟာ၊ စဉ်းစားနေပါတယ်၊ လာ ... သွားရအောင်''

ပြောပြီး ကျွန်တော် ထရပ်လိုက်လို့ သူ အံ့ဩသွားတဲ့ပုံစံလေး နဲ့ ..

''ဟင် ... ဘယ်သွားမှာလဲ''

''ပန်းခြံထဲကို''

''အာ ... ဘာလုပ်မလို့လဲ''

''အတွဲချောင်းမလို့''

''ဟဲ့ ... နင်ကလည်း ဘာတွေပြောနေတာလဲ၊ အကောင်းမေး တာကို''

ကျွန်တော်လည်း ရယ်လိုက်ရင်း ...

''ဒီမှာထိုင်ပြီး စဉ်းစားနေတာ ဘာအကြံမှ မထွက်လို့ဟ။ ပန်းခြံထဲမှာဆိုရင် စိတ်အပြောင်းအလဲဖြစ်ပြီး စဉ်းစားလို့ ရမလားလို့ပါ။ ဘာလဲ ... နင်က ငါနဲ့ ပန်းခြံထဲကို မလိုက်ရဲလို့လား''

''အောင်မာ ... ဘာလို့မလိုက်ရဲရမှာလဲ။ ပန်းခြံထဲသွားတာပဲ ဆိတ်ကွယ်ရာကို သွားတာမှမဟုတ်တာ''

''ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ ... ပန်းခြံဆိုတာက


www.burmeseclassic.com

www.burmeseclassic.com


အတွဲတွေ အများဆုံးသွားကြတာကြောင့်ပါ"

"အို ... သူငယ်ချင်းတွေ၊ မိသားစုတွေလည်း သွားပါတယ်ဟာ"

သူဟာသူ မလုံမလဲနဲ့ ဆင်ခြေတွေပေးနေပါတယ်။ သူ ရှက်သွားမှာစိုးလို့ ကျွန်တော် ထပ်မစတော့ပါဘူး။

ဒီလိုနဲ့ ပန်းခြံထဲကို နှစ်ယောက်သား ရောက်သွားကြတယ်။ ပန်းခြံ (မြောက်စင်ကျွန်း) ဝင်ကြေးနှစ်ယောက်စာ ခြောက်ရာကို ကျွန်တော်ပဲ ပေးလိုက်ပါတယ်။ ကိုယ်က ယောကျ်ားလေးလေ။ ဒီနေရာမျိုးမှာ ဦးဆောင်သူဖြစ်ရမယ်။

နှစ်ယောက်သား ဝင်ကြေးခြောက်ရာပေးလိုက်တော့ ပန်းခြံအဝကဝန်ထမ်းကောင်လေးတွေက တစ်ယောက်စီရဲ့အကျႌပေါ်မှာ စတေကာလေးတစ်ခုစီ ကပ်ပေးလိုက်ပြီး နင်တို့လုပ်ချင်တာ သွားလုပ်ကြတော့ဆိုတဲ့ပုံစံနဲ့ လွှတ်ပေးလိုက်တယ်။

ပန်းခြံထဲ လျှောက်ဝင်လာတော့ သူက ကျွန်တော်နဲ့ မသိမသာလေး ကပ်လိုက်လာတယ်။ ကျွန်တော့်လက်ကို အားကိုးတကြီး လာဆွဲကိုင်ရင်လည်း ကျွန်တော် ငြင်းမိမှာ မဟုတ်ဘူး။ သဘောထားကြီးပေးရမယ်။ ကျွန်တော်ကိုယ်တိုင်က အားကိုးခံချင်နေတာဆိုရင် သူ ဘာပြောမလဲ။

ယတြာကိစ္စကို စဉ်းစားရင်းနဲ့ မွန်းကျပ်လို့သာ ပန်းခြံထဲကို လာခဲ့တာ။ ခုထိ ဘာဆက်လုပ်ရမှန်းမသိသေးဘူး။ သူနဲ့ကျွန်တော် ချစ်သူရည်းစားတွေဆိုရင်တော့ ကန်စပ်ကခုံတန်းလေးမှာ ပူးပူးကပ်ကပ်ထိုင်ပြီး တီတီတာတာတွေ ပြောနေကြရုံပဲလို့ မညာမတာ တွေးနေမိတယ်။


www.burmeseclassic.com

www.burmeseclassic.com

ခုတော့ … ဘာလုပ်ရမှန်းမသိသေးတာနဲ့ ပန်းခြံထဲက ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ဖို့ ကျွန်တော်က အဆိုပြုလိုက်တယ်။ သူကလည်း မငြင်းပါဘူး။ ဒီအချိန် ကျွန်တော်ပြုသမျှ နုရမယ့်အချိန်လို့ သဘောထားထားပုံရတယ်။ ဆိုင်ထိုင်ဖြစ်တော့လည်း ကိုယ်စီ စားသောက်စရာတွေမှာကြပေါ့။

ကျွန်တော်က ခေါင်းကြည်အောင်ဆိုပြီး သံပရာရည်တစ်ခွက်မှာလိုက်တယ်။ သူ့ကို ဘာသောက်မလဲမေးတော့ …

"အအေးတော့ မသောက်တော့ဘူး၊ အမေရိကန် အစားအစာတစ်ခုပဲ စားတော့မယ်"

"ဟဲ့ … ဘာတုံး၊ အမေရိကန်အစားအစာက"

သူက သွားဖြူဖြူလေးတွေ ပေါ်အောင် ရယ်လိုက်ပြီး …

"ဟမ်ဘာဂါလေ … အဲဒါ စားမယ်"

သူ ဝိတ်တာလေးကို လှမ်းခေါ်ပြီး သံပုရာရည်နဲ့ ဟမ်ဘာဂါမှာလိုက်တဲ့ အချိန်ထိ ကျွန်တော် ဘာမှမပြောသေးဘူး။ ဝိတ်တာလေး အနားက ထွက်သွားတော့မှ …

"ယိမ်းနွဲ့ … နောက်ဆိုရင် ဟမ်ဘာဂါကို အမေရိကန်အစားအစာလို့ မပြောနဲ့။ သိတဲ့လူတွေကြားရင် ရယ်လိမ့်မယ်"

သူ မျက်ခုံးအတွန့်ချိုးလို့သွားတယ်။ ကျွန်တော့်ကိုလည်း စေစောင်းစောင်းလေး ပြန်ကြည့်လာပြီး …

"ဟဲ့ … ဟမ်ဘာဂါက အမေရိကန်အစားအစာမဟုတ်လို့ … ဘာလဲ"


www.burmeseclassic.com

www.burmeseclassic.com


"ပြောမယ်လေ . . . တကယ်တော့ ဟမ်ဘာဂါဆိုတာ အမေရိကန်တွေ စပြီး တီထွင်ခဲ့တာမဟုတ်ဘူး။ အဲဒီအချိန်က စက်မှုလုပ်ငန်း တစ်ဟုန်ထိုး တိုးတက်လာတဲ့အချိန်ဆိုတော့ လူတွေဟာ အစားအသောက် ပြင်ဆင်ချက်ပြုတ်ဖို့အချိန် နည်းလာလို့ အလျင်အမြန် စားသုံးနိုင်မယ့် အစားအစာကို ဖန်တီးခဲ့ကြတာ။ ဖန်တီးတဲ့လူတွေကတော့ ၁၈၈၀–ပြည့်နှစ်လောက်မှာ ပြောင်းရွှေ့နေထိုင်တဲ့ ဂျာမန်လူမျိုးတွေပဲ။ သူတို့ဟာ ဂျာမနီနိုင်ငံ ဟမ်းဘာ့ဂ် (Humburg) မြို့ကို အစွဲပြုပြီး ဟမ်ဘာဂါ (Humburger) လို့ နာမည်ပေးခဲ့တာ၊ ရှင်းပြီလား"

ကျွန်တော့်စကားဆုံးတော့ သူက နှုတ်ခမ်းထောင့်စွန်းလေး တွန့်လိုက်ရင်း . . .

"ရှင်းပါပြီ . . . ရှင်းပါပြီ။ စားပွဲထိုးကိုတောင် ပြန်ခေါ်ပြီးပြောလိုက်ရင် ကောင်းမလားမသိဘူး"

"ဟင် . . . ဘာပြောမှာလဲ"

"ဩော် . . . ငါမှားသွားတယ်လို့ ဂျာမနီအစားအစာ ဟမ်ဘာဂါပဲ ပေးပါလို့"

"ရွှတာပဲ"

ကျွန်တော် မှုန်ကုပ်ကုပ်လုပ်ပြီး ပြန်ပြောလိုက်တော့ သူ ရယ်တော့တယ်။ ဂျာမနီအစားအစာ ဟမ်ဘာဂါရောက်လာတော့ မရယ်နိုင်တော့ဘူး။ တယုတယ စားသောက်လို့ရတဲ့ အစားအစာမဟုတ်တော့ ကျွန်တော်ရှိနေတာတောင် မရှက်အားတော့ဘဲ အားရပါးရ ကိုက်ဖဲ့စားသောက်ရတော့တယ်။


www.burmeseclassic.com

www.burmeseclassic.com

သူရှက်နေမှာစိုးတာနဲ့ ကျွန်တော်လည်း မျက်နှာလွှဲပြီး ခပ်လှမ်းလှမ်းက ကန်စပ်မှာ ဂီတာတီးသီချင်းဆိုနေကြတဲ့ လူငယ်တွေ အုပ်စုဆီ ငေးရီနေလိုက်တယ်။ ကောင်လေးလေးယောက်လောက်ရှိမယ်။ သူတို့ သီချင်းဆိုနေချိန်မှာပဲ ကောင်မလေးတစ်ဖွဲ့က သူတို့အနားရောက်ပြီး ကောင်လေးတွေ သီချင်းဆိုနေတဲ့ရှေ့မှာ တစ်ထောင်တန်တစ်ရွက် ချပေးလိုက်တယ်။ အလှူထည့်တဲ့သဘောမျိုးပေါ့။ ပြီးတော့လည်း သူတို့ဟာ တစ်အုပ်စုတည်းဆိုတော့ တဟီးဟီး တဟားဟားတွေ ဖြစ်ကုန်တယ်။

သူတို့တွေကိုကြည့်နေရင်း ကျွန်တော့်ခေါင်းထဲ လက်ခနဲ ဖြစ်သွားတယ်။ အဲဒါပဲ . . . တစ်ခါတစ်ခါကျရင် ကိစ္စတစ်ခုကို စဉ်းစားတဲ့နေရာမှာ အဖြစ်အပျက်တစ်ခုကနေ ဆင့်ပွားစဉ်းစားယူရတယ်ဆိုတာ မှန်တယ်။

စိတ်ထဲ လှိုက်ခနဲ ဝမ်းသာသွားရင်း စားပွဲခုံကို ဖြန်းခနဲ ပုတ်လိုက်မိတယ်။

"ဒါပဲဗျာ . . . ဒါပဲ"

ကျွန်တော့်ရဲ့ အပြုအမူကြောင့် ဟမ်ဘာဂါရဲ့နောက်ဆုံး အစိတ်အပိုင်းကို ပါးစပ်ထဲ ထိုးထည့်နေတဲ့ သူ့လက်ဟာ ရပ်သွားတယ်။ ဆက်မစားနိုင်ဘဲ ကျွန်တော့်ကိုကြည့်လာရင်း . . .

"ဟဲ့ . . . ဘာဖြစ်တာလဲ၊ အလန့်တကြားနဲ့"

"ဘာမှမဖြစ်ပါဘူး၊ ဝမ်းသာလို့လေ။ နင် ဒီနေ့ ဘယ်လို ပြဿနာ ချေရမယ်ဆိုတာ ငါ စဉ်းစားလို့ရပြီ"

"ဟင် . . . ဟုတ်လား၊ ပြောပါဦး ဘယ်လိုမျိုးလဲ"


www.burmeseclassic.com

www.burmeseclassic.com

အားရဝမ်းသာပုံစံနဲ့ ဟမ်ဘာဂါတောင် မစားနိုင်ဘဲ မေးလာလို့ ကျွန်တော်က ...

"ကုန်အောင်စားလိုက်ဦး၊ ပြီးမှပြောမယ်"

သူ ဝင့်ခနဲ မျက်စောင်းထိုးလိုက်ပြီးမှ လက်ကျန်ဟမ်ဘာဂါကို ဆောင့်ကြီးအောင့်ကြီး ပါးစပ်ထဲ ထိုးထည့်လိုက်ပါတယ်။

သူ စားသောက်လို့ပြီးတော့မှ ကျွန်တော့်ရဲ့မဟာအစီအစဉ်ကို ပြောဖို့ အစချီလိုက်ပါတယ်။

"ဒီလိုဟာ"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

နောက်ထပ် နာရီဝက်လောက်ကြာတဲ့အချိန်မှာတော့ ပန်းခြံထဲက လူအတော်လေးရှုပ်တဲ့တစ်နေရာမှာ ကျွန်တော်နဲ့ယိမ်းနွဲ့တို့ ရှိနေခဲ့ပါပြီ။ ကျွန်တော့်ဘက်လည်း စီစဉ်စရာရှိတာ စီစဉ်လာခဲ့ဖို့ နိုင်ငံတော်ဖားကြီး ဆီကိုလည်း ဖုန်းအကြိမ်ကြိမ် ဆက်ထားခဲ့ပြီးပြီ။

ဒါတောင် ယိမ်းနွဲ့က ...

"သစ်ဦး ... နင့်အစီအစဉ်က အဆင်ပြေမှာပါနော်။ တော်ကြာ ဟိုလူက မလုပ်ပေးရင် ဘယ်လိုလုပ်မလဲ"

ကျွန်တော်က အေးအေးလူလူပုံစံနဲ့ပဲ ...

"မလုပ်ပေးစရာ ဘာအကြောင်းမှမရှိဘူး။ အဲဒီလူကို ငါ မကြာ သေးခင်ရက်ပိုင်းကပဲ အရေးကြီးကိစ္စတစ်ခု ကူညီထားတာပဲ။ ငါ မကူညီ



www.burmeseclassic.com

www.burmeseclassic.com 

ခဲ့ရင်တောင် ဒီကိစ္စမျိုးဆို သူ စိတ်ပါပါနဲ့ကို လုပ်ပေးမှာသေချာတယ်၊ နင် စိတ်ပူမနေပါနဲ့''

သူ ခေါင်းညိတ်ရင်း သက်ပြင်းဖွဖွချတယ်။ ပြီး ... ခဏနေဉ်လို့ ပြောပြီး ခပ်လှမ်းလှမ်းဆီကိုသွားရင်း ဘယ်ကိုလဲမသိ ဖုန်းဆက်နေ ပြန်တယ်။

ယိမ်းနွဲ့ ကျွန်တော့်အနား ပြန်ရောက်လာပြီး သိပ်မကြာဘူး။ ကျွန်တော်စောင့်နေတဲ့ ရပ်ကွက်ထဲက ကိုထင်ရဲ့တက္ကစီကားဟာ ကျွန်တော် တို့အနားဆီ ထိုးရပ်လာပါတယ်။ ကားပေါ်က ပထမဆုံး ဆင်းလာသူက ကျွန်တော့်ရဲ့ရဲဘော်ရဲဘက် နိုင်ငံတော်ဖားကြီး။ ဖားကြီးက ကားပေါ်က ဆင်းလာပြီး ကျွန်တော့်ကို ခေါင်းညိတ်ပြတယ်။

"အားလုံး အိုကေတယ် သစ်ဦး။ ဆောင်းဘောက်စ်တွေက ကားနောက်ခန်းမှာဆိုတော့ ... နောက်ဖုံးဖွင့်လိုက်ရင် ပွဲသိမ်းပြီ"

"အေး ... ဆော်ပလော်တီးကြတာပေါ့၊ ဒါနဲ့ ကိုထင်ကော"

ကျွန်တော့်အမေးစကား ဆုံးဆုံးချင်းမှာပဲ ...

"လာပါပြီ ခင်ဗျ ... လာပါပြီ"

"ဟဲ့"

"ဟဲ့"

ဇာတ်မင်းသားဝတ်စုံကြီးနဲ့ ကားပေါ်ကဆင်းလာတဲ့ ကိုထင်ကို ကြည့်ပြီး ကျွန်တော်ရော ယိမ်းနွဲ့ပါ အာမေဋိတ်သံအသီးသီး ထွက်သွား ကြတယ်။ ကျွန်တော် ကိုထင့်ကို အကူအညီတောင်းထားတာ မှန်တယ်။ ဒါပေမဲ့ ... ဒီလောက် စိတ်ပါလက်ပါနဲ့ မင်းသားဝတ်စုံကြီး ဝတ်လာ

www.burmeseclassic.com

လိမ့်မယ်လို့ မထင်ထားဘူး။ ခုတော့ လှပြီ။ ယိမ်းနွဲ့လည်း ကျွန်တော်တို့ကို ကြည့်ပြီး အံ့သြပျော်ရွှင်နေပုံနဲ့ မျက်နှာလေး ဝင်းတောက်နေတယ်။ သူ့မျက်နှာလေးကိုကြည့်ပြီး ကျွန်တော် ကြည်နူးနေတယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ။

"ကဲ ... စလိုက်ရအောင်"

ကျွန်တော်ပြောလိုက်တာနဲ့ တစ်ပြိုင်နက်တည်းဆိုသလို ဖားကြီးက ကားရှေ့ခန်းကိုသွားပြီး မင်မိုရီစတစ်လေးနဲ့ သီချင်းဖွင့်လိုက်ပါတယ်။ ကားနောက်ခန်း ဆောင်းဘောက်ကနေ လွင့်ပျံလာတာက "ဟန်ဇာလေးပါပဲ" ဆိုတဲ့သီချင်း။ ကိုထင် 'က' နေကျ သီချင်းပေါ့။

ကိုထင်က သီချင်းကို စည်းချက်လိုက်ရင်း ကျွန်တော့်ကို ကြည့်နေတယ်။ ကျွန်တော်က လက်မထောင်ပြလိုက်တာနဲ့ ကိုထင်ဟာ သီချင်းသံနဲ့ ကွေးနေအောင် 'က' တော့တာပဲ။

ဒီနေရာမှာ ပြောစရာရှိလာတယ်။ ကိုထင်ဟာ ပေါ်တောတော လူတစ်ယောက်မဟုတ်ပါဘူး။ ကိုယ်ပိုင်တက္ကစီမောင်းပြီး ငွေရှာနိုင်တဲ့ လူကောင်းပါ။ ဒါပေမဲ့ ... သူ့မှာ အနုပညာဓာတ်ခံရှိတယ်။ ဇာတ်သဘင်ကို လွန်စွာချစ်တယ်။ ခုလို 'က'ရမယ်ဆို နေရာမရွေးဘဲ။ မင်းသားလိုဝတ်ပြီး 'က' ခဲ့ရတာတွေအတွက် ဘယ်သောအခါမှ သိမ်ငယ်ရက်စိတ် မဝင်ခဲ့ဘူးလို့ ကျွန်တော့်ကို ဂုဏ်ယူစွာ ပြောဖူးတယ်။ ကိုထင် မှန်တယ်။ ကျွန်တော် သူ့ကိုလေးစားတယ်။ ခုလည်း ကျွန်တော့်ဘက်က ယိမ်းနွဲ့အတွက် အကျိုးအကြောင်း ခိုင်ခိုင်လုံလုံပြောပြီး အကူအညီတောင်းလိုက်တာဖြစ်တယ်။ ကိုထင်လိုလူမျိုး အရှေ့တောင်အာရှမှာ ရှားသွားပြီ။ ဒါဟာ


www.burmeseclassic.com

www.burmeseclassic.com


တိမ်မြုပ်မေ့မှိန်လာတဲ့ အနုပညာတစ်ခုကို ပြန်လည်တင်ဆက်နေတာပါဆိုရင် ခင်ဗျား ဘာပြောမလဲ။

ကိုထင်လည်း 'က' ရော အနီးနားကလူတွေဟာ ရိုက်ကူးရေး တစ်ခုခု လုပ်တယ်ထင်လို့ ဝိုင်းအုံပြီး ကြည့်လာကြပါတယ်။ ဖားကြီးက လည်း Camera တစ်လုံးနဲ့ ကိုထင် 'က' တာကို မှတ်တမ်းတင်နေတာကိုး။

လူအချို့ကလည်း ဝိုင်းအလယ်မှာရပ်နေတဲ့ ကျွန်တော်နဲ့ ယိမ်းနွဲ့ ကို သိသိသာသာလေးကြည့်ပြီး . . .

"မင်းသားနဲ့မင်းသမီးလေးက အသစ်တွေထင်တယ်နော်။ နှစ် ယောက်စလုံး ချောချောလေးတွေ"

အဲဒီလို စကားသံတွေကြောင့် ယိမ်းနွဲ့မျက်နှာလေးဟာ ပန်းရောင် ပြေးနေတယ်။ ကျွန်တော်ကတော့ ရင်ထဲ ပျော်လို့ပေါ့။

သီချင်းတစ်ပုဒ်လည်းဆုံးရော ကျွန်တော်က ကားထဲကနေ အသင့် မှာလိုက်တဲ့ ငွေဖလားကြီးကို ထုတ်ယူလိုက်ပြီး အားလုံးကို ဝေ့ကြည့် လိုက်ရင်း. . .

"တစ်ခုလောက်ပြောပါရစေ၊ ကျွန်တော်တို့ဟာ ဗီဒီယိုဇာတ်လမ်း အတွက် ရိုက်ကူးရေးလုပ်နေတာ မဟုတ်ပါဘူး။ တကယ်လိုအပ်နေတဲ့ မိဘမဲ့ကလေးတွေကို လှူဒါန်းချင်လို့ ခုလို အသုံးတော်ခံပြီး အလှူခံခြင်း ဖြစ်ပါတယ်။ ဟောဒီက မိဘပြည်သူများအနေနဲ့လည်း လှူဒါန်းလို့ရပါ တယ် ခင်ဗျာ"

ပြောပြီး ခဏပါပဲ။ ကျွန်တော့်လက်ထဲက ငွေဖလားထဲမှာ အလှူ ငွေတွေ အတော်လေးပြည့်သွားပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

ကိုထင်ဟာ နောက်ထပ်သီချင်းနှစ်ပုဒ်ဆိုတဲ့အထိ ရေကုန်ရေခမ်း 'က' ပေးရှာပါတယ်။ လက်ခုပ်သံတွေကတော့ ကိုထင့်အတွက်ချည်းပဲ။

အားလုံးပြီးသွားတော့ ကျွန်တော်တို့လေးယောက် ဆိုင်တစ်ဆိုင်မှာ ထိုင်ဖြစ်ကြတယ်။ ကျွန်တော်က ယိမ်းနွဲ့ကိုကြည့်ပြီး ...

"ကဲ ယိမ်းနွဲ့ ... ပထမယတြာတော့ ချောပြီးပြီနော်"

ယိမ်းနွဲ့က ခေါင်းလေးညိတ်ပြီး ကိုထင်ကိုကျေးဇူးတင်စကား ဆိုရှာတယ်။

"ဒီက ကိုထင်ကို ကျေးဇူးအရမ်းတင်ပါတယ်နော်"

ကိုထင်က ရယ်ပြီး ...

"မလိုပါဘူး ညီမလေးရယ်၊ သစ်ဦးက ကျွန်တော့်ဆိုရင် အမြဲ ကူညီနေတာလေ။ ခု ဒီဝတ်စုံလည်း သစ်ဦးရဲ့အဆက်အသွယ်နဲ့ အပိုင်ဝယ်ထားတာ။ ခုလည်း သစ်ဦးကောင်မလေးအတွက်ကူညီရင်း ကုသိုလ်လည်း ရဆိုတော့ လိုက်လာခဲ့တာ"

သစ်ဦးကောင်မလေးဆိုတဲ့စကားကြောင့် ယိမ်းနွဲ့မျက်နှာပေါ်မှာ ရှက်သွေ့တွေ သီးသွားတယ်။ ဒီတစ်ခါတော့ 'ဟဲ့' လို့တောင် အသံမထွက်လာနိုင်ဘူး။ ကျွန်တော်ကလည်း မဟုတ်ဘူး။ ဘာညာနဲ့ ဝင်မရှင်းပေးတော့ပါဘူး။ ဆိုခဲ့စေ မြဲစေပဲ ထားလိုက်တယ်။

ယိမ်းနွဲ့ကပဲ စဉ်းစားလိုက်တဲ့ပုံစံနဲ့ ...

"သစ်ဦး ... အခု အလှူခံလို့ရတဲ့ပိုက်ဆံတွေကို ဘာလုပ်မှာလဲဟင်"

ကျွန်တော်က ...


www.burmeseclassic.com

www.burmeseclassic.com 

"ဪ . . . ယိမ်းနွဲ့ကလည်း . . . နင့်ရဲ့ဒုတိယယာဉ်ကြောချေမယ်လေ။ အဲဒီယာဉ်ကြောက လိုအပ်တဲ့နေရာမှာ အလှူလုပ်ရမှာမဟုတ်လား။ ဒီပိုက်ဆံတွေကို အဲဒီမှာ လှူလိုက်ရုံပေါ့"

"ဪ . . . အေး . . . ဟုတ်သားပဲ။ ငါမေ့သွားတယ်"

သူ့မျက်နှာလေး ပြုံးသွားတယ်။ ကျွန်တော်စီစဉ်လိုက်တာက တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲလေ။ ကျွန်တော်က ဖလားထဲကနေ ပိုက်ဆံအချို့ယူလိုက်ပြီး ကိုထင်ကို လှမ်းပေးလိုက်တယ်။

"ရော့ ကိုထင် . . . ဒါက ခင်ဗျားအတွက် အနုပညာကြေး။ နည်းတယ်, များတယ် သဘောမထားနဲ့"

ကိုထင်က ခေါင်းခါလိုက်ရင်း . . .

"မယူပါရစေနဲ့ သစ်ဦးရာ။ ဒီအတိုင်းတောင် မင်းကို ငါက ကူညီရမှာပါ။ တကယ်လို့ ဒီပိုက်ဆံဟာ အနုပညာကြေးဆိုရင်လည်း မင်းတို့အလှူထဲမှာ ငါထည့်လှူပါတယ်ကွာ . . . နော်"

ကျွန်တော့်ရင်ထဲမှာ လှိုက်ခနဲပဲ ကြည်နူးသွားရတယ်။ ယိမ်းနွဲ့နဲ့ဖားကြီးလည်း အဲလို ခံစားရမှာပဲ။

ကျွန်တော်က ယိမ်းနွဲ့ကိုကြည့်ပြီး . . .

"ယိမ်းနွဲ့"

"ဟင် . . . ဘာလဲ"

"တစ်ခုလောက်ပြောချင်တယ်။ ခုလို နင့်ကိုငါ ကူညီနေတာတွေအတွက် နေ့တိုင်း ပိုက်ဆံတွေပေးနေမယ်ဆိုရင်လည်း အဲဒီပိုက်ဆံတွေကို ခုသွားလှူမယ့်အလှူထဲပဲ ထည့်လိုက်ပါ။ ငါ ဒီဘဝမဟုတ်လို့ နောင်ဘဝပဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ် နင်နဲ့ ရေစက်ဆုံချင်လို့"

စကားအဆုံးမှာပဲ ယိမ်းနွဲ့မျက်နှာလေးဟာ ရှက်ဖန့်ဖန့်ကနေ တည်ငွေ့ငွေ့လေးဖြစ်သွားတယ်။ ကျွန်တော့်စကားကို သူ လုံးဝစဉ်းစားသွားတယ်လို့ ကျွန်တော် အခိုင်အမာပြောတယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ။

www.burmeseclassic.com

## အခန်း (၁၃)

"သစ်ဦးရာ . . . မင်းကတော့ ပိုင်တယ်ကွာ"

ဖားကြီးရဲ့စကားအဆုံးမှာ သိန်းထိုက်အောင်က ကျွန်တော့်ကို ကြည့်ပြီး ကြည့်ညိုလွန်းတဲ့ပုံစံ ပြောလာတယ်။ ကျွန်တော်က တဟဲဟဲ ရယ်လိုက်ပြီးမှ . . .

"သိပ်လည်း မချီးကျူးနဲ့ဟောကောင်၊ ဒီအစီအစဉ်တွေက ငါ စီစဉ်တာမဟုတ်ဘူး။ ယတြာတွေအပေါ်မှာ ငါအလိုက်သင့် လုပ်လိုက်တာပဲ ရှိတာ"

"ဟင် . . . ဒါဆို မင်း အဲကောင်မလေးကို လုံးဝစိတ်မဝင်စားဘူး . . . အဲလိုလား"

"ဟေ့အေး . . . စိတ်ဝင်စားတဲ့အဆင့် မဟုတ်ဘူး၊ သူ့ကိုငါ



www.burmeseclassic.com

www.burmeseclassic.com

ချစ်သွားတာ"

"ဟေ"

ပါးစပ်အဟောင်းသားဖြစ်သွားပြီးမှ သိန်းထိုက်အောင်က တဟားဟား ရယ်တော့တယ်။

ပြီးမှ ... စဉ်းစားမိဟန်နဲ့ အရယ်ရပ်လိုက်ရင်း ...

"ခဏာလေးကွ၊ မင်းက သူ့ကိုချစ်လို့ ကူညီနေတာက ဟုတ်ပါပြီ။ အဲဒါကို သူ့ဘက်ကကော သိပြီးလား၊ မင်းချစ်နေတာကို"

"ဟော့အေး ... အဲဒါတော့ ငါမသိဘူး"

"မင်းကွာ"

သိန်းထိုက်အောင်က မချင့်မရဲ ရေရွတ်လိုက်တယ်။ ဖားကြီးက ဝင်ပြီး ...

"မင်းကလည်းကွာ ... သစ်ဦးက ငတုံးမှမဟုတ်တာ။ လဒ္ဒမှ မဟုတ်တာ။ အာပေတူး ဂျွတ်စပွတ်မှ မဟုတ်တာ။ ဂျပလွတ်အဆံ ချောင်မှမဟုတ်တာ"

"ဟာ ... တော့ကောင်ဖားကြီး ... ဖြည်းဖြည်းပြောပါကွာ။ မင်း ချီးမွမ်းတာကြီးက အရမ်းပက်စက်လွန်းတယ်"

ကျွန်တော့်အပြောကြောင့် ဖားကြီးက တဟီးဟီးရယ်ရင်း ...

"ဪ ... အေး မင်းမှာ ယိမ်းနွဲ့နွဲ့ပတ်သက်ပြီး အစီအစဉ် အလန်းတွေရှိဦးမှာပဲလို့ ဒီကောင့်ကို ပြောချင်တာဟ"

အလိုက်သင့် ခေါင်းညိတ်လိုက်ရင်း ကျွန်တော်က ...

"အင်း ... ငါတွေးထားတာတွေတော့ ရှိပါတယ်။ ဒါပေမဲ့ ...


www.burmeseclassic.com

www.burmeseclassic.com 

ထူးဆန်းနေတာတစ်ခု ရှိတယ်ဟ"

"ဟော ... ဘာများလဲ"

"ဒီလိုကွာ ... ငါ ယိမ်းနွဲ့ရဲ့အကြောင်းကို ဒီထက်ပိုပြီး သိချင် ချင်လို့၊ နုနုခိုင်ဆီကို ဖုန်းဆက်တယ်"

"အဲတော့"

"သူ့အိမ်က တစ်ယောက်ပဲ ဖုန်းကိုင်တယ်။ နုနုခိုင်က ဝစီပိတ် တရားစခန်းဆိုလား တစ်ပတ်တိတိ ဝင်သွားတယ်တဲ့။ အဲဒါကြောင့် ဖုန်း မယူသွားဘူးတဲ့"

"ပြီးရောပေါ့ကွာ"

ကျွန်တော် ခေါင်းခါလိုက်ရင်း ...

"မပြီးသေးဘူးကွ ... ငါလည်း ပထမတော့ ပြီးပြီထင်နေတာ။ ဒါပေမဲ့ ... အဲဒီညက နုနုခိုင်တို့ရပ်ကွက်ထဲကို ကိစ္စတစ်ခုနဲ့ ညဘက် ရောက်သွားတော့ ဆိုင်တစ်ဆိုင်မှာ နုနုခိုင်နဲ့ ယိမ်းနွဲ့ကို ရယ်ရယ်မောမော စကားပြောနေကြတာ ထပ်တွေ့လိုက်ရတယ်"

"ဟင်"

"အဲ"

နှစ်ကောင်စလုံး အံ့သြသွားကြတယ်။ ကျွန်တော်က ခေါင်းညိတ် လိုက်ရင်း ...

"အဲဒါပဲကွ ... ယိမ်းနွဲ့ဟာ သူ့အခက်အခဲအတွက် ယကြားချ ချင်တာ မှန်လိမ့်မယ်။ ဒါပေမဲ့ ... သူနဲ့နုနုခိုင်ကြားမှာ ငါမသိစေချင်တဲ့ ကိစ္စတစ်ခု ရှိကိုရှိရမယ်လို့ ငါယူဆတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စကားလည်းဆုံးရော နှစ်ကောင်စလုံး စဉ်းစားတဲ့ပုံစံနဲ့ တွေဝေငြိမ်သက်သွားပါတယ်။ ပြောရရင် ကျွန်တော်လည်း အဲဒီကိစ္စအတွက် စဉ်းစားနေတာပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

# DAY 3

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဒီနေ့အတွက်ချေရမယ့် ယတြာစာအိတ်ကိုကြည့်ပြီး သူ စဉ်းစားနေသေးတယ်။ ဘာစဉ်းစားနေတာလဲတော့ ကျွန်တော်လည်း မသိဘူး။ စာအိတ်ကိုကိုင်ထားရင်း သူ သက်ပြင်းဖွဖွချတယ်။ ပြီး ... ကျွန်တော့်ကို ကြည့်လာတယ်။

"မနေ့က ယတြာချေတဲ့ကိစ္စနဲ့ပတ်သက်ပြီး နင့်ကို ငါ လေးစားတယ် သစ်ဦး။ နင် ကုသိုလ်တစ်ခုပါ လုပ်ပေးလိုက်နိုင်တာပဲ"

ပေါ်တင်ကြီး ချီးကျူးလာတော့လည်း ကျွန်တော် မနေတတ် မထိုင်တတ် ဖြစ်သွားမိတယ်။ တဟဲဟဲရယ်လိုက်ပြီးမှ ...

"အဲလောက်လည်း အထင်မကြီးပါနဲ့ဟာ။ ငါလည်း အဲဒီအကြံကို မထင်မှတ်ဘဲ ရသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါပြီ ... တော်ပါတယ်ဆိုနေမှ။ ဒါနဲ့ ... မေးဦးမယ်။ နင်က ငွေကြေးလိုချင်လို့ ငါ့ကိုကူညီနေတာ မဟုတ်ဘူးဆိုရင် ဘာအတွက်လဲ သစ်ဦး"

ကျွန်တော် သူ့မျက်နှာလေးကို စူးစူးနစ်နစ် ကြည့်လိုက်ပြီးမှ ...

"ငွေကြေးကြောင့်မဟုတ်ဘူးတော့ နင်ထင်နေသလိုပဲပေါ့ ယိမ်းနွဲ့ရာ။ နင့်မေးခွန်းမှာ အဖြေပါသွားပြီးသားပါ"

သူ သက်ပြင်းချရင်း မျက်နှာလွှဲသွားတယ်။ ကျွန်တော် ဆက်ပြောဖို့ အားယူလိုက်ချိန်မှာပဲ သူ ပြန်လှည့်လာပြီး ...

"ကဲ ... ဒီနေ့အတွက် ယတြာကို ဖွင့်ကြည့်လိုက်ရအောင်"

ပြောရင်းနဲ့ စာအိတ်ကို ဗြဲခနဲ ဆွဲဖြဲလိုက်တဲ့အသံအောက်မှာ ကျွန်တော် တွေးထားတဲ့ စကားလုံးတွေလည်း စုတ်ပြဲသွားရတယ်။

သူက စာရွက်ကိုဖွင့်ဖတ်ပြီး ...

"ဒီနေ့ ယတြာက တစ်ခုတည်းဟ။ လုပ်ရမှာက ငါ့လုပ်ရပ်တစ်ခုကြောင့် ငါ့မိဘတွေ စိတ်အနှောင့်အယှက်ဖြစ်ပြီး လူအတော်များများကို ဖြေရှင်းရမယ်တဲ့"

"ဟင်"

ယတြာက ဘယ်လိုကြီးလဲ။ ကျွန်တော် ရုတ်တရက် ပြန်မေးလိုက်မိတယ်။

"ဟာ ... ဒီယတြာက နင့်မိဘတွေမကြိုက်တဲ့ကိစ္စတစ်ခုကို နင်လုပ်ရမယ့်ပုံစံပဲ"

သူ မျက်မှောင်ကြုတ်လိုက်ရင်း ...


www.burmeseclassic.com

www.burmeseclassic.com



"အေးနော် ... ဒီယတြာက လွယ်မလိုလိုနဲ့ အခက်ကြီးပဲဟ။ ငါ ဘာလုပ်ရမှာလဲဟင် သစ်ဦး"

ကျွန်တော်လည်း ဦးနှောက်ကို ချက်ချင်း အလုပ်ပေးရတော့တယ်။ ဒီနေ့ကျမှ အကြံဉာဏ်က ချက်ချင်းထွက်မလာဘူး။ တိမ်မယောင်နဲ့နက်၊ လွယ်မယောင်နဲ့ခက် ဆိုတာမျိုးပဲ။ တိမ်တောင်သဖွယ် မင်းရေးကြွယ်၊ ဟယ် ဟုတ်ပါဘူး။ ကျွန်တော် တောင်တောင်အီအီ လျှောက်တွေးနေမိတယ်။

ကျွန်တော့်လိုပဲ သူလည်း သူ့ဦးနှောက်လေးနဲ့ စဉ်းစားနေပုံပဲ။ နှဖူးမကျဉ်းမကျယ်လေးပေါ်မှာတောင် ချွေးစလေးတွေ မညီမညာ လှိုင်းထနေပါတယ်။

အကြံမရတာနဲ့ ဖုန်းဖွင့်ပြီး ဟိုပွတ် ဒီပွတ်လုပ်နေတော့ သူက လှမ်းကြည့်ပြီး ...

"ဟဲ့ ... မစဉ်းစားဘဲ အဲဒီဖုန်းကို ဘာလုပ်နေတာလဲ"

"အာ ... နင်ကလည်း အကြံကုန် ဂျွန်ဖေ့စဘုတ်ကြည့်တဲ့။ ငါ ဖေ့စဘုတ်ကြည့်မလို့လေ"

ပြီး ပြီးရောပြောလိုက်တာကို သူက မျက်စောင်းဒိုင်းခနဲထိုးပြီး –

"စကားပုံတွေလည်း ပျက်တော့မှာပဲ"

ခပ်ရွှဲရွှဲပြောလာတဲ့ သူ့စကားကို လျစ်လျူရှုပြီး ကျွန်တော် facebook ဖွင့်ကြည့်နေလိုက်တယ်။ ဟိုဒီလျှောက်ကြည့်ရင်းနဲ့ page တစ်ခုကနေတင်ထားတဲ့ Post တစ်ခုကိုတွေ့လိုက်ရချိန်မှာပဲ ကျွန်တော် လိုက်ခနဲ ဖြစ်သွားရပြီး ...

"ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသံကြောင့် သူ လန့်သွားတယ်။ ကျွန်တော်က အရင်ပြောလိုက်တော့ သူ အိုးတိုးအမ်းတန်း ဖြစ်သွားပြီးမှ . . .

"ဟဲ့ . . . ဘာဖြစ်တာလဲ"

"ဟဲ့ . . . အကြံရပြီလေ"

"ဟဲ့ . . . ဘာလဲဆို"

"ဟဲ့ . . . ဟာ"

"ဟဲ့ . . . နင်နော်"

တစ်ယောက် တစ်ဟဲ့နဲ့ဟဲ့တွေ ထပ်ကုန်တယ်။ အဲဒီနောက်မှာတော့ ကျွန်တော် သူ့ကို ခိုင်ခိုင်မာမာပဲ ပြောလိုက်ပါတယ်။

"ယိမ်းနွဲ့ . . . ခု ယတြာအတွက် ငါတို့ နင့်အိမ်ကို သွားရလိမ့်မယ်"

သူ ရုတ်တရက် လန့်သွားပုံပဲ . . .

"ဟဲ့ . . . ငါ့အိမ်ကိုဟုတ်လား၊ ဘာလုပ်မလို့လဲ"

"အိမ်ထဲ မဝင်ပါဘူး၊ နင်တို့ အိမ်ရှေ့တင်သွားရမယ်"

"ဟုတ်မှလည်း လုပ်နော် သစ်ဦး၊ ဘာလုပ်မှာလဲ . . . လို့"

"လာစမ်းပါဟာ၊ ရောက်ရင်ပြောပြမယ်"

လာစမ်းပါဆိုပြီးသာ ခေါ်လာခဲ့တာ။ တကယ်တမ်းကျတော့ သူ့ လမ်းညွှန်မှုနဲ့ ကားငှားပြီး သူ့အိမ်ရှေ့ကို ရောက်သွားပါတယ်။ အိမ်ကတော့ တစ်ထပ်တိုက်ပုလေးပဲ။ ခြံနဲ့ဝင်းလေးနဲ့ဆိုတော့ ပိုတောင်ကောင်းသေး။

ကျွန်တော်က . . .

"ကဲ ယိမ်းနွဲ့ . . . နင့်ဖုန်းနဲ့ နင်တို့အိမ်ကို ဓာတ်ပုံရိုက်လော့။ အိမ်ရော၊ ခြံရော ဓာတ်ပုံထဲ ပါပါစေနော်။ သုံးလေးပုံလောက်ရိုက်"

www.burmeseclassic.com

www.burmeseclassic.com

"ဘာ ... ဘာလုပ်မလို့လဲ"

"ဪ ... လုပ်မှာသာလုပ်စမ်းပါ"

ကျွန်တော် မပြောချင်သေးမှန်းသိတာနဲ့ သူ ထပ်မမေးတော့ဘဲ ဓာတ်ပုံတွေပဲ ရိုက်ပါတယ်။ ဓာတ်ပုံရိုက်ပြီးတော့ သူတို့ရပ်ကွက်ထဲက အအေးဆိုင်လေးမှာ ထိုင်လိုက်ကြတယ်။

အအေးတစ်ငုံလောက်စီ သောက်လိုက်ပြီးမှ သူက စပြော လာတယ်။

"ကဲ ... ဘာဆက်လုပ်ရမယ်ဆိုတာ ပြောလို့ရပြီလား ကိုယ် တော်"

ကျွန်တော်က သူ့အပြောကြောင့် ရယ်လိုက်မိရင်း ...

"ကိုယ်တော်ထက် မောင်တော်ဆိုရင် ပိုနားထောင်လို့ကောင်းမှာ"

"ဟဲ့ ... သေလိုက်ပါလား။ ဒီဓာတ်ပုံနဲ့ ဘာလုပ်ရမလဲလို့"

"နင့်ဖုန်းနဲ့ ဖေ့ဘုတ်ကိုဖွင့်လိုက်"

သူ ဖုန်းထုတ်ပြီး ဟိုနှိပ် ဒီနှိပ် လုပ်ပါတယ်။ ပြီး ကျွန်တော့်ကို ကြည့်တယ်။

"ရပြီ ... ဘာလုပ်ရမှာလဲ"

ကျွန်တော် ဆက်လက်မိန့်မှာလိုက်တယ်။

"အိမ်ခြံမြေရောင်းဝယ်ရေး page တစ်ခုကိုရှာလိုက်"

မကြာဘူး ဖုန်းပွတ်ရင်းနဲ့ ပြောလာတယ်။

"တွေ့ပြီ"

"တွေ့ရင် အဲဒီ page မှာ နင် ခုနကရိုက်လာတဲ့ နင်တို့အိမ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတွေကို တင်လိုက်။ ပြီးရင် ကာလတန်ဖိုးထက်လျော့တဲ့ ဈေးနှုန်းကိုရေး။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်၊ ဖုန်းဆက်စုံစမ်းနိုင်သည်လို့ ထပ်ရေးပြီး နင့်အဖေနဲ့အမေရဲ့ ဖုန်းနံပါတ်တွေ ရေးတင်လိုက်တော့"

သူ ခဏတွေပြီး စဉ်းစားနေသေးတယ်။ ပြီးမှ သဘောပေါက်သွားဟန်နဲ့ –

"ဟီး ဟီး ... ဟုတ်သားပဲ။ အဲဒါဆို ငါလုပ်တဲ့ကိစ္စကြောင့် ငါ့မိဘတွေ စိတ်အနှောင့်အယှက်ဖြစ်ပြီး ဖြေရှင်းရပြီပေါ့"

"သိပ်သေချာတာပေါ့။ သူတို့ဆီ ဖုန်းတဂွမ်ဂွမ်ဆက်ကြလိမ့်မယ်။ သေချာပေါက် အာရုံနောက်ပြီ"

အဲဒီ page မှာ Post တင်အပြီး သဘောကျနေတဲ့ပုံစံနဲ့ ကလေးတစ်ယောက်လို ရယ်နေသေးတယ်။ ကျွန်တော့်ကိုလည်း အားကိုးဟန်နဲ့ ဆပ်ပြောလာတယ်။

"နင် တကယ်ဉာဏ်ကောင်းတာပဲ သစ်ဦးရ။ လုံးဝ ဖြတ်ထိုး ဉာဏ်ကောင်းတယ်။ တကယ်ပြောတာ"

"ချီးကျူးပြီပေါ့"

"အေး"

"ယုံကြည်တယ်ပေါ့"

"အေး ... ဆို"

"အားကိုးတယ်ပေါ့"

"အေးဟာ"

"ပုံအပ်တော့မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ . . . မသာ"

နှစ်ယောက်သား ပြိုင်တူရယ်လိုက်မိကြတယ်။ ရင်ထဲမှာ ပျော်ရွှင်ကြည်နူးမိသွားတာ အမှန်ပဲ။ သူလည်း ကျွန်တော့်လိုပဲနေမှာလို့ ကျူးကျူးကျော်ကျော် တွေးလိုက်မိတယ်။

တကယ်တော့ ကျွန်တော်လည်း သိပ်တော်တဲ့ စူပါဟီးရိုးလိုကောင်တော့မဟုတ်ပါဘူး။ ကျွန်တော် ရှေ့ကပြောဖူးပါတယ်။ အကြံကုန်ဂဠုန်ဖော့စဘုတ်ကြည့်ဆိုတာလေ။ အဲဒီစကား မမှားဆိုရင် ခင်ဗျားဘာပြောမလဲ။

■

www.burmeseclassic.com

www.burmeseclassic.com

# DAY 4

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မနေ့က ဘယ်လိုလဲ။ နင့်မိဘတွေ စိတ်အနှောင့်အယှက်မှ ဖြစ်ကြရဲ့လား"

တွေ့တွေ့ချင်း မေးလိုက်တော့ သူ တခစ်ခစ် ရယ်တယ်။

"ဖြစ်သမျှ သိပ်ဖြစ်ပေါ့။ တစ်နေ့လုံး တစ်ညလုံးကို ဆဲဆိုနေလို့ မပြီးတော့ဘူး။ လာသမျှဖုန်းတွေကို ဖြေရှင်းနေရလို့ နှစ်ယောက်စလုံး ဖုန်းတောင် ပိတ်ထားလိုက်ရတယ်"

ကျွန်တော်လည်း ရယ်မိပါတယ်။ လူကြီးတွေကို စိတ်အနှောင့်အယှက်ပေးရတာ ပျော်စရာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ချစ်ရသူဖြစ်တဲ့ စိတ်ချမ်းသာတော့ ဒီကောင် ဘယ်မှာမပျော်ရှိမလဲ။

"ကဲ ... လုပ်စမ်းပါဦး။ စိတ်လှုပ်ရှားဖွယ်ရာ ကလေးရက်မြောက်

www.burmeseclassic.com

www.burmeseclassic.com


ယတြာက ဘာလဲဆိုတာကို''

ကျွန်တော့်စကားဆုံးတော့ သူက စာအိတ်ကို ဖွင့်ဖောက်လိုက်ပါတယ်။ ဖတ်ပြီး ခေါင်းတဆတ်ဆတ်ညိတ်တယ်။ ပြီး ... ခက်ခဲမယ့်ပုံစံလေးနဲ့ ပြောလာတယ်။

''အင်း ... ယတြာကတော့ လုံးကျွတ်ဆင်ပဲ သစ်ဦး။ ပြဋ္ဌာန်းထားတဲ့ ဥပဒေသုံးခုကို ချိုးဖောက်ရမယ်တဲ့။ အဲဒီလို ချိုးဖောက်တဲ့နေရာမှာ လူလည်း မထိခိုက်စေရဘူးတဲ့''

ကျွန်တော် သက်ပြင်းချမိတယ်။ ထင်ထားတဲ့အတိုင်းပဲ။ လေးရက်မြောက်ဆိုတော့ ပိုပြီးခက်လာမယ်ဆိုတာ။ ထပ်မေးလိုက်တယ်။

''ဒီနေ့အတွက် ယတြာက အဲဒီတစ်ခုပဲလား''

သူ မသက်မသာ ခေါင်းညိတ်ရင်း ...

''အေး ... တစ်ခုပဲဆိုပေမယ့် သုံးခုတောင် လုပ်ရမှာလေ။ ဥပဒေသုံးခုကို ချိုးဖောက်ရမယ်ဆိုတော့''

''ဟုတ်သားပဲ''

ကျွန်တော် ရှိရင်းစွဲ ခေါင်းလေးဟာ စဉ်းစားရင်းနဲ့ နှစ်ဆလောက်ကြီးသွားတယ်။ နုနုခိုင်ဟာ ယတြာချေခိုင်းတာမဟုတ်ဘဲ ရာဇဝတ်မှုများကျူးလွန်ခိုင်းနေတာလား။ ဒီနေ့ချေရမယ့် ယတြာတွေ လုံးဝအဖမ်းခံရမယ့်ကိစ္စတွေချည်းပဲ။

ကျွန်တော် မျက်မှောင်ကြုတ်တွေးနေတာကိုကြည့်ပြီး သူ လေသံဖျော့ဖျော့လေးနဲ့ ပြောလာတယ်။

''တော်တော် စဉ်းစားရခက်သွားပြီလား သစ်ဦး။ နင့်အတွက်


www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲမယ်ဆိုတာ ငါသိပါတယ်။ နင့်ကို အကူအညီတောင်းနေရတာလည်း အားနာပါတယ်''

''ခဏလေး ယိမ်းနွဲ့၊ ငါ့ကို အားနာတာတွေ၊ ဘာတွေ ပြောမနေနဲ့။ ငါ ရအောင် စဉ်းစားမှာပါ။ ဒီကိစ္စကတော့ မနေ့ကလို ဖေ့ဘုတ်ထဲကနေ ဖြေရှင်းလို့တော့မရဘူးပေါ့၊ ခဏဟာ''

ကျွန်တော့်စကားကို နားထောင်နေတဲ့ပုံစံနဲ့ သူ ငြိမ်သက်နေပေးပါတယ်။ ဥပဒေကိုချိုးဖောက်ရမယ်။ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို ချိုးဖောက်ရမယ်။ ဟာ။

တကယ်ပါပဲ။ ဟာနေတဲ့အကွက်လေးတွေ့လို့ သူ့လက်ထဲက စာရွက်ကို ဆတ်ခနဲဆွဲယူပြီး သေသေချာချာ စေ့စေ့စပ်စပ် ပြန်ဖတ်လိုက်တယ်။

ပြဋ္ဌာန်းထားသော ဥပဒေသုံးခုကို ချိုးဖောက်ရမည်၊ ချိုးဖောက်သည့်နေရာတွင် လူကိုလည်းမထိခိုက်၊ အရေးယူမခံရအောင် ချိုးဖောက်နိုင်ရမည်။

ကဲ ... ဟုတ်ပြီ။ ကျွန်တော် ယတြာအတွက် ပြုံးနိုင်သွားပြီ။ ကျွန်တော် ပြုံးလိုက်တာကိုကြည့်ပြီး သူက ...

''သစ်ဦး ... တစ်ခုခုများ အကြံရလို့လား''

''သိပ်သေချာတာပေါ့၊ ခဏ''

ကျွန်တော်က ဖုန်းထုတ်ပြီး ဖုန်းထဲမှာသိမ်းထားတဲ့ E-book တစ်အုပ်ကို ပြန်ဖွင့်ဖတ်လိုက်တယ်။ ကြီးကျယ်တယ်လို့တော့ဆင်နဲ့ ဥပဒေနဲ့ဆိုင်တဲ့စာအုပ်ဗျ။ ဖတ်ရင်းနဲ့ လိုချင်တဲ့အချက်လေးတွေ တွေ့လို့


www.burmeseclassic.com

www.burmeseclassic.com 

ခေါင်းတဆတ်ဆတ်ညိတ်မိတယ်။ သူ့မျက်နှာလေးကို ဆတ်ခနဲ ကြည့်လိုက်တော့ ကျွန်တော့်အပေါ် အားကိုးမျှော်လင့်တဲ့ မျက်ဝန်းတောက်တောက်ကလေးတွေနဲ့ ကြည့်နေတယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ။

လိုချင်တဲ့အချက်အလက်တွေရတာနဲ့ သူ့ကို ဥပဒေချိုးဖောက်နိုင်းဖို့အတွက် ကျွန်တော့်ဘက်က အဆင်သင့်ဖြစ်နေပါပြီ။

"ကဲ ... ယိမ်းနွဲ့ သွားရအောင်"

ကျွန်တော် ထရပ်လိုက်တော့ သူလည်း ယောင်ရမ်းထရပ်လိုက်ပြီး –

"ဟဲ့ ... ဘယ်ကိုလဲ"

"လမ်းပေါ်သွားရမယ်လေ"

"ဟင် ... ဘာလုပ်ဖို့လဲ"

"ဥပဒေချိုးဖောက်ဖို့ပေါ့"

"ဟဲ့"

သူ လန့်သွားတာဟာ သိသာပါတယ်။ ကျွန်တော်က ရယ်လိုက်ပြီး –

"လာပါဟာ ... နင် အဖမ်းမခံရပါဘူး။ မသကာ ပြေးရရုံပဲ ရှိမယ်"

"ကြည့်လုပ်နော် သစ်ဦး"

"အေးပါ၊ ဘာပဲပြောပြော နင် စိတ်လှုပ်ရှားနေတယ်မလား ဂိမ်းတစ်ခုလိုလေ"

သူ ပြုံးပါတယ်။ နှစ်လိုဖွယ်လေး ပြုံးပြီး ပြန်ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဝန်ခံရရင် ယတြာတွေအတွက် ရင်ခုန်တာ အမှန်ပဲ"

နှစ်ယောက်သား လျှောက်လာကြရင်းနဲ့ စတိုးဆိုင်တစ်ခုရှေ့ ရောက်တော့ ကျွန်တော် ပီကေဝင်ဝယ်လိုက်ပါတယ်။ ပီကေကို ခဲပတ် ခွာပြီး သူ့ကို သေချာကျွေးလိုက်တယ်။

"ရော့ . . . ပီကေဝါး"

"ဟဲ့ . . . ငါ"

"ဩော် . . . ဝါးပါဆို အဆိပ်မှမဟုတ်တာ"

သူ ငြင်းမနေတော့ဘဲ ပီကေတောင့်ကို ပါးစပ်လေးထဲ ပစ်သွင်းလိုက်တယ်။

"ဘယ်လိုနေလဲ"

ကျွန်တော့်စကားကြောင့် သူ မျက်စောင်းထိုးလာပြီး . . .

"ပီကေပဲ ဘယ်လိုနေမှာလဲ။ ချိုတာပေါ့။ ဝါးပြီးရင်တော့ ထွေးထုတ်ပဲ"

"အဲဒါပဲလေ . . . ဟဲ ဟဲ၊ ခဏနေ လမ်းပေါ်ထွေးထုတ်လိုက်နော်"

ကိုယ့်ဟာကိုယ် သဘောကျပြီး ကျွန်တော် ရယ်လိုက်မိတယ်။ ဆက်လျှောက်လာရင်းနဲ့ ပလက်ဖောင်းဘေးမှာ ခိုစာ၊ ပြောင်းဖူးစာတွေ ရောင်းနေတဲ့ အဒေါ်ကြီးတစ်ယောက်ကို ထပ်တွေ့တယ်။

ကျွန်တော် လက်ဖျောက်တီးလိုက်ပြီး . . .

"အိုကေဗျာ . . . ယိမ်းနွဲ့ နင် ခိုစာကျွေးလိုက်ဦး။ ကုသိုလ်ပေါ့"

တစ်ခုခုတော့ တစ်ခုခုပဲဆိုတဲ့ပုံစံလေးနဲ့ သူ ကျွန်တော့်ကို ကြည့်လာတယ်။ ဘာမှတော့မမေးဘူး။ အဒေါ်ကြီးဆီမှာ ခိုစာ ပြောင်းဖူးစေ့တွေ


www.burmeseclassic.com

www.burmeseclassic.com 

ဝယ်ပြီး ကျွေးလိုက်တယ်။ လက်က ကျွေးနေရင်း ပါးစပ်က ပြောင်းလို့လား မသိဘူး ဝါးနေတဲ့ ပီကေကို လမ်းပေါ် ထွေးထုတ်လိုက်သေးရဲ့။

မရိုးမသားလုပ်တယ်ပဲပြောပြော သူ ခိုစာကျွေးနေတဲ့မြင်ကွင်း လေးက လှလွန်းလို့ ကျွန်တော် ဖုန်းနဲ့ ဓာတ်ပုံခိုးရိုက်ထားလိုက်တယ် ဆိုရင် ခင်ဗျားဘာပြောမလဲ။

ခိုစာကျွေးနေတဲ့ ချစ်သူရဲ့အနီးမှာ ဝဲပျံဝိုင်းဖွဲ့စားသောက်နေကြတဲ့ ခိုလေးတွေ။ ဒါ ... ကျွန်တော်သိမ်းထားရမယ့် ဓာတ်ပုံပါ။ ကျွန်တော့် နှလုံးသားရဲ့ မှတ်ဉာဏ်အပိုင်းအစပဲ။ ကျွန်တော် တစိမ့်စိမ့်ကြည့်နေရမယ့် ပုံရိပ်ဖြတ်ပိုင်းပဲ။ အို ... ကျွန်တော် သူ့ကို ချစ်လိုက်တာ။

ခိုစာကျွေးပြီးတဲ့အချိန်မှာတော့ အရေးကြီးတဲ့အပိုင်းကို ရောက် လာပါပြီ။ ကျွန်တော် သူ့ကိုကြည့်ပြီး ...

"ယိမ်းနွဲ့ ... ငါတို့ အိမ်မှာမွေးတဲ့ ခွေးစုတ်ဖွားလေးပဲဖြစ်ဖြ ရှာမှရမယ်"

"ဟင် ... ဘာလုပ်မလို့လဲ"

"မျက်နှာပြောင်ပြဖို့"

"ဟဲ့"

"ဩော် ... တကယ်ပြောတာပါဆို။ အဲလို ခွေးမျိုး ဘယ်မှာ နိုင်မလဲ"

ဒီတစ်ခါတော့ သူစဉ်းစားပါတော့တယ်။ ခဏကြာတော့ ဝမ်းသ သွားတဲ့ပုံစံနဲ့ ...

"ဟဲ့ ... သိပြီ၊ ငါတို့ရပ်ကွက်ထဲမှာရှိတယ်ဟ။ လမ်းထဲ



www.burmeseclassic.com

www.burmeseclassic.com



သဘော်သားမျိုးသန့်ဆိုတဲ့လူကြီး ခွေးလေးတစ်ကောင် ဝယ်ထားတယ် ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်လို့လဲ"

"ငါမြင်တာတော့ အဲဒီလူကြီး ခါးနာနေတယ်ဟ"

"အာ ... ဘာဆိုင်လို့လဲ။ ငါတို့က ခွေးပဲတွေ့ချင်တာလေ၊ ခါးနာနေတဲ့ သဘော်သားမျိုးသန့်ဆိုတဲ့လူမဟုတ်ဘူး"

"ဩော် ... အေး ... ပြီးရောလေ"

ကိုယ်မွေးထားတဲ့ခွေးလောက်တောင် အရေးတယူ မလုပ်ခံရမှန်း သိရင် အဲဒီသဘော်သား မျိုးသန့်ဆိုတဲ့လူကြီးလည်း တော်တော် ကြေကွဲသွားမယ်။ ခါးနာတာကနေ လေဖြတ်ချင်စိတ်တောင် ပေါက်သွားနိုင်သေးရဲ့။

ဒီလိုနဲ့ ကားငှားပြီး သူတို့ရပ်ကွက်ထဲကို ပြန်သွားလိုက်ကြတယ်။ သူတို့လမ်းထဲရောက်တော့ ယိမ်းနွဲ့က ဥရောပဒီဇိုင်းဆန်ဆန်ဆောက်ထားတဲ့ နှစ်ထပ်တိုက်အိမ်တစ်လုံးကို ညွှန်ပြတယ်။

"သစ်ဦး ... အဲဒါ ဦးမျိုးသန့်အိမ်ပဲ။ နင်ပြောတဲ့ခွေးမျိုး ခြံထဲမှာရှိတယ်"

"ဟုတ်ပြီ ... လာ လာ"

နှစ်ယောက်သား သဘော်သားမျိုးသန့်ရဲ့အိမ်ခြံနားဆီ ချဉ်းကပ်လိုက်ကြတယ်။ ခြံနားရောက်လို့ ခြံထဲ လှမ်းကြည့်လိုက်တော့ ခြံထဲမှာ ဆော့နေတဲ့ ခွေးလေးတစ်ကောင် တွေ့တယ်။ နိုင်ငံခြားခွေးမျိုးပဲ။ တယ်ရီယာတော့ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com 

ကျွန်တော်က ခွေးကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ သူ့ကို အသေအချာ မှာရတယ်။

"ယိမ်းနွဲ့ ... နင် သေသေချာချာနားထောင်နော်။ အဲဒီခွေးလေးကို ခြံစည်းရိုးနားရောက်အောင် ခေါ်လိုက်။ ပြီးရင် မျက်နှာပြောင်ပြီး သူ့ကိုစရမယ်။ ဟုတ်ပြီလား"

"ဟဲ့ ... နင့်ဟာက"

"လုပ်မှာသာ လုပ်စမ်းပါ၊ အရေးကြီးတယ်"

"ပြီးရော ... ပြီးရော"

ဆူအောင့်အောင့်လေးပြောပြီး သူ ခြံတံခါးနားကို ကပ်လိုက်ပါတယ်။ တကျွတ်ကျွတ်အသံထုတ်ပြီး ခေါ်လိုက်တော့ ဟိုနိုင်ငံခြားသားခွေးက အမြီးနှံ့ပြီး ကပ်လာတယ်ဗျ။ အဲဒီအချိန်မှာပဲ သူက ကျွန်တော်မှာတဲ့အတိုင်း ခွေးနဲ့ မျက်နှာချင်းဆိုင်ပြီး သူ့မျက်နှာလေးကို အမျိုးမျိုး ပြောင်ပြပါတော့တယ်။

နိုင်ငံခြားသားခွေးကလည်း ပထမတော့ ဘာလဲဟာဆိုတဲ့ ပုံစံနဲ့ ယိမ်းနွဲ့ကိုကြည့်နေသေးတယ်။ ယိမ်းနွဲ့က စုပရိန်လို မျက်နှာကို အမျိုးမျိုး လုပ်ပြီး ပြောင်ပြနေတော့ နိုင်ငံခြားသားဆိုတဲ့စိတ်နဲ့ ဒေါသထွက်ပြီပေါ့။ သည်းမခံနိုင်တော့ဘဲ ဟောင်ပါတော့တယ်။

ခွေးဟောင်သံကြောင့်လားမသိဘူး အိမ်ထဲကနေ ခါးကို လက်နဲ့ ထောက်ပြီး ဆွေမင်း (နေဖြူ) ကာတွန်းထဲက တွက်ပီနဲ့တူတဲ့ လူတစ်ယောက် ထွက်လာပါတယ်။ ကော့လန်ကော့လန်နဲ့ ထွက်လာပြီး -

"ဘယ်သူတွေလဲကွ။ ငါ့ခွေးကို စနေတာ။ အပေါ့တော မဟုတ်

www.burmeseclassic.com



ဘူးနော်၊ နိုင်ငံခြားခွေးကွ ... နိုင်ငံခြားခွေး"

"ဟာ ... အဲဒါ ဦးမျိုးသန့်ကြီး။ ပြေးမယ် ပြေးမယ်၊ ခါးနာ သလောက် ဒေါသကြီးတာ"

ပြောရင်း ယိမ်းနွဲ့ထပြေးတော့ ကျွန်တော်လည်း ဘယ်ခံနိုင်မှာလဲ။ သူ့နောက်ကနေ ဖင်သီဇအောင် လိုက်ပြေးရတော့တယ်။ အနီးနားပတ်ဝန်းကျင် ကိုတောင် ဂရုမစိုက်နိုင်တော့ဘူး။

ခပ်ဝေးဝေးကိုရောက်တော့ ယိမ်းနွဲ့လည်း ပြေးနေတာကို ရပ်ပြီး ဟောဟဲ ... ဟောဟဲနဲ့ အမောဖြေနေပါတယ်။ ကျွန်တော်လည်း သူ့အနားကိုရောက်တော့ ဟောတိုက်နေတာပေါ့။ ပြီး ... နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စိတ်လွတ်ကိုယ်လွတ် ရယ် မောမိလိုက်ကြတယ်။ စိတ်ထဲမှာ ကြည်လင်ပေါ့ပါးပြီး လင်းမြေ့လို့ပေါ့။ ချစ်လိုက်တာ ... သောက်ကောင်မလေးရယ်။

ဘဝဆိုတာ တစ်ခါတလေမှာ ရယ်စရာတွေလည်း လိုအပ်တယ် ဆိုရင် ခင်ဗျား ဘာပြောမလဲ။

အရယ်လည်းရပ်ရော သူက မျက်နှာတည်တည်လေးနဲ့ ...

"ကဲ ... ကိုယ်တော် ... ဘာဆက်လုပ်ရဦးမှာလဲ"

ကျွန်တော်က ဆရာကြီးစတိုင်လ်နဲ့ ပြုံးပြီး ခေါင်းခါလိုက်တယ်။

"ဘာမှလုပ်စရာမရှိတော့ဘူး။ ဒီနေ့ ယတြာအတွက် နင် ဥပဒေ သုံးခု ချိုးဖောက်ပြီးသွားပြီလေ"

"ဘာ"

သူ တကယ်ပဲ အံ့ဩပြီး ရေရွတ်လိုက်တာ သေချာလွန်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


တစ်ဆက်တည်းပဲ မယုံနိုင်တဲ့ပုံစံနဲ့ ...

"ဘယ်လို ... ဘယ်လို သစ်ဦး။ ငါက ဥပဒေသုံးခုကို ချိုးဖောက်ပြီးပြီ ဟုတ်လား"

"ဟုတ်တယ်လေ၊ ပထမဆုံးအနေနဲ့ နင် ပီကေဝါးတယ်။ အဲဒါက စင်ကာပူနိုင်ငံရဲ့ ပီကေမဝါးရ ဥပဒေကို ချိုးဖောက်တာပဲ။ စင်ကာပူနိုင်ငံမှာ အများပြည်သူနေရာတွေမှာ ပီကေဝါးပြီး စည်းမဲ့ကမ်းမဲ့ ထွေးထုတ်တာတို့၊ အမှိုက်ပစ်တာတို့ ကွမ်းတံတွေးထွေးတာ တို့ကိုကျူးလွန်ရင် ဒဏ်ရိုက်တယ်။ နင်က လမ်းပေါ်မှာ ပီကေဝါးပြီး ထွေးထုတ်တာဆိုတော့ ဥပဒေကို ကျူးလွန်ဖောက်ဖျက်တာလေ"

"ဟင်"

"ဟုတ်တယ် ... ထပ်ပြောရရင် ခိုစာကျွေးတာကလည်း အီတလီ နိုင်ငံ ဗင်းနစ်မြို့မှာ ထုတ်ပြန်ထားတဲ့ဥပဒေကို ချိုးဖောက်တာပဲ။ ဗင်းနစ်မှာ အဲလိုကျွေးရင် ဒေါ်လာငါးဆယ်ကနေ ခြောက်ရာအထိ ဒဏ်ရိုက်လို့ ရတယ်"

"ဟဲ့"

"နောက်ဆုံးတစ်ခုကတော့ ခွေးကလေးတွေကို မျက်နှာမဲ့ရွဲ့ပြီး နောက်ပြောင်တာပဲ။ ခွေးကလေးတွေကို လူသားတွေလိုမျိုး တန်းတူ လေးလေးစားစား ဆက်ဆံရမယ်ဆိုပြီး အမေရိကန်နိုင်ငံ ဥက္ကလာဟိုးမား ပြည်နယ်မှာ ဥပဒေထုတ်ပြန်ထားတယ်။ ခွေးကလေးတွေကို မျက်နှာ ပြောင်ပြီးစရင် ထောင်ဒဏ်အထိ ချခံရနိုင်တယ်။ ဒီတော့ နင် ဥပဒေ သုံးခုစလုံး ချိုးဖောက်ပြီးသား ဖြစ်သွားပြီပေါ့"

စကားအဆုံးမှာ သူ တစ်ချက်တွေခနဲဖြစ်သွားတယ်။ စဉ်းစဉ်း


www.burmeseclassic.com

www.burmeseclassic.com

စားစား ပြန်ပြောလာတယ်။

"သစ်ဦး ... နင်ပြောတာတွေက ဟုတ်တယ်ပဲထားဦး။ အဲဒါက ငါတို့နိုင်ငံက ဥပဒေတွေမှမဟုတ်တာ"

ကျွန်တော်က ခပ်တည်တည်ပဲ ...

"နင့်ယတြာစာရွက်လည်း ပြန်ဖတ်ကြည့်ဦးလေ။ ပြဋ္ဌာန်းထားတဲ့ ဥပဒေသုံးခုကို ချိုးဖောက်ရမယ်လို့ပဲ ပါတာ။ ဘယ်နိုင်ငံကဆိုတဲ့ အချက်မှ မပါဘဲ"

"အဲ"

ရေရွတ်ရင်းနဲ့ သူ ယတြာစာရွက်ကို ပြန်ထုတ်ပြီး ဖတ်လိုက်ပါတယ်။ ပြီး ... အရမ်းဝမ်းသာသွားတဲ့ပုံစံနဲ့ 'ဟေးခနဲ' တောင် အော်လိုက်သေးရဲ့။ သတိလွတ်သွားတဲ့ အပျော်မျိုးနဲ့ ကျွန်တော့်ကို ပတ်ပြီး ပြေးရင်း ခုန်ပေါက်နေတယ်။

"ပျော်လိုက်တာ ... ပျော်လိုက်တာ"

ဒီနေရာမှာ ကျွန်တော် ကျိန်ဆိုရဲပါတယ်။ သူ့ကိုကြည့်ပြီး ကျွန်တော် သူ့ထက် ဆယ်ဆလောက်ပျော်နေတယ်ဆိုတာ။ ကိုယ်ချစ်ရတဲ့သူ ပျော်နေရင် လိုက်မပျော်နိုင်တဲ့သူဟာ ကျပ်မပြည့်၊ နှလုံးသားအခန်း ပျက်နေတဲ့ကောင်ပဲရှိမယ်လို့ ကျွန်တော်စွပ်စွဲရင် ခင်ဗျား ဘာပြောမလဲ။

အဲဒီနေ့ နေဝင်ချိန်ရောက်မှ ကျွန်တော်တို့ လမ်းခွဲခဲ့ပါတယ်။ မပြန်ခင်မှာ သူက ကျွန်တော့်ကိုကြည့်ပြီး နှုတ်ဆက်စကားဆန်ဆန် စကား ပြောသွားပါသေးတယ်။

"နင့်ကိုငါ ကျေးဇူးတွေ တင်နေမှာပါ သစ်ဦးရယ်။ မနက်ဖြန်


www.burmeseclassic.com

www.burmeseclassic.com


ဆက်ဆက်ဆုံမယ်နော်”

တဲ့။

သူ့စကားကို ကျွန်တော် ခေါင်းပဲ အသာညိတ်ပြခဲ့တယ်။

ကျွန်တော်လည်း ကျေးဇူးတင်နေပါတယ်။ သူနဲ့ဆုံတွေ့ခွင့်ပေးတဲ့ ကံကြမ္မာကိုပေါ့။

အဲဒီကံကြမ္မာဟာ တစ်ယောက်ယောက်က အထူးပြုလုပ်ထား တာပါဆိုရင်လည်း အဲဒီတစ်ယောက်ကို ကျွန်တော် ဦးညွှတ်လိုက်ပါတယ်။

ကောင်မလေးရေ ...

မျှော်လင့်ချက်လေးရေ ...

မနက်ဖြန် ဆန်းပြားတဲ့ ရင်ခုန်မှုတွေနဲ့ ...

ငါတို့ ဆုံကြဦးစို့ရဲ့။

■

www.burmeseclassic.com

www.burmeseclassic.com

# DAY 5

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ချိန်းဆိုထားစရာမလိုတဲ့ မနက်ဖြန်မှာ စနစ်တကျပဲ ရောက်ရှိလာခဲ့ပါတယ်။ သာယာတဲ့နေ့တစ်နေ့ပါပဲ။ ကောင်းကင်ပြာထဲမှာ တိမ်အုပ်တချို့ ဆွတ်ဖြူနေတာကလွဲရင် ကောင်းကင်တစ်ခုလုံး ကြည်လင်နေတယ်လို့ ဆိုနိုင်တယ်။ နွေရာသီဟာ သူ့ မဆုတ်ခွာခင် လေပူတွေကို ရွှေ့စီးစေခဲ့ပြီ။

ခါတိုင်းဆုံနေကျအချိန်ထက် နည်းနည်းစောပြီး တွေ့နေကျဆိုင်လေးမှာ ကျွန်တော် ရောက်နေခဲ့တယ်။

ဒီနေ့က ငါးရက်မြောက် ယတြာချေမယ့်နေ့။ နောက်ဆုံးပိတ်အိတ်နဲ့လွယ်ရမယ့်နေ့။ ယတြာတွေအားလုံးချေပြီးတဲ့အချိန် ပျော်ရွှင်နေမယ့် ယိမ်းနွဲ့မျက်နှာလေးကို ကြိုမြင်ယောင်ရင်း ကျွန်တော့်စိတ်နှလုံးဟာ



www.burmeseclassic.com

www.burmeseclassic.com


ကြည်လင်ငြိမ်းအေးနေတယ်။

ဘယ်လိုခက်ခဲမယ့်ယတြာတွေ ချေရပေဦးတော့။ ကျွန်တော် မကြောက်ဘူး။ သူ့အတွက် ကျွန်တော့်ရဲ့ချစ်ခြင်းနဲ့ အကောင်းဆုံးတွေပဲ ဖြစ်စေရမယ်။ ယတြာတွေအားလုံး ချေပြီးသွားရင် သူ့ကို ကျွန်တော် အခုံး စွန်ဆုံး တန်ဖိုးထားပြီး ချစ်ခွင့်ပန်မယ်။ သူ ဘာပြောမလဲ။ သူ့မျက်နှာလေး ဘယ်လိုဖြစ်သွားမလဲ။ ကျွန်တော် မတွေးတတ်ဘူး။

ချစ်သူကို ချစ်တယ်လို့ ပြောရရုံနဲ့တင် ကျွန်တော့်နှလုံးသားကို ချွေးသိပ်နိုင်ပါပြီ။ အရာအားလုံးထက် သူ့ကိုချစ်ကြောင်း စာလုံးတွေ တစ်လုံးချင်းပေါင်းပြမယ်။ ချစ်သူအဖို့ နှလုံးသားနဲ့ နားထောင်ဖို့ပဲ လိုတယ်။ နှလုံးသားကကြားရင် ကျွန်တော့်အသံတွေ တိတ်ဆိတ်နေလိမ့်မယ်။

ကျွန်တော် သူ့ကိုစောင့်ရင်း ဘယ်တုန်းကမှ မဖြစ်ပေါ်ဖူးတဲ့ ရင်ခုန်မှုမျိုးနဲ့ အသက်ရှင်ရပ်တည်နေပါတယ်။ ဘယ်လိုယတြာမျိုးချေရမယ်ဆိုတာ ကြိုမတွေးထားဘူး။ ချစ်ခြင်းတွေကြောင့် ကျွန်တော့် သွေးကြောတွေဟာ တဆတ်ဆတ်ခါနေတယ်။

ကျွန်တော် စိတ်ကူးတွေယဉ်ပြီး အတွေးလွန်နေမိတယ်။ သတိရလို့ နာရီကြည့်လိုက်တော့ ချိန်းဆိုထားတဲ့အချိန်ထက် နာရီဝက်ကျော်နေပြီ။ ကျွန်တော့်စိတ်ထဲ စိုးရိမ်မှုတစ်ခုကို ခပ်ပျပျ ခံစားလိုက်ရရင်း သူ့ဖုန်းနံပါတ်ဆီကို ခေါ်ကြည့်လိုက်တယ်။

တော်သေးတယ်လို့ ဆိုရမယ်။ ဖုန်းက တန်းဝင်သွားပါတယ်။ တစ်ဖက်က သူ့ရဲ့ဟဲလိုဆိုတဲ့ အသံလေးကိုစောင့်ရင်း ဖုန်းရိန်းသံနှုန်းသာ ဆုံးသွားတယ်။ လူကြီးမင်းခေါ်ဆိုသောဖုန်းမှာ သတ်မှတ်ချိန်အတွင်း ပြန်လည်


www.burmeseclassic.com

www.burmeseclassic.com

ခြေကြားခြင်းမရှိပါတဲ့။

ကျွန်တော် သက်ပြင်းတစ်ချက် ဆွဲဆွဲငင်ငင် ချလိုက်မိပါတယ်။ မသေချာခြင်းတွေက ကျွန်တော့်ကိုယ်ထဲမှာ ဗိုင်းရပ်စ်တွေလို ပျံ့နှံ့နေပါပြီ။ ဘာလုပ်ရမလဲ။ အရေးကြီးကိစ္စတစ်ခုခုရှိနေလို့ ဖုန်းမကိုင်တာလား။ သူ့အိမ်ကို ကျွန်တော်သိနေတာပဲ။ လိုက်သွားရင်ကောင်းမလား။ မျှော်လင့်ချက်တွေ မရေရာလာတဲ့အခါ မေးခွန်းတွေ များစွာထွက်ပေါ်လာကြတယ်။

အာရုံတွေကို စုစည်းပြီး ကျွန်တော် စဉ်းစားလိုက်တယ်။ လုပ်စရာတစ်ခုပဲရှိတယ်။ ဖုန်းထပ်ခေါ်ကြည့်မယ်။ ဒီတစ်ခါမှမကိုင်ရင် သူ့အိမ်လိုက်သွားပြီး သူနဲ့ မျက်နှာချင်းဆိုင်မယ်။ ဒါပဲ ... ကျွန်တော် ဆုံးဖြတ်တာမမှားပါဘူးနော်။

အရင်ဆုံး ဖုန်းခေါ်လိုက်တယ်။ စိတ်ထဲက ကြိုသိနှင့်နေသလိုပဲ၊ ဖုန်းမကိုင်ဘူး။ ဒါနဲ့ပဲ ကျွန်တော် ဆုံးဖြတ်ချက်အတိုင်း သွားမယ်ဆိုပြီး ထိုင်နေရာက ထရပ်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ...

"အစ်ကိုက ကိုသစ်ဦးပါနော်"

အနားရောက်လာပြီး မေးလိုက်တဲ့ ဝိတ်တာလေးကို ကျွန်တော် ခေါင်းညိတ်ပြလိုက်ရင်း ...

"ဟုတ်ပါတယ်၊ ဒါနဲ့ ... ဘာဖြစ်လို့"

ကျွန်တော့်စကားမဆုံးခင်မှာပဲ ဝိတ်တာလေးက သူ့ဘောင်းဘီအိတ်ကပ်ထဲက စာအိတ်တစ်အိတ်ကိုထုတ်ပြီး ကျွန်တော့်ဆီ ကမ်းပေးလိုက်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုနဲ့အတူ မနက်တိုင်း ဒီမှာထိုင်ခဲ့တဲ့အစ်မက ပေးသွားတာဗျ။ လာပေးထားတာတော့ မနက်အစောကြီးထဲကပဲ။ အစ်ကို ရောက်လာပြီး ပြန်တော့မယ့်ဟန်ပြင်လာရင် ဒီစာအိတ် ပေးလိုက်ပါဆိုလို့"

"ကျေးဇူးနော် ညီ"

စာအိတ်ကို ယူပြီး ကြည့်လိုက်တယ်။ စာအိတ်ပေါ်မှာ ငါးရက်မြောက်ယတြာလို့ ရေးထားတယ်။ ဒါ နုနုခိုင်ဆီက ယတြာပဲ။ အဲဒီအတွေးနဲ့ စာအိတ်ကို ဖွင့်ဖောက်ပြီး အထဲကစာကို ဖွင့်ဖတ်လိုက်တော့။

ငါးရက်မြောက်ယတြာ။

လူတစ်ယောက်အား သေသေချာချာ ချိန်းဆိုထားပြီးမှ ချိန်းဆိုသည့်နေရာသို့ မသွားဘဲ ပျက်ကွက်ရန်။

တဲ့။

"ဟင်"

ပထမ အံ့သြနေမိတယ်။ စာကို နောက်တစ်ခေါက် သေသေချာချာ ဖတ်ပြီးမှ နားလည်သလိုလို ရှိလာတယ်။

"ဟာ"

ဒါ ... ဒါဆို သူမနေ့ညနေက ဒီနေ့ ဆက်ဆက်ဆုံမယ်လို့ ချိန်းထားခဲ့ပြီး ဒီနေ့ရောက်မလာတာ ယတြာချေလိုက်တာပေါ့။

တော်ပါသေးရဲ့။ သူရောက်မလာတာဟာ ယတြာချေမှန်းသိရတော့ ကျွန်တော့်ရဲ့ ဘာမှန်းမသိတဲ့ စိုးရိမ်မှုတွေဟာ အတော် လျော့ကျသွားတယ်။ စိတ်ထဲ ပြန်ကြည်လင်လာပြီး ပျော်လာတယ်။ ခုချိန်လောက်ဆို သူ ဖုန်းကိုင်လောက်ပြီပေါ့။ အဲဒီအတွေးနဲ့ သူ့ ဖုန်းကို ထပ်ခေါ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို"

သူ့အသံလေးဟာ ကျွန်တော့်ကို ဟိုးတောင်ထိပ်ဖျားဆီ ဆွဲခေါ်သွားသလိုပဲ။ ကျွန်တော် လှိုက်မောစွာ ပျော်ရွှင်သွားရရင်း စကားမြန်မြန် ပြောလိုက်မိတယ်။

"ဒီနေ့ နင်မလာတော့ ယတြာချေတာပဲဆိုတာ ငါသိပြီ ယိမ်းနွဲ့။ ဒါ ... ဒါပေမဲ့ ... ငါ ... ငါ ... နင်နဲ့ တွေ့ချင်တယ်။ ပြောစရာလည်း ရှိလို့"

သူ့ဘက်က ခဏအသံတိတ်နေပါသေးတယ်။ ခဏကြာမှ သက်ပြင်းချသံလေးနဲ့အတူ ...

"ဒီနေ့တော့ တွေ့လို့မဖြစ်သေးဘူး သစ်ဦး။ ဆုံချင်တယ်ဆိုရင်တော့ တွေ့နေကျဆိုင်မှာပဲ မနက်ဖြန်ညနေ ငါးနာရီလောက် ဆုံမယ်လေ"

"ယတြာထပ်ချေတာတော့ မဟုတ်ပါဘူးနော်"

သူက လေသံမှုန်မှုန်နဲ့ပဲ ...

"အတည်ပါ၊ နင် ငါ့ဆီ ဖုန်းထပ်မဆက်နဲ့တော့ သစ်ဦး။ ဒါပဲ ဟာ"

ပြောပြီး သူ ဖုန်းချသွားတယ်။ ယတြာတွေအားလုံးချေပြီး သွားတဲ့ သူ့အသံမှာ ဘာဖြစ်လို့ပျော်ရွှင်မှု ရာခိုင်နှုန်းတွေ လျော့နေတာလဲ ကျွန်တော် စဉ်းစားမရဘူး။ ခြောက်ကပ်ကပ်ဖြစ်နေတဲ့ သူ့ စကားသံတွေက ကျွန်တော့်ကို သွေးကျဲစေတယ်။

ပြီးတော့လေ ...

"ဟဲ့" ဆိုတဲ့ သူသုံးနေကျ အာမေဍိတ်လေး ဒီနေ့မကြား


www.burmeseclassic.com

www.burmeseclassic.com 

လိုက်ရတာကိုက ကျွန်တော့်အတွက် ပြည့်စုံတဲ့နေ့တစ်နေ့ပါပဲ။

ဘာပဲဖြစ်ဖြစ် မနက်ဖြန် သူနဲ့ တွေ့ရမယ်ဆိုတဲ့ အတွေးနဲ့တင် ကျွန်တော့်နှလုံးသားကို ချိုးနှိမ်ထားလိုက်ပါတယ်။

မနက်ဖြန်ဆိုတာ မျှော်လင့်ချက်ကြီးတစ်ခု ဖြစ်လို့လာပြန်ပါပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ညနေ ငါးနာရီဆိုတာ တစ်နေ့တာကိုနှုတ်ဆက်ဖို့ အားယူနေတဲ့အချိန်ပဲ။

ကောင်းကင်ထောင့်ချိုးဆီ ဆည်းဆာတိမ်တွေ အပြေးအလွှားသွားနေကြပြီ။

အိပ်တန်းပြန်မယ့်ငှက်တွေ ကောင်းကင်မှာ ဝဲပျံနေကြသလို အိပ်တန်းပြန်မယ့်လူတွေဟာလည်း လမ်းပေါ်မှာ ဖွာရရာကျဲလို့ပေါ့။

အဲဒီလိုအချိန်မျိုးမှာ ကျွန်တော် ကိုယ့်ရင်ခုန်သံ ကိုယ်နားထောင်ရင်း ချိန်းဆိုထားတဲ့ ဆိုင်လေးမှာ စောင့်နေခဲ့ပါတယ်။

ချစ်ခြင်းတရားနဲ့ ပတ်သက်ပြီး ရွှေနားတော်သွင်း သီချင်းကျူးရင့်ရင်း စောင့်နေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ ...

ဒါပေမဲ့ ... ယိမ်းနွဲ့ရောက်လာပြီး ငါးမိနစ်လောက်အချိန်မှာပဲ ကျွန်တော့်ကမ္ဘာဟာ အစောဆုံး နေဝင်မှုမျိုးနဲ့ မှောင်အတိကျသွားခဲ့ရပြီဆိုတာ သိလိုက်ရပါတယ်။

ယိမ်းနွဲ့ ရောက်လာခဲ့တယ်။ သူတစ်ယောက်တည်း မဟုတ်ဘူး။ တခြားအမျိုးသားတစ်ယောက်နဲ့။

ရောက်ရောက်ချင်းပဲ ယိမ်းနွဲ့က သူ့ရဲ့မျက်နှာသေပေါ်မှာ အပြုံးတစ်ခု တပ်ဆင်လိုက်ပြီး ...

"သစ်ဦးကို မိတ်ဆက်ပေးရဦးမှာ။ ဒါက ငါနဲ့ လူကြီးချင်း သဘောတူထားတဲ့ ကိုသက်နိုင်တဲ့၊ အကျဉ်းဦးစီးက အရာရှိပေါ့"

"ဩော်"

စိတ်ထဲက လစ်ဟာသွားမှုကို "ဩော်" ဆိုတဲ့ စကားလုံးနဲ့ အလျင်အမြန် ဖြည့်လိုက်ရတယ်။

ကိုသက်နိုင်ဆိုတဲ့ လူကတော့ ကျွန်တော့်ဆီ လက်ကမ်းပေးပြီး ...

"တွေ့ရတာ ဝမ်းသာတယ်ကွာ ညီလေး ... အကူအညီလိုရင်လည်း ပြောပေါ့ကွာ"

သူ့စကားကြောင့် ကျွန်တော် တင်းပြီး ပြန်ပြောလိုက်တယ်။

"ခင်ဗျားဗျာ ... ခင်ဗျား အကူအညီယူရအောင် ကျွန်တော်က ထောင်ကျပေးရမှာ ကျနေတာပဲ၊ မလိုဘူးဗျ ... ခင်ဗျားအကူအညီ"

ကိုသက်နိုင်ရဲ့မျက်နှာက မဲခနဲဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို ပြုံးကြောင်ကြောင်ကြည့်ပြီး ပြန်ပြောမယ့်စကားကို စိတ်ကူးထဲ အမြန်လိုက်ရှာနေပုံပဲ။

အဲဒီအချိန်မှာပဲ ယိမ်းနွဲ့က အနေအထားကို သဘောပေါက်ဟန်နဲ့ ဝင်ပြောလာတယ်။

"သစ်ဦး ... နင် ငါ့ကို တွေ့ချင်တယ်ဆိုတာက ဘာကိစ္စလဲ"

ဒီတစ်ခါ စကားလုံးရှာမရသူက ကျွန်တော်။

ယိမ်းနွဲ့ရဲ့မိတ်ဆက် ပေးမှုမှာပဲ ကျွန်တော့်စကားလုံးတွေတင် မဟုတ်ဘူး ကျွန်တော့်မျှော်လင့်ချက်တွေပါ ကျိုးကြေပျက်စီးခဲ့ပြီပဲ။

ဒါပေမဲ့ ... ကျွန်တော်မညာပါဘူး။

စကားကို အမှန်တရားနဲ့ နီးစပ်အောင် အတတ်နိုင်ဆုံး ရိုးသားစွာ ပြောလိုက်ပါတယ်။

"ဘာမှပြောစရာမရှိပါဘူး ယိမ်းနွဲ့။ အခြေအနေအရ ပြောစရာလည်း မလိုလောက်တော့ဘူးလေ။ နင့်ကို တွေ့ချင်ရုံသက်သက် ချိန်းလိုက်တာပါ။ ကဲ ... ငါသွားပြီ။ နင်ရဲ့အခက်အခဲမှန်သမျှ အမြဲပြေလည်ပြီး နင် ထာဝရကံကောင်းပါစေဟာ"

ပြောပြီး ကျွန်တော် ထထွက်လာခဲ့တယ်။

ဆိုင်အပြင်ဘက်ရောက်မှ သတိရတယ်။

ကျွန်တော် မှာစားထားခဲ့တာတွေအတွက် ... ပိုက်ဆံ မရှင်းခဲ့ရဘူး။

ကျွန်တော် ပြန်သွားပြီးရှင်းလိုက်ရင် ကောင်းမလားလို့ စဉ်းစားမိပေမယ့် မသွားတော့ဘူး။

www.burmeseclassic.com


မိဘပေးစားတဲ့လူနဲ့ ယူချင်တဲ့သူ ရှင်းပေါ့လို့ ကလေးတစ်ယောက်လို အောင့်သက်သက် တွေးလိုက်ပါတယ်။

အမှန်ပါပဲ။

ကျွန်တော်ဟာ ချစ်ခွင့်မပန်ရခင်ကတည်းက ငြင်းပယ် ခံခဲ့ရသူပါ။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

“မင်းကွာ ... ဖြစ်ပုံကတော့ တစ်ဖက်နိုင်ငံရဲ့လေဆိပ်ကို ရောက်ပြီးမှ နိုင်ငံထဲ ဝင်ခွင့်မရတဲ့လူလိုပဲ”

နိုင်ငံတော်ဖားကြီးရဲ့စကားကို “ကောင်းလှချည်လား” လို့တောင် ကျွန်တော့်မှာ မပြောနိုင်ဘူး။ အရေးထဲ ရတနာသိန်းထိုက်အောင်ဏ အကြောင်းကြောင် ဝင်မေးလာသေးတယ်။

“နေစမ်းပါဦးကွ ... ဒီကောင်သစ်ဦးက ဘယ်နိုင်ငံကိုသွားပြီး ပြည်ဝင်ခွင့်မရတာလဲ”

“ဖင်လန် ... ဟော့ ... ဖင်လန်”

ဖားကြီးကရွဲ့ပြောလိုက်တယ်။ ဒါကိုလည်း သိန်းထိုက်အောင်ဏ သူ့ရဲ့မဟာဉာဏ်တော်နဲ့ ချင့်ချိန်စဉ်းစားပြီး ယုံတယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဩော် ... ဖင်လန်နိုင်ငံလား"

စကားအဆုံးမှာတော့ ကျွန်တော့်ကိုယ်စား ဖားကြီး အတော် တင်းသွားပါပြီ။

"ဖင်လန်နိုင်ငံ မဟုတ်ဘူးဟေ့၊ မင်းကို ဖင်လှန်လို့ ပြောတာ။ တုတ်နဲ့ ခပ်စပ်စပ်လေး ရိုက်ချင်လို့"

"ဟာ ... ဟေ့ကောင် ... မိုက်ရိုင်းလှချည်လား"

"ရိုင်းမှာပဲ၊ မင်းက ဘာတွေလျှောက်ပြောနေမှန်းမှမသိတာ။ မင်းပုံစံနဲ့ ဘယ်တော့မှ မော်တော်ပီကေလုပ်နဲ့ ဟေ့ကောင်။ ကား တိုက်ခံရလိမ့်မယ်"

"ဟာ"

နှစ်ယောက်သား ကျွန်တော် ငုပ်တုတ်ကြီးထိုင်နေတာတောင် ရန်ဖြစ်နေကြသေးတယ်။ အလိုက်ကန်းဆိုးမသိတဲ့ လဒနှစ်ကောင်ကို ပြောဆိုဆုံးမချင်စိတ်လည်း မရှိတော့ပါဘူး။ ကိုယ့်ဟာကိုယ် အသည်း ကွဲပြီး ရေတွေပဲ တစ်ခွက်ပြီးတစ်ခွက် သောက်နေမိတယ်။

ဖားကြီးကပဲ စိတ်လျှော့ပြီး ကျွန်တော့်နဲ့ယိမ်းနွဲ့ ပတ်သက်ခဲ့သမျှကို ရှင်းပြလိုက်တယ်။ အဲဒီတော့မှ သိန်းထိုက်အောင်က သံဝေဂလက်ာကို ရွတ်ဆိုတယ်။

"ဩော် ... အဲလိုကြီးဖြစ်သွားတာလား။ သစ်ဦးရာ ... မသေ ကောင်းမပျောက်ကောင်း"

"ဘာ ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ၊ မင်းပဲစဉ်းစားကြည့်လေ ဖားကြီး။ ဒီကောင်


www.burmeseclassic.com

www.burmeseclassic.com

ချစ်ခွင့်ပန်ပြီးမှ ဟိုက ငြင်းလိုက်ရင် ပိုကွဲမှာ၊ ပိုနာမှာ။ အဲဒီစိတ်နဲ့ သေရင်သေ၊ မသေရင် ရှူးပဲ''

''ဟာ''

အဲဒီတော့မှ ကျွန်တော်လည်း ကိုယ့်ဘဝကိုယ် ယူကျုံးမရဖြစ်ပြီး သတ်သေချင်စိတ်ပေါက်သွားရတယ်။ ဒီအချိန် ကျွန်တော် သတ်သေရင် တောင် ယိမ်းနွဲ့ကြောင့်မဟုတ်ဘဲ ဒီနှမပေးနှစ်ကောင်ရဲ့ သောက်တလွဲ အပြောတွေကြောင့် ဖြစ်မှာ။

''သစ်ဦး ... မင်း ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲ၊ ခုချိန်မှာ ပေါ့''

ဟုတ်တယ်၊ ကျွန်တော် တစ်ခုခုလုပ်မှရတော့မယ်။ ဘယ်လိုမှ အောင့်အည်းပြီး ခံစားနိုင်စွမ်းမရှိတော့ဘူးလေ။ ချက်ချင်းလုပ်မှ ရတော့ မယ်ဆိုတဲ့အတွေးနဲ့ ဆတ်ခနဲ ထရပ်လိုက်မိတယ်။

ကျွန်တော့်အပြုအမူကြောင့် ဖားကြီးက ...

''ဟာ ... သစ်ဦး ... ဒါက ဘယ်သွားမလို့လဲ''

''မင်းပဲ ခုချိန်ဘာလုပ်မလဲဆို၊ အဲဒါကြောင့် ငါလည်း လုပ်သင့် တာကို သွားလုပ်မှာ''

ဖားကြီး ရင်ဘတ်ကိုဖိတယ်။

''ဘုရား ဘုရား ... မင်း ဘာများလုပ်မလို့လဲ သစ်ဦး''

''သေးသွားပေါက်မယ်လေ၊ ရေတွေ တစ်ခွက်ပြီးတစ်ခွက် သောက် နေတာ ဆီးတင်းနေပြီဟ''

ပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့တယ်။ အဲဒီနှစ်ကောင် ဘယ်လို


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ကျန်ခဲ့မလဲတော့ မသိဘူး။ ကျွန်တော့်မှာတော့ ဆိုင်မှာရှိတဲ့ အိမ်သာဆီ ခပ်သုတ်သုတ် ပြေးသွားလိုက်ရတယ်။

ဆီးအိမ်ထဲကဆီးကို ပတစ်ကာနဲ့ စီးဆင်းထွက်ခွာခွင့်ပြုလိုက်မှပဲ ကြက်သီးနှစ်ခါလောက်ထပြီး ပေါ့သွားသလို ခံစားလိုက်ရတယ်။ ကိုယ့် ပစ္စည်းနဲ့ကိုယ် သေးပေါက်တာတောင် အနှောင့်အယှက်က ဝင်လာသေး တယ်။ သေးပေါက်နေရင်းတန်းလန်းပဲ မြည်လာတဲ့ဖုန်းကို ဖွင့်ကိုင်လိုက်ရ တယ်။ ဆက်လာသူက နုနုခိုင်။ ဗေဒင်ယတြာဆရာမကြီး။ သူ့ပရောဂျက် နဲ့ကျွန်တော် အသည်းကိုကွဲအောင်လုပ်တဲ့ မှဆိုးတစ်ပိုင်း မိန်းမရိုင်းကြီး။

"နုနုခိုင် ... ပြောဟာ၊ ဘာလဲ"

"နင်ကလည်း အသံက မာဆတ်ဆတ်နဲ့ ဘယ်လိုဖြစ်နေတာလဲ"

"သေးပေါက်နေလို့ဟ ... နင် တဖြန်းဖြန်းအသံ မကြားဘူး လား"

ဒင်းဘက်ကအသံ ခဏတိတ်သွားပြီးမှ ကျိန်ဆဲသံတွေနဲ့အတူ –

"မသာ ... ငါက အကောင်းပြောမလို့။ ဖုန်းထဲကပြောရင် အဆင်မပြေလောက်ဘူး။ ငါတို့အိမ်နားက၊ အအေးဆိုင်ကိုလာခဲ့ဟာ ... ဒါပဲ"

"နုနုခိုင် ... နေပါဦး။ နင်က ဘာအကြောင်းပြောမလို့လဲ"

"ယိမ်းနွဲ့နဲ့ပတ်သက်လို့ဟ၊ နင်မလာရင် နောင်တရလိမ့်မယ် နော်၊ ဒါပဲ"

ပြောပြီး ဖုန်းချသွားပါတယ်။ ဒီနေရာမှာ ကျွန်တော် တုံ့ဆိုင်း နေလို့မဖြစ်ဘူး။ ချက်ချင်းသွားမှဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်တောင် စိတ်စောသွားလဲဆိုရင် အိမ်သာအပြင်ဘက် ရောက်မှ ဘောင်းဘီဇစ်ကို ပြန်ဆွဲမိတဲ့အထိပဲ။

ကျွန်တော် နောင်တမရချင်ဘူးလေ။ နုနုခိုင်ရဲ့စကားတွေဟာ ကျွန်တော့်အတွက် ကောက်ရိုးတစ်မျှင် ဖြစ်နိုင်တာပဲလို့ ကျွန်တော် အားကိုး တကြီး တွေးလိုက်မိပါတယ်။

ဒီလိုနဲ့။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

နုနုခိုင် ဖုန်းနဲ့ပြတဲ့ ဗီဒီယိုဖိုင်တွေကိုကြည့်ပြီး ကျွန်တော် အရမ်းအံ့ဩသွားမိတယ်။ အဲဒီဗီဒီယိုဖိုင်အားလုံးဟာ ကျွန်တော်နဲ့ယိမ်းနွဲ့တို့ရဲ့ ယကြာချေတုန်းက ပုံရိပ်တွေကို တစ်ယောက်ယောက်က ဖုန်းနဲ့လိုက်ရိုက်ထားတဲ့ ဗီဒီယိုဖိုင်တွေပဲ။

ဘတ်စ်ကားပေါ်ကအစ အသုပ်ဆိုင်အလယ် နောက်ဆုံး ခွေးဟောင်လို့ ထွက်ပြေးရတဲ့အထိပါတယ်။ ကျွန်တော် တစ်ခုချင်း သေချာကြည့်ပြီးမှ မယုံကြည်နိုင်စွာ မေးမိတယ်။

"နုနုခိုင် ... ဒီဗီဒီယိုဖိုင်တွေက ဘယ်သူရိုက်ထားတာလဲ"

နုနုခိုင်က သက်ပြင်းချတယ်။ ပြီးမှ ...

"တစ်ယောက်ယောက် လိုက်ရိုက်ထားတာပေါ့ဟာ။ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရိုက်ထားတယ်ဆိုတာ အရေးမကြီးပါဘူး။ ဘယ်သူက ဒီလိုရိုက်ဖို့ ခိုင်းတာလဲဆိုတာပဲ အရေးကြီးတာဟ"

"ဟုတ်ပါပြီ ... အဲဒါဆို ဒီကိစ္စက ဘယ်သူ့လက်ချက်လဲ။ ပြီးတော့ ဘာအတွက်လဲ"

ဒုတိယမှူး သက်ပြင်းရှည်ကို နုနုခိုင် ထပ်ချတယ်။ ကျွန်တော့်ကို လည်း ခပ်တွေတွေစိုက်ကြည့်ရင်း ...

"ငါပြောတာကို အရင်နားထောင်ဦး သစ်ဦး။ လွန်ခဲ့တဲ့ ဆယ့်ငါး ရက်လောက်က ယိမ်းနွဲ့ ငါ့ဆီရောက်လာတယ်။ ငါ့ကို ခင်ရုံမဟုတ်ဘူး။ ယုံကြည်လို့ဆိုပြီး သူ့အခက်အခဲကို လာပြောပြတာ"

"သူ့အခက်အခဲဆိုတာက"

နုနုခိုင်က တတိယမှူးသက်ပြင်းကိုချတယ်။

"အင်း ... သူ့ပြဿနာကတော့ သူ့အဖေ စခန်းမှူးဟောင်းက သူ့ကို အိမ်ထောင်ချပေးချင်နေတဲ့ကိစ္စပဲ။ အဲဒီကိစ္စအတွက် သူ့အမေက ဘာမှဝင်မပါဘူး။ သူ့အဖေပဲ သူ့ဟာသူ သဘောကျတဲ့လူတွေနဲ့ စပ်ဟပ်တာလေ"

"ဘယ်လိုကြီးလဲဟ၊ ပြောင်းပြန်ကြီး"

"ရဲဝန်ထမ်းဟောင်းမို့လို့နေမှာပေါ့ဟာ။ ထပ်ပြောရရင် သူ့အဖေ ပေးစားတဲ့ သတို့သားလောင်းတွေအားလုံးဟာ အစိုးရဝန်ထမ်းတွေချည်းပဲ။ သူတွေးပုံက အစိုးရဝန်ထမ်းဆိုရင် ပြစ်မှုကင်းရှင်းမယ်၊ နိုင်ငံရေး ကင်းရှင်းမယ်ပေါ့ဟာ။ အဲလိုလူတွေထဲက တစ်ယောက်ယောက်နဲ့ ယိမ်းနွဲ့ကို ယူစေချင်တာ။ ယိမ်းနွဲ့ကတော့ ငြင်းတာပဲ။ သူငြင်းတာက သူ့ဘက်က


www.burmeseclassic.com

www.burmeseclassic.com


အဲဒီလူတွေကို မနှစ်သက်လို့ပါ။ ပြီးတော့ . . . အစိုးရဝန်ထမ်းက သာမန်လူထက် ပိုပြီးပြည့်စုံတယ်ဆိုတာကို သူ လက်မခံဘူး"

"မှန်တာပေါ့ . . . ဒါ ဖြစ်သင့်တယ်"

"အဲဒီလို သားအဖနှစ်ယောက် အခြေအတင်ဖြစ်ပွားတာတွေ များလာတော့ ယိမ်းနွဲ့က သူ့အဖေနဲ့ အပေးအယူတစ်ခုလုပ်တယ်"

ကျွန်တော် ပိုပြီးစိတ်ဝင်စားလာလို့ မျက်မှောင်ကြုတ်လိုက်မိတယ်။

"ယိမ်းနွဲ့က သူကိုယ်တိုင် လူတစ်ယောက်ကို စမ်းသပ်ရွေးချယ်ပြီး အရည်အချင်းစစ်ပြမယ်။ အဲဒီလူဟာ သူ့အဖေရွေးချယ်ထားတဲ့လူတွေထက် သာစေရမယ်ပေါ့ဟာ"

"အဲဒီတော့ ဘယ်လိုဆက်ဖြစ်လဲ"

နုနုခိုင်က အမေးကိုမဖြေသေးဘဲ ဆက်ပြောတယ်။

"နင်နဲ့ယိမ်းနွဲ့တို့နှစ်ယောက် ငါ မတွေ့ပေးခင်ကတည်းက နှစ်ခါလောက် ဆုံဖူးတယ်ဆို"

"အင်း . . . ဟုတ်တယ်"

"ပြီးတော့ . . . လက်ဖက်ရည်ဆိုင်ထဲ ဝင်လာပြီး နင့်ကို ကန္တာရတွေအကြောင်းမေးတော့ ကားပေါ်မှာ ယိမ်းနွဲ့ပါလာတယ်ဟာ။ သူက နင့်ကို မှတ်မိနေတော့ နင့်အကြောင်း ငါ့ဆီမှာ စုံစမ်းတယ်"

"အင်း . . . ငါ သဘောပေါက်သလိုလိုရှိလာပြီ နုနုခိုင်။ အဲဒီမှာပဲ ယိမ်းနွဲ့ဟာ သူစမ်းသပ်မယ့် သားကောင်အဖြစ် ငါ့ကို ရွေးချယ်လိုက်တာပေါ့ ဟုတ်တယ်မလား"

စကားအဆုံးမှာ နုနုခိုင်က ခေါင်းခပ်ဖြည်းဖြည်းညိတ်တယ်။


www.burmeseclassic.com

www.burmeseclassic.com



မရှင်းသေးတာကို ဆက်မေးလိုက်တယ်။

"ဒါဆို ... သူ့အခက်အခဲအတွက် ယတြာချေတယ်ဆိုတာ ကရော"

"အဲဒါလည်း သူ့အစီအစဉ်တွေပဲ သစ်ဦး။ အဲဒီယတြာတွေကို သူကိုယ်တိုင် စီစဉ်ပြီး နင့်ကိုစမ်းသပ်ခဲ့တာ။ ဗီဒီယိုရိုက်ခိုင်းတာလည်း သူပဲ"

"ဟာ"

"ဟုတ်တယ်၊ အဲဒီဗီဒီယိုဖိုင်တွေကို သူ့အဖေကိုပြပြီး နင်ဟာ သူ့အဖေစီစဉ်ထားတဲ့ လူတွေထက်သာကြောင်း၊ နင့်လိုလူမျိုးကိုတောင် သူ့အနေနဲ့ လက်ထပ်ဖို့ဆိုရင် စဉ်းစားဦးမယ်ဆိုတဲ့အကြောင်း ပြောလိုက်တာ"

"ဟာ"

ရေရွှတ်ရင်းနဲ့ ကျွန်တော့်ရင်ထဲမှာ ကျင်ဆို့ဆို့ဖြစ်သွားရတယ်။ ယိမ်းနွဲ့ရယ် ... လုပ်ရက် ပြောရက်လိုက်တာ။

နုနုခိုင်က ကျွန်တော့်ကို အားနာဟန်နဲ့ကြည့်ပြီး ...

"အဲဒီလိုပြောတာကတော့ ယိမ်းနွဲ့ ဖောင်းတာပေါ့ဟာ။ ငါလည်း နင့်အပေါ် အဲလိုပြောတာကို မကြိုက်လို့ ခုပြန်ပြောပြတာ"

ကျွန်တော် စဉ်းစားပြီး လက်ကာပြလိုက်တယ်။

"အဲဒါကိုထားပါဦး ... ဗီဒီယိုတွေပြလိုက်ပြီးတဲ့အချိန်မှာ ဘယ် လိုဖြစ်သွားလဲ"

"ယိမ်းနွဲ့ကတော့ သူ့အဖေကို စဉ်းစားခိုင်းထားတယ်။ ဒါပေမဲ့ သူ့အဖေက အတင်းပေးစားရင်လည်း သူ့အဖေပေးစားမယ့်လူကို ယူမယ်။ အဲဒီအိမ်ထောင်ရေးမှာ ပြဿနာရှိလာရင် သူ့တာဝန်မဟုတ်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.comဟဲ့ 

"ဩော် ... အဲလိုလား။ ငါနဲ့ပတ်သက်ပြီးတော့ သူ ဘာမှမပြော ဘူးပေါ့"

"အဲဒါတော့ ငါမသိဘူး သစ်ဦး"

ကျွန်တော် အတော်လေးကြာအောင် ငြိမ်သက်ပြီး စဉ်းစားလိုက် ပါတယ်။ ပြီးတော့ ဘာလုပ်ရမယ်ဆိုတာလည်း သိသွားတယ်။ သိသိချင်းပဲ နုနုခိုင်ရဲ့ရှေ့ကနေ ထရပ်လိုက်ပါတယ်။ ဒီကိစ္စအတွက် သည်းခံပြီး အချိန် ဆွဲနေလို့ မဖြစ်ဘူးလေ။

ကျွန်တော့် အပြုအမူကြောင့် နုနုခိုင်က ...

"သစ်ဦး ... နင် ဘယ်သွားမလို့လဲ"

ကျွန်တော်မဖြေဘဲ ထွက်လာခဲ့တယ်။ ခုချိန် ကျွန်တော် ဘာလုပ် မယ်ဆိုတာ ဘယ်သူ့ကိုမှ မသိစေချင်တော့ဘူးဆိုရင် ခင်ဗျားရော သိချင် နေမလားပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

"အဲဒါဆိုရင် သမီးရဲ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးပေါ့"

"ဟုတ်ပါတယ် ဖေဖေ ... အဲဒါက သမီးရဲ့နောက်ဆုံးအဖြေပါပဲ"

ကျွန်တော် ညှော်ခန်းထဲ ခြေချလိုက်တဲ့အချိန်မှာ အဲဒီစကား နှစ်ခွန်းပဲ ကြားလိုက်ရတယ်။ ညှော်ခန်းထဲမှာ ထိုင်နေတဲ့သူတွေက ယိမ်းနွဲ့နဲ့ သူ့အဖေ ရဲဝန်ထမ်းဟောင်းကြီး။ ကျွန်တော်က သူတို့အိမ်ကို ရောက်သွားတာ။

ခြံတံခါးက စေ့ထားလို့ အိမ်ထဲ ဝင်လာခဲ့လိုက်တာပါ။ အိမ်ရှေ့ ညှော်ခန်းကလည်း တံခါးပိတ်မထားတော့ ဝင်သွားလိုက်တယ်။ ပိုက်နဲ့ပဲ ကျူးလွန်မှုနဲ့ ဖမ်းချင်လည်း ဖမ်းပေါ့။ ကျွန်တော်ကတော့ လုပ်စရာရှိတာကို လုပ်ရမယ်။

www.burmeseclassic.com

ကျွန်တော့်ကိုမြင်မြင်ချင်းပဲ သားအစ်ဖနှစ်ယောက်စလုံး အိုးတိုး အမ်းတမ်းဖြစ်သွားကြတယ်။ ယိမ်းနွဲ့က အရင်ထရပ်လိုက်ပြီး အံ့သြလန့်ဖျပ် သွားပုံနဲ့ –

"ဟဲ့ သစ်ဦး ... နင်က ဘယ်လို"

သူ့အဖေ ရဲဝန်ထမ်းဟောင်းကြီးလည်း ထရပ်လာပါတယ်။ ကျွန်တော့်ကို စိုက်ကြည့်ပြီး ...

"မောင် ... မောင်ရင်က"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီး ...

"ဟုတ်ပါတယ်၊ ဦးလေးရဲ့သမီးနဲ့အတူ ဗီဒီယိုဖိုင်ထဲမှာ တွေ့ခဲ့တာ ကျွန်တော်ပါ"

အဘိုးကြီး မှတ်မိသွားပုံပဲ။ တစ်ဆက်တည်း ပြန်မေးလာတယ်။

"နေစမ်းပါဦးကွ ... ခု မောင်ရင်က ဘာကိစ္စနဲ့ အိမ်ထဲအထိ ကျူးကျော်ဝင်လာတာလဲ"

ရဲဟောင်းဆိုတော့ ရဲစကား အရင်ပြောတယ်။ ကျွန်တော်ကလည်း အရပ်သားစကား ပြန်ပြောလိုက်တယ်။

"ကျွန်တော် ကျူးကျော်တာက အသက်မရှိတဲ့ ဦးလေးတို့ရဲ့ အိမ်ခြံဝင်းထဲကိုပါ။ ဦးလေးသမီး ကျူးကျော်ခဲ့တာက အသက်ရှိတဲ့ နှလုံးသားရှိတဲ့ ကျွန်တော့်ဘဝထဲကိုဗျ"

"သစ်ဦး"

ယိမ်းနွဲ့က လှမ်းအော်တယ်။ ကျွန်တော်က ယိမ်းနွဲ့ကို ခပ်မဲ့မဲ့စိမ်း တစ်ချက်ကြည့်လိုက်ပြီးမှ အဘိုးကြီးဆီ ပြန်ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးတို့သားအဖ ဘယ်လိုတွေ ဆုံးဖြတ်ပြီး ဘယ်လိုတွေပဲ စီစဉ်စီစဉ် ဦးလေးတို့ကစားပွဲမှာ ကျွန်တော် မပါနိုင်ဘူး။ အိုဗျာ . . . နောက်ဆုံး ဦးလေးက ကျွန်တော့်အရည်အချင်းကို အသိအမှတ်ပြုပြီး ကျွန်တော်နဲ့ဆို သဘောတူမယ်၊ ဦးလေးသမီးကလည်း ကျွန်တော့်ကို နှစ်သက်ပြီး လက်ထပ်မယ်ဆိုရင်တောင် ကျွန်တော့်ဘက်က စိတ်မဝင်စားဘူးဆိုတာ လာပြောတာပါ၊ ဒါပါပဲ"

ပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့တယ်။ စိတ်ထဲက စီစဉ်ထားတဲ့အတိုင်း ကွက်တိပြောလိုက်နိုင်လို့ ကျွန်တော့်ရင်ထဲ ပေါ့ပြီး ကျေနပ်သွားတယ်။

BURMESE CLASSIC

တစ်ခုပဲ။ ကျွန်တော့်ဘက်က မှောက်ထားတဲ့ဖဲချပ်ကို ယိမ်းနွဲ့လှန်ကြည့်ဖို့ လိုပါလိမ့်မယ်။

ဒါပါပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သစ်ဦး ... ငါ ယိမ်းနွဲ့ပါ"

စခေါ်လိုက်ကတည်းက လှည့်မကြည့်ဘဲ သူမှန်း ကျွန်တော် သိနေပါတယ်။ သူ့ကိုယ်သင်းရနံ့လေးကအစ ကျွန်တော့် အလွတ်ရနေတယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ။

ဒါပေမဲ့ ... ကျွန်တော်လှည့်မကြည့်ဘဲ ကန်ရေပြင်ဆီကိုပဲ မျက်နှာမူထားသေးတယ်။ ကျွန်တော် ဒီမှာရှိနေမယ်ဆိုတာကို သူ ဘယ်လိုသိလဲ။ နုနုခိုင်ဆီကနေ ဖားကြီးတို့ဆီရောက်ပြီး သိမှာပေါ့။

"ဘာပြောစရာ ကျန်သေးလို့လဲ ယိမ်းနွဲ့"

ကျွန်တော် လှည့်မကြည့်ဘဲ မေးလိုက်တယ်။ သူ စိတ်ညှိုးနည်းတိုနေတဲ့အသံနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com

“နင်ဟာ ငါ့အိမ်အထိလာပြီး နင်ပြောချင်တာတွေပဲ ဘာလို့ ပြောသွားတာလဲ၊ ငါ့ဆီတော့ ဖုန်းကြိုဆက်တာ မဟုတ်ဘူး”

“ဖုန်းဆက်တော့ကော ဘာထူးမှာလဲ”

သူ့ဘက်ကအသံ ခဏတိတ်သွားတယ်။ ပြီးမှ ...

“အာ ... ထူးတာပေါ့၊ ငါ ... ငါက ... အဲဒီအချိန်မှာ ဖေဖေ့ သဘောတူတဲ့လူနဲ့ မယူနိုင်ကြောင်း၊ နင်ဟာ ငါ့ချစ်သူဖြစ်ကြောင်း၊ နင့်ကိုပဲ လက်ထပ်မယ်ဆိုတဲ့အကြောင်း ပြောနေတာ”

“ဟာ”

ကျွန်တော် စိတ်ထဲက ရေရွတ်လိုက်တာပါ။ လူတောင် မိုးပေါ် ပျံတက်သွားမလား ခံစားလိုက်ရတယ်။

ချက်ချင်းပဲ သူ့ဘက်ကို လှည့်လိုက်ပြီး ...

“ယိမ်းနွဲ့ ... နင် ... နင် ... တကယ် ... ပြောတာလားဟင်။ အဲဆို”

သူ့မျက်နှာလေးဟာ ရှက်ရိပ်ရှက်ရောင်တွေနဲ့ နီထွေးနေပေမယ့် မျက်နှာအထားရခက်နေတဲ့ပုံစံလေးနဲ့ ပြန်ကြည့်လာပြီး ...

“ဟုတ်တယ် ... ဖေဖေကလည်း သဘောတူလက်ခံနေပြီ၊ အဲဒီ အချိန်မှာ နင်က ဝင်လာပြီး ပြောချင်တာတွေ စွတ်ပြောတော့ ပြီးရောပေါ့။ သွားပြီ”

ကျွန်တော် ခပ်မြန်မြန်စဉ်းစားလိုက်ပြီး ...

“ဟာ ... မသွားပါဘူး၊ ငါ့ဘက်က ဖြေရှင်းစရာ ရှိပါသေးတယ်”

“ဟင် ... ဘယ်လိုဖြေရှင်းမှာလဲ”


www.burmeseclassic.com

www.burmeseclassic.com


"ဩော် ... အဲဒီလို ငါလာပြောတာဟာ နင်နဲ့ပေါင်းရဖို့အတွက် ယတြာချေတာဆိုပြီးပေါ့၊ ဘယ်လိုလဲ"

"ဟဲ့ ... နင့်စကားကြီးကလည်း မနိုင်လုံလိုက်တာ"

"အဲဒါဆိုလည်း နိုင်လုံတဲ့ယတြာချေပြီးမှ နင့်အဖေဆီကို သွားပြောမယ်လေ"

"ဘယ်လိုယတြာမျိုးလဲ"

"တစ်ဘဝစာ ပြည့်စုံမယ့်ယတြာပေါ့။ နင်နဲ့ငါ ခုပဲ တရားရုံးမှာ လက်မှတ်သွားထိုးမယ်လေ။ အဲဒီယတြာပေါ့"

"ဟဲ့"

"မဟဲ့နဲ့လေ ... လက်မှတ်ထိုးပြီးရင် အရေးတကြီး လုပ်စရာရှိသေးတယ်ဟ"

"နင်နော် ... မယုတ်မာနဲ့ သစ်ဦး"

"အတည်ပြောတာပါဟ၊ လက်မှတ်ထိုးပြီးရင် နင့်ကိုငါ ချစ်တယ်ဆိုတဲ့အကြောင်း ပရိုပိုစ်လုပ်ရဦးမယ်လေ ... ခွေးမလေးရဲ့"

"ဟဲ့"

ရေရွတ်ရင်း ကျွန်တော့်ကို လှမ်းရိုက်လိုက်တဲ့အရှိန်ကြောင့် ရှေ့ကကန်ရေပြင်မှာတောင် ဝဲဂယက်တွေထသွားလေရဲ့။

လေးစားစွာ

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း (၃) ရက်၊ တနင်္လာနေ့

မွန်းလွဲ ၃ နာရီ ၇ မိနစ်။

ခုနှစ်စဥ်ကြယ်စာပေ